**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


### ဘုရားရှင်အဆုံးအမ

မကောင်းမှုဟူသမျှကို မပြုရာ၊ ကုသိုလ်နှင့် ပြည့်စုံ စေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော် ပေတည်း။

**ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၁၈၃)**


၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် တနင်္ဂနွေနေ့ | 22, Sunday May 2016 | (၈၅၆၉)


# အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေးတွင် ဆိုချီကြေညာချက်တစ်စောင် ထုတ်ပြန်

**မော်စကို မေ ၂၁**

နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် ဆိုချီကြေညာချက်တစ်စောင်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ် Comprehensive Plan Of Action (၂၀၁၆-၂၀၂၀) ကို ထုတ်ပြန်ခဲ့သည်။

ဆိုချီကြေညာချက်တွင် မိတ်ဖက်ဆက်ဆံရေး တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ လက်ရှိပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သည့် အရှေ့အာရှထိပ်သီးညီလာခံ၊ အာဆီယံဒေသတွင်းဖိုရမ်၊ အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးစသည့် အာဆီယံဦးဆောင်သော လုပ်ငန်းစဉ်များအပေါ် ထိတွေ့ဆောင်ရွက်မှုတိုးမြှင့်သွားရန်တို့ ပါဝင်သည်။

နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွင် အရှေ့တောင်အာရှချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသော နိုင်ငံတကာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအပေါ် လက်ခံလိုက်နာမှုအတွက် ကတိကဝတ်ပြုကြောင်း၊ အာဆီယံ ၂၀၁၅ ရည်မှန်းချက် အကောင်အထည်ဖော်မှုဆိုင်ရာ အပါအဝင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ထောက်ခံသွားရန်၊ အာရှပစိဖိတ်ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်မှုများအတွက် ရုရှားနိုင်ငံ၏ အခန်းကဏ္ဍကို ကြိုဆိုကြောင်း၊ အရှေ့တောင်အာရှဒေသ နျူကလီးယားလက်နက် ကင်းဝေးစေရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော အားထုတ်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်


**စာမျက်နှာ ၃ ကော်လံ ၁ သို့**




ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ ဆိုချီမြို့ရှိ ဆိုချီအိုလံပစ်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (ဓာတ်ပုံ - ပြန်/ဆက်)


[သတင်း၊ စာမျက်နှာ - ၃]




## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

### ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍ ရက် ၁၀၀ အတွင်း ဘာတွေဖော်ဆောင်မလဲ


စာမျက်နှာ
၁၆
၁၇
၁၈





## ကြေးမုံ

# ရုရှား-အာဆီယံ ဆက်ဆံရေး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ မေ ၁၉ ရက်မှ ၂၀ ရက်အထိ အာဆီယံ-ရုရှားဆွေးနွေးဖက် ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အခြားအာဆီယံခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် သမ္မတဦးထင်ကျော်တို့ သီးခြားတွေ့ဆုံပြီး မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နီးနီးကပ်ကပ်ဖြင့် ဆက်လက်မြှင့်တင်ဖော်ဆောင်ရေးဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးမှုများတွင် ယဉ်ကျေးမှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်သူအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံခွင့်ရရှိအောင် ဖော်ဆောင်ရေးကိစ္စရပ်များကို အထူးအလေးထားဆွေးနွေးခဲ့ကြသည်။ သမ္မတဦးထင်ကျော်၏ စုံညီအစည်းအဝေးဆွေးနွေးချက်တွင်လည်း အခြားသော စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများအပြင် ရုရှားနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း စွမ်းအင်နှင့် အစားအသောက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တွေ့မြင်လိုပါကြောင်း ပြောကြားခဲ့သည်။

အာဆီယံခေါ် အရှေ့တောင်အာရှနိုင်ငံများအသင်းကို ၁၉၆၇ ခုနှစ်က ဒေသတွင်းရှိ ကွန်မြူနစ်မဟုတ်သော နိုင်ငံငါးနိုင်ငံ(ထိုင်းနိုင်ငံ၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်) တို့က ထူထောင်ခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က ကမ္ဘာ့နိုင်ငံရေးအခြေအနေတွင် တရုတ်ပြည်နှင့် ယဉ်ကျေးမှုတော်လှန်ရေးက ဒေသတွင်းနိုင်ငံများရှိ ကွန်မြူနစ်လှုပ်ရှားမှုများကို ထောက်ပံ့ကူညီနေခြင်းနှင့် အမေရိကန်က အရှေ့တောင်အာရှနိုင်ငံများအား စွန့်ခွာသွားနိုင်မှုအပေါ် စိုးရိမ်ရာမှ ဤအသင်းကြီးကို စတင်ထူထောင်ခဲ့ကြခြင်းဖြစ်သည်။ အာဆီယံအနေဖြင့် ပို့ကုန်ဦးတည်သောလုပ်ငန်းများထူထောင်ခြင်း သက်သာသောလုပ်အားခ၊ ဂျပန်အရင်းအနှီးနှင့် ပွင့်လင်းသော အနောက်တိုင်းဈေးကွက်တို့ကို အမှီပြုရာ ကြီးမားသော အောင်မြင်မှုကို ရရှိခဲ့သည်။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်ကာလများက ထိုင်းနိုင်ငံသည် ကမ္ဘာ့ GDP ဖွံ့ဖြိုးတိုးတက်ဆုံးနိုင်ငံ ဖြစ်ခဲ့သည်။

နောက်ပိုင်းတွင် မြန်မာအပါအဝင် ငါးနိုင်ငံကို လက်ခံခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံဖြစ်လာခဲ့သည်။ စုစုပေါင်း လူဦးရေ သန်း ၆၃၀ ကျော်ရှိလာသော အာဆီယံသည် စီးပွားရေးအရ သယံဇာတနှင့် လူသားအရင်းအမြစ်များအရ ကမ္ဘာကအလေးထားလာရသောဒေသတွင်း အဖွဲ့အစည်းဖြစ်လာသည်။ ပြီးခဲ့သည့်နှစ်က အမျိုးသားထုတ်ကုန် ဒေါ်လာ တစ်ဘီလီယံကျော်ရှိလာသော အင်ဒိုနီးရှားနှင့် လူတစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၅၄၀၀၀ ကျော်ရှိသော စင်ကာပူနိုင်ငံတို့ပါဝင်နေသည့် အာဆီယံသည် အနာဂတ်တွင် ပိုမို၍ဩဇာရှိလာမည်ဟု ခန့်မှန်းကြသည်။

အာဆီယံ၏အားနည်းချက်အဖြစ် အာဆီယံအတွင်းရေးမှူးအဖွဲ့အင်အားသည် ဥရောပကော်မရှင်နှင့်စာလျှင် ဆယ်ပုံ တစ်ပုံလောက်အထိ နည်းပါးနေခြင်း၊ အာဖရိကယူနီယံထက်ပင် နည်းပါးခြင်း၊ အာဆီယံအတွင်း ငြိမ်းချမ်းရေးထိန်းသိမ်းမှုအင်အားစုများ ဖွဲ့စည်းမထားရှိခြင်း၊ လူ့အခွင့်အရေးကာကွယ်ရေးအတွက် ခိုင်မာသော ယန္တရားမရှိခြင်းနှင့် အာဆီယံထိပ်တန်းခေါင်းဆောင်များ၏ နိုင်ငံတကာမီဒီယာတွင် ဆွဲဆောင်မှုနည်းပါးနေခြင်းစသည်များကို ထောက်ပြကြခြင်းလည်း ရှိပါသည်။

မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားတို့သည် အာဆီယံဆယ်နိုင်ငံအတွင်း ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသော်လည်း ပြီးခဲ့သည့်နှစ်က မြန်မာသည် အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ယခုအစိုးရသစ်လက်ထက် နိုင်ငံတော်သမ္မတကို အာဆီယံခေါင်းဆောင်များကြား ခန့်ခန့်ညားညားတွေ့ရသည်မှာလည်း ဂုဏ်ယူဖွယ်ပင်ဖြစ်ပါသည်။

သမ္မတက မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်သွားနိုင်ခြင်းအပေါ်တွင် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အာဆီယံနှင့် ရုရှားကြား ဆက်ဆံရေးဆက်လက်ရှင်သန်တိုးမြှင့်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုထိပ်သီးအစည်းအဝေးမှ ဆိုချီကြေညာချက်တစ်ရပ်ထုတ်ပြန်နိုင်ခြင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသွားသည်။ ထိုကြေညာချက်ပါ နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံသည် အခြားအာဆီယံနိုင်ငံများနှင့်အတူယှဉ်တွဲ၍ အကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# National Spatial Data Infrastructure - NSDI
# စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီ ပဉ္စမအကြိမ်စည်းဝေး

**နေပြည်တော် မေ ၂၁**

ပညာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့မှ ကြီးမှူးပြီး ဂျပန်နိုင်ငံ Center of the International Cooperation for Computerization - CICC ဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော National Spatial Data Infrastructure - NSDI စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်၍ အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် NSDI စနစ်သည် ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်မည့် စီမံကိန်းများအချင်းချင်း အကြား မူဝါဒညှိနှိုင်းဖော်ထုတ်နိုင်ရန် လိုအပ်သော သတင်းအချက်အလက် စီးဆင်းမှု လွယ်ကူချောမွေ့စေမည့် Platform အဖြစ် ဆောင်ရွက်ပေးနိုင်ရန်အတွက် ဖော်ဆောင်သည့် စနစ်ဖြစ်ရာ NSDI ကော်မတီက ချမှတ်ထိန်းသိမ်းပေးမည့် Data Sharing မူဝါဒများနှင့်အညီ အစိုးရဝန်ကြီးဌာနအသီးသီးသာမက တိုင်းဒေသကြီး အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများကပါ လိုအပ်သောအချက်အလက်များကို ရယူအသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ NSDI စနစ်တွင် Data Infrastructure သည် အစိတ်အပိုင်းတစ်ခုသာလျှင်ဖြစ်ပြီး စနစ်တစ်ခုလုံး ချောမွေ့စွာ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ကော်မတီက ချမှတ်ပေးမည့် Data Sharing မူဝါဒများစသည့် အခြားအစိတ်အပိုင်းများစွာလည်း လိုအပ်မည်ဖြစ်သောကြောင့် ဝန်ကြီးဌာနများအကြား သတင်းအချက်အလက်စီးဆင်းမှု၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးသည် အထူးအရေးပါ လိုအပ်လျက်ရှိသဖြင့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (Ministry of Economy, Trade and Industry - METI) မှ တာဝန်ရှိသူ Mr. Yutaka Endow က အမှာစကားပြောကြားပြီး ပညာရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်စွာစိုးက ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း NSDI စီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ NSDI Office တည်ထောင်ဖွင့်လှစ်နိုင်ရေး အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော NSDI စီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီများ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ METI နှင့် CICC တို့မှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၁-၅-၂၀၁၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂)၊ ပထမကော်လံ၊ ဒုတိယပိုဒ်၊ အမှတ်စဉ်(၄)တွင် "မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓဟူး)နေ့"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

**(စာတည်း)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror - ၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ... ဖက်စ် ...
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ...
မန္တလေး ... ၊ မြစ်ကြီးနား ... ၊ ကျောက်ဖြူ ... ၊ ဖက်စ် ...

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ ဆိုချီနှင့် မော်စကိုမြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

**မော်စကို မေ ၂၁**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့မှ မော်စကိုမြို့သို့ ရောက်ရှိကြသည်။

မော်စကိုမြို့၌ နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပညာတော်သင်ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပြီး မော်စကိုမြို့၏ အထင်ကရနေရာများဖြစ်သည့် အနုပညာလမ်း (အာရဘတ်လမ်း) ကရင်မလင်နန်းတော်နှင့် ရင်ပြင်နီနိုင်ငံတော် ယဉ်ကျေးမှုပြဇာတ်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မေ ၂၀ ရက် ညနေပိုင်းက ဆိုချီမြို့ရှိ ဆိုချီငါးပြတိုက်သို့ သွားရောက်ပြီး ငါးမျိုးစိတ်များအား ပြခန်း၊ ပြကွက်အလိုက် စိတ်ဝင်စားဖွယ် ခေတ်မီနည်းစနစ်များအသုံးပြု၍ ပြသထားမှုအခြေအနေများကိုလည်းကောင်း၊ ဆိုချီအိုလံပစ်ဥယျာဉ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်စကိုမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယု၊ စစ်သံမှူးဗိုလ်မှူးချုပ်ဝင်းမောင်နှင့် သံရုံးမိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးအပြီးတွင် ဆိုချီကြေညာချက်တစ်စောင်နှင့် Comprehensive Plan Of Action (2016-2020) ကို ထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆိုချီငါးပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။ (ဓာတ်ပုံ -ပြန်/ဆက်)

**ရှေ့ဖုံးမှ**

အကြမ်းဖက်ဆောင်ရွက်မှုများ တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန်၊ ဆိုက်ဘာရာဇဝတ်၊ နိုင်ငံတကာငွေကြေးရာဇဝတ်မှု၊ ငွေကြေးခဝါချခြင်း၊ လက်နက်မှောင်ခိုခြင်း၊ ပင်လယ်ဓားပြကိစ္စရပ်များ၊ တရားမဝင်ပြောင်းရွှေ့ခြင်းများ၊ လူကုန်ကူးမှုကိစ္စရပ်များအပါအဝင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများအား တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်တို့ပါဝင်သည်။

ထို့ပြင် အဆိုပါကြေညာချက်၌ ကုန်သွယ်မှုဆိုင်ရာအတွက် လေကြောင်းနှင့် ရေကြောင်းဆိုင်ရာ လွတ်လပ်စွာသွားလာခွင့်၊ ရေကြောင်း လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တူညီဆန္ဒအပေါ် အခြေခံ၍ တောင်တရုတ်ပင်လယ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောလျင်စွာပြီးစီးရေးနှင့် DOC အား အပြည့်အဝနှင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အရှေ့အာရှ ထိပ်သီးညီလာခံ၏အခန်းကဏ္ဍ ပိုမိုတိုးတက်စေရေး၊ G 20, AWEM , APEC, UN စသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့လည်း ပါဝင်သည်။

ထို့အတူ **စီးပွားရေးပူးပေါင်းဆောင်ရွက်မှု**တွင် အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် AEC လမ်းပြမြေပုံ ၂၀၂၅ အပေါ် ထောက်ခံမှုပြုခြင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း SCO နှင့် EAEU ၊ အာဆီယံတို့အကြား အပြန်အလှန်အကျိုးရှိစေမည့် ဖြစ်နိုင်ခြေရှိသော ပူးပေါင်းဆောင်ရွက်မှုများရှာဖွေခြင်း၊ ဒေသတွင်း ငွေကြေးနှင့် စီးပွားရေးဆိုင်ရာအခက်အခဲများကို တုံ့ပြန်နိုင်ရန်အတွက် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တစ်ရပ် တည်ထောင်ခြင်း၊ နိုင်ငံတကာငွေကြေးစနစ်ပြုပြင်ပြောင်းလဲမှုများ အားပေးခြင်း၊ နိုင်ငံတကာကုန်သွယ်မှုစည်းမျဉ်းဥပဒေများ သတ်မှတ်ဖြစ်ပေါ်ရေးအတွက် အားပေးခြင်း၊ ပုံမှန်ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်း၊ အာဆီယံနိုင်ငံများနှင့် ရုရှားနိုင်ငံအကြား ကုန်သွယ်မှုပမာဏတိုးမြှင့်စေရေး ဆောင်ရွက်ခြင်း၊ အာဆီယံနှင့် EAEU အကြား လွတ်လပ်သောကုန်သွယ်ရေးဒေသ ဖော်ဆောင်နိုင်မည့် အလားအလာအတွက် ရုရှားနိုင်ငံမှ အဆိုပြုချက်တစ်ရပ် တင်ပြရန်ရှိခြင်း၊ ရေကြောင်း၊ ရထားပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ရေကြောင်းဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း၊ အပြန်အလှန်ကုန်သွယ်မှုနှင့် စီးပွားရေးအတွက် Electronic Commerce ပူးပေါင်းဆောင်ရွက်ရေး အလားအလာများလေ့လာခြင်း၊ စွမ်းအင်ဆိုင်ရာဖူလုံခြင်း ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲလောင်စာ၊ နျူကလီးယားစွမ်းအင်၊ လျှပ်စစ်စွမ်းအင်၊ လောင်စာနှင့် သဘာဝဓာတ်ငွေ့များတွင် ပူးပေါင်းဆောင်ရွက်သွားရန်၊ သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်၊ တရားမဝင်သတင်းဖော်ပြခြင်းမရှိသည့် ပုံမှန်မဟုတ်သော ငါးဖမ်းသည့်ကိစ္စရပ်များအပေါ် ဖြေရှင်းသွားရန်၊ ရေကြောင်းဆိုင်ရာစီးပွားရေး(Maritime Economy) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးသွားရန်၊ တက္ကသိုလ်များ၊ သုတေသနဆိုင်ရာ စင်တာများအကြား အပြန်အလှန်ထိတွေ့မှုများ တိုးမြှင့်ခြင်းကို အားပေးသွားရန်၊ အာကာသပညာနှင့် ဆေးပညာတို့တွင် နည်းပညာနှင့် သိပ္ပံပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်၊ ပူးတွဲသုတေသနနှင့် နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများ ရှာဖွေသွားရန် Public-Private-Partnership(PPP) မှတစ်ဆင့် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ပူးပေါင်းဆက်သွယ်မှုကို အားပေးသွားရန်၊ အာဆီယံ-ရုရှား စီးပွားရေးကောင်စီမှတစ်ဆင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ ထိတွေ့မှုမြှင့်တင်သွားရန်၊ ကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့မှုများနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရန်၊ အများပြည်သူအနေဖြင့် ငွေကြေးဆိုင်ရာသိရှိနားလည်မှုများ အသိပညာမြှင့်တင်ပေးရန်၊ အာဆီယံနှင့် ရုရှားအကြား အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် ငွေကြေးဆိုင်ရာထောက်ပံ့ခြင်းအတွက် ဖြစ်နိုင်သည့်နည်းလမ်းများ ရှာဖွေသွားရန်တို့ကို အစည်းအဝေးတက်ရောက်သူများက သဘောတူခဲ့ကြသည်။

ထို့ပြင် **လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု**တွင် ၂၀၁၆ ခုနှစ်ကို အာဆီယံ-ရုရှားယဉ်ကျေးမှုနှစ်အဖြစ် သတ်မှတ်အကောင်အထည်ဖော်သွားရန်၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများဖြင့် ပြည်သူအချင်းချင်း ပညာရေးဆိုင်ရာမြှင့်တင်မှုများဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာပြပွဲများ၊ ပွဲတော်များ၊ အပြန်အလှန်ခရီးစဉ်မှတစ်ဆင့် ကွဲပြားခြားနားသော ယဉ်ကျေးမှုဆိုင်ရာအစဉ်အလာ၊ သမိုင်းကြောင်း၊ အမွေအနှစ်များအပေါ် သိရှိနားလည်ပြီး တန်ဖိုးထားသည့် အစဉ်အလာကို မြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် UN Convention on Climate Change အောက်တွင်ရှိသော ပဲရစ်သဘောတူညီချက်အား အတည်ပြုခြင်းကို ကြိုဆိုခြင်း၊ သက်ဆိုင်ရာနိုင်ငံနှင့် ဒေသတွင်းစီမံခန့်ခွဲမှုစင်တာများမှတစ်ဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများ၊ မသန်မစွမ်းပုဂ္ဂိုလ်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို မြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဖြင့် လူသားဘဝ သာယာစိုပြည်ရေးမြှင့်တင်ပေးသွားခြင်း၊ မော်စကိုမြို့ နိုင်ငံတကာဆက်ဆံရေး တက္ကသိုလ်တွင် အာဆီယံစင်တာဖွင့်လှစ်၍ နှစ်ဖက်ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်း၊ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အပြန်အလှန်ခရီးစဉ်များတိုးမြှင့်ခြင်းတို့ ပါဝင်သည်။

**ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုနည်းပါးစေရေးနှင့် ပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု**တွင် ဖွံ့ဖြိုးတိုးတက်မှု ကာကွယ်မှုနည်းပါးစေရေးနှင့် ပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ (IAI -Initiative for ASEAN Integration) အပါအဝင် အာဆီယံမှ အကောင်အထည်ဖော်လျက်ရှိသော အစီအစဉ်များအပေါ် ရုရှားနိုင်ငံ၏ ကူညီအားပေးမှုကိုကြိုဆိုခြင်း၊ အာဆီယံဆက်သွယ်မှုဆိုင်ရာ မဟာစီမံကိန်းနှင့်အညီ အာဆီယံပေါင်းစည်းဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ခြင်း၊ အကောင်အထည်ဖော်ရေးအပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သတ်မှတ်တာဝန်ပေးသွားရန် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို နှစ်စဉ်ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံ-ရုရှား CPA အတည်ပြုခြင်းကို ကြိုဆိုခြင်းနှင့် သင့်လျော်သည့် လုပ်ငန်းစဉ်မှတစ်ဆင့် အကောင်အထည်ဖော်ခြင်းများကို ဝန်ကြီးဌာနများမှ ကြီးကြပ်နိုင်ရန်အတွက် တာဝန်သတ်မှတ်ခြင်း၊ အာဆီယံ-ရုရှား မိတ်ဖက်ဆက်ဆံရေး ရန်ပုံငွေလုံလောက်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များ သတ်မှတ်ဆောင်ရွက်သွားရန်တို့ ပါဝင်သည်။

အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ် (Comprehensive Plan Of Action-2016-2020)တွင် ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် အကောင်အထည်ဖော်ရန် နည်းလမ်းများ ပါဝင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

**ရန်ကုန် မေ ၂၁**

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ် (Service-Oriented Policing)ဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းနှင့် တာဝန်ရှိသူများ၊ NGO, INGO များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းက ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဒီမိုကရေစီရဲလုပ်ငန်းကို အကောင်အထည်ဖော်ရန်အတွက် ထိန်းချုပ်ရေးကိုရှေးရှုသော ချဉ်းကပ်မှုမှ ဝန်ဆောင်မှုကိုရှေးရှုသော ချဉ်းကပ်မှုသို့ပြောင်းလဲရန် လိုအပ်သည်။ လူ့အဖွဲ့အစည်းအတွင်းရှိ ပြဿနာများအား ဖော်ထုတ်သိရှိနိုင်ရန်နှင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် ပြည်သူလူထုနှင့် ရဲတပ်ဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ ဝန်ဆောင်မှုကိုရှေးရှုသောစနစ်ကို အထောက်အကူပြုစေရန် ကောင်းမွန်သော အုပ်ချုပ်မှုနှင့် တာဝန်ယူမှုဆိုင်ရာ သံန္နိဋ္ဌာန်နှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးမှုကို လေးစားလိုက်နာခြင်း၊ လူ့အခွင့်အရေးကို လေးစားခြင်း၊ တပ်ဖွဲ့တွင်းနှင့် တပ်ဖွဲ့ပြင်ပတို့တွင် တာဝန်ယူမှု၊ တာဝန်ခံနိုင်မှုရှိရန် လိုအပ်သည်။ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာမှတစ်ဆင့် ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည်။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကိုယ်ချင်းစာစိတ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက အလိုအလျောက်ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်မည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဝင်းနိုင်က ရက် ၁၀၀ စီမံချက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့များမှ ရဲအရာရှိကြီးများနှင့် ရဲအရာရှိများ၊ အခြားအဆင့်တပ်ဖွဲ့ဝင် အင်အား ၂၅၀ နှင့်တွေ့ဆုံပြီး အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် ရဲချုပ်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဖွင့်လှစ်လျက်ရှိသည့် ကိုယ်လုံပညာနှင့် ဖမ်းဆီးနည်းပညာရပ်သင်တန်းမှ သင်တန်းသား သင်တန်းသူများ၏ လက်တွေ့သရုပ်ပြမှုအစီအစဉ်ကိုကြည့်ရှုပြီး ငွေကျပ်သုံးသိန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

◆

# ဆဋ္ဌသင်္ဂါယနာ နှစ်(၆၀)ပြည့်နှင့် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော်　မေ　၂၁**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ သာသနာတော်နှစ် ၂၅၆၀ ပြည့်နှစ် ယနေ့တွင် ကျရောက်သော ကဆုန်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရားရှင် ဖွားဒိတ်တော်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်သည့်အပြင် ယနေ့ ကဆုန်လပြည့်နေ့သည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲကြီး၏ နှစ်(၆၀) ပြည့်သည့်နေ့လည်းဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ဇေယျာသီရိကုန်တိုက်ရှေ့ရှိ လောကချမ်းသာဆုတောင်းပြည့်အသင်း ဘုရားကြီးတွင် မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်းပူဇော်ကြပြီး(ယာပုံ) အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ခဲ့ကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲကြီး၏ နှစ်(၆၀) ပြည့်အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) ရုံး/ဌာနများမှ မိသားစုဝင်များ၏ ဘုရားအနေကဇာတင်အလှူတော်မင်္ဂလာအခမ်းအနားကို နံနက်ပိုင်းတွင် နဝဒေးခန်းမ၌ ပြုလုပ်ရာ ကန်ဦးပရိယတ္တိစာသင်တိုက်ဆရာတော် သာသနဇဓမ္မာစရိယ မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဗုဒ္ဓရုပ်ပွားတော် ၄၁၄ ဆူအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်ဝင်းသိန်း အမှူးပြုသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူကြကာ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(မြဝတီ)**

❑



## မောင်တောမြို့နယ်၌ လေတိုက်ခတ်မှုအနည်းငယ်သာရှိပြီး ထိခိုက်ပျက်စီးမှုမရှိ

**နေပြည်တော်　မေ　၂၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေ စစ်တကောင်းကို စတင်ဝင်ရောက်လျက်ရှိသည့် ဆိုင်ကလုန်းမုန်တိုင်း ရွှန်နူ(Roanu)ကြောင့် မောင်တောမြို့နယ်တွင် ယနေ့ညပိုင်းအထိ မုန်တိုင်း၏ရှေ့ပြေးလက္ခဏာများဖြစ်သည့် လေတိုက်ခတ်မှုအနည်းငယ်သာရှိပြီး ထိခိုက်ပျက်စီးမှုမရှိကြောင်း မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်မှူး ဦးရဲထွဋ်က "ဒီနေ့မနက် ၉ နာရီလောက်ကတော့ လေတိုက်တာ နည်းနည်းရှိတယ်။ ထိခိုက်မှုမရှိပါဘူး။ မောင်တောမြို့တွင်းမှာတော့ လေတိုက်လို့ သစ်ကိုင်းခြောက်ကျိုးတာတွေ၊ သစ်ပင်ကိုင်းဖျား ကိုင်းနားလေးတွေ ကျိုးကျတာရှိပေမယ့် စည်ပင်သာယာကဝန်ထမ်းတွေနဲ့ ကျွန်တော်တို့ ရှင်းလင်းပြီးပါပြီ" ဟု ပြောသည်။

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ဆိုင်ကလုန်းမုန်တိုင်း ရွှန်နူနှင့်ပတ်သက်၍ "ဆိုင်ကလုန်းမုန်တိုင်း ရွှန်နူဟာ ကမ်းကိုမဖြတ်ကျော်မီ မုန်တိုင်းငယ်အဖြစ် အားလျော့ကျလာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စတင်ဖြတ်ကျော်နေပါပြီ။ လွန်ခဲ့တဲ့ ၆ နာရီကတော့ ကမ်းတစ်လျှောက် မုန်တိုင်းအဖြစ်နေခဲ့ပါတယ်။ မုန်တိုင်းက ကမ်းကို ဖြတ်ကျော်ပြီးတာနဲ့ နောက်ဆက်တွဲဖြစ်လာနိုင်သေးတာတွေရှိပါတယ်။ မုန်တိုင်းအကြွင်းအကျန်တွေဟာ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဆက်လက်ဖြတ်ကျော်နိုင်ပါသေးတယ်။ ညသန်းခေါင်ယံအထိ ဖြစ်နိုင်ပါတယ်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်လုံး မုတ်သုံလေတွေဝင်လာနေပါပြီ။ မုတ်သုံလေရဲ့ အရှိန်ကြောင့် မိုးတွေ၊ လေတွေ ဆက်ရှိနေပါလိမ့်ဦးမယ်"ဟု ၎င်း၏ လူမှုကွန်ရက် Facebook စာမျက်နှာတွင် ဖော်ပြထားသည်။

မောင်တောမြို့နယ်တွင် မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်မှုအနေဖြင့် ကျောက်ဖြူရေဒါစခန်းနှင့်ဆက်သွယ်၍ သတင်းအချက်အလက်များကိုရယူကာ မိုးလေဝသနှင့် ဇလဗေဒကြေညာချက်များကို နှစ်နာရီ တစ်ကြိမ် ထုတ်ပြန်ပေးလျက်ရှိသည်ဟု မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဦးရဲထွဋ်က "မောင်တောဆေးရုံမှာရှိတဲ့ လူနာ ၂၀ နဲ့ ဘူးသီးတောင်ဆေးရုံမှာရှိတဲ့ လူနာ ၁၃ ဦးတို့ကို ကျွန်တော်တို့ မနေ့ကတည်းက မောင်တောအထက(၁) နှစ်ထပ်ကျောင်းဆောင်ကို ရွှေ့ထားပြီးပါပြီ။ မုန်တိုင်းအရေးပေါ်ကြိုတင်ပြင်ဆင်မှုအနေနဲ့ အရေးပေါ်ရွှေ့ပြောင်းနိုင်ဖို့ကို ဘူးသီးတောင်၊ မောင်တောမြို့နယ်အလိုက် တစ်မြို့နယ်ကို ယာဉ်ကြီး ၁၀ စီးစီ စီစဉ်ထားပါတယ်။ အရေးပေါ်နေရာချထားဖို့အတွက်ကတော့ မောင်တောမှာရှိတဲ့ အလိုတော်ပြည့်ကျောင်းနဲ့ ဗဟိုဘုန်းကြီးကျောင်းတို့ကို ပြင်ထားတဲ့အပြင် အထက်တန်းကျောင်းတွေကိုလည်း နေထိုင်နိုင်ဖို့ ဆောင်ရွက်ထားပြီး လျှပ်စစ်မီးရရှိရေးအတွက်လည်း မီးလင်းစက်တွေ၊ စက်သုံးဆီတွေ အရန်သင့် ထားရှိပြီးဖြစ်ပါတယ်"ဟု ပြောသည်။

အရေးပေါ်ထောက်ပံ့ရေးအတွက် ဆန်၊ ဆီနှင့် တာပေါ်လင်စများအား စီစဉ်ထားရှိပေးပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)အနေဖြင့်လည်း မောင်တောနှင့် ဘူးသီးတောင်မြို့များပေါ်တွင် ယာယီတဲ အလုံး ၅၀ စီ အဆင့်သင့်ထားရှိပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ ပြည်တွင်းရေကြောင်းသွားလာရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း အထူးသတိပြု ရှောင်ရှားကြပါရန် အကြံပြုထားသည်။

**(ရဲခေါင်ညွန့်)**

## သတ်မှတ်နယ်မြေကျော်လွန်ဝင်ရောက်လာသည့် SSA(ဝမ်ဟိုင်း)အဖွဲ့နှင့် တပ်မတော်စစ်ကြောင်းများ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော်　မေ　၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကုန်းညှကျေးရွာ၊ တွန်ဆောက်ကျေးရွာ၊ ကျောက်မဲမြို့နယ် နောင်ကွမ်ကျေးရွာ၊ တိန်းလုံကျေးရွာများနှင့် လားရှိုးမြို့နယ် နမ္မဘောဒဒေသများသို့ ယခုလအတွင်း SSA (ဝမ်ဟိုင်း)အဖွဲ့မှ သတ်မှတ်နယ်မြေကျော်လွန်ဝင်ရောက်ကြောင်း နယ်မြေသတင်းများရရှိသဖြင့် တပ်မတော်စစ်ကြောင်းများက မိမိနယ်မြေအတွင်း ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ နယ်မြေရှင်းလင်းရာတွင် မေ ၅ ရက်မှ ၂၀ ရက်အတွင်း ပုံဝိုး-တောင်ခြေနယ်မြေနှင့် နမ်ပေါင်-နမ္မဘောဒနယ်မြေများတွင် စုစုပေါင်း ထိတွေ့တိုက်ပွဲ ၁၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့အလောင်း ခုနစ်လောင်း၊ လက်နက်ငယ် ကိုးလက်၊ ကျည်မျိုးစုံ ၁၁၂ တောင့်၊ ကျည်အိမ်မျိုးစုံ ၄၇ ခု၊ ယမ်းပျော့များ၊ ဒေသန္တရလုပ်မိုင်း လေးလုံး၊ ဆက်သွယ်ရေးစက် ရှစ်လုံးနှင့် အသုံးအဆောင်ပစ္စည်းများ၊ တရားမဝင်သစ်မျိုးစုံ ၁၀၅ တန်နှင့် သစ်တင်ယာဉ် ငါးစီးတို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ တပ်ရင်းမှူးတစ်ဦး အပါအဝင် အရာရှိ၊ စစ်သည်တချို့ အသက်စွန့်ခဲ့ရကာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး လက်နက် ၁၈ လက်နှင့် ခဲယမ်းတချို့ ဆုံးရှုံးခဲ့သည်။

SSA(ဝမ်ဟိုင်း) အဖွဲ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA တွင် ပါဝင်ဆွေးနွေး ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိသည့်အပြင် သတ်မှတ်ထားသည့်နယ်မြေများအား ကျော်လွန်၍ မြို့၊ ရွာအနီးအထိ ဝင်ရောက်ပြီး စခန်းပုန်းတည်ဆောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းနှင့် ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း စသည့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး ထိခိုက်ပျက်ပြားစေရန် လုပ်ဆောင်ခဲ့သည်။

အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သည် ၂၀၁၆ ခုနှစ် မတ်လနှင့် ဧပြီလအတွင်းကလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ တီးမားကျေးရွာ၊ မုံးပေါ်ကျေးရွာ၊ ပန်နားကျေးရွာများသို့ နယ်မြေကျော်လွန်ဝင်ရောက်ခဲ့ပြီး ပြည်ထောင်စုကားလမ်းမကြီးနှင့် မူဆယ်၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်မြို့များတွင် ဖောက်ခွဲဖျက်ဆီးရေး ပြုလုပ်မည်ဖြစ်ကြောင်း သတင်းအရ နယ်မြေခံ တပ်မတော် စစ်ကြောင်းများက လိုက်လံရှင်းလင်းခဲ့ရာ SSA (ဝမ်ဟိုင်း)အဖွဲ့ဝင် ၂၀ ဖမ်းဆီးရမိခဲ့ပြီး လက်နက်မျိုးစုံ ၄၉ လက်အပါအဝင် မိုင်းများ၊ လက်ပစ်ဗုံးများ၊ ကျည်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများစွာ ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ၂၀၁၆ ခုနှစ် ဧပြီလ သင်္ကြန်ကာလအတွင်း နောင်ချိုမြို့နယ်အတွင်းရှိ ဂန့်ကော်ကျေးရွာသို့ လက်နက်ကိုယ်စီဖြင့် ဝင်ရောက်လာပြီး အပြစ်မဲ့ရွာသားများအား ရိုက်နှက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဒိုးပင်ကျေးရွာတစ်ဝိုက်တွင် တရားမဝင်သစ်ခိုးထုတ်ခြင်းများ ပြုလုပ်ခဲ့ပြီး မေ ၁၆ ရက်ကလည်း ကျောက်မဲမြို့နယ် နောင်ပိန်ကျေးရွာအနီး မန္တလေး-လားရှိုးသွား ပြည်ထောင်စုကားလမ်းမကြီးအပေါ်၌ တပ်မတော်ယာဉ်တန်းအား အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲ၍ ချောင်းမြောင်းပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည်။




တပ်မတော်အနေဖြင့် တပ်မတော်ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ပါ အချက်အလက်များ ချိုးဖောက်လာပါက သတိပေးကန့်ကွက်ခြင်းနှင့် လိုက်နာမှုမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၃၄၁ ပါအတိုင်း ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ပုံဝိုး၊ တောင်ခြေ၊ တောင်ထိပ်နှင့် နမ္မဘောဒနယ်မြေများကို ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# “တို့ဘိုးဘွားတွေရဲ့ပုံတူ”

မင်းကိုနိုင်

ယောမြို့က ပြန်ခဲ့တယ်။

“ယောပြန်ဆရာ ဘယ်သူဘယ်ဝါ” တဲ့။ “ဧည့်သည်ကို ချစ်ခင်လျှင် ဖျာနှင့်ခွာမရ အထခက်အောင် ကျီစယ်တတ်တယ်” တဲ့။ ကြားဖူးနားဝတွေက ခရီးသွားအတွက်တော့ ကျိုးလန့်သလိုရှိနိုင်ပါသည်။

ယောနယ်သည် ထင်သလောက် ဂမ္ဘီရမဆန်ပါ။ ခေတ်အလျောက်ပြောင်းနေသော ဖက်ရှင်ရေစီးကြောင်းနောက် ယောနယ်ကလိုက်ပါမသွား။ အားလုံးနီးပါးသော မိန်းမပျို ငယ်ရွယ်လတ်ကြီးတို့မှာ ရိုးရာအတိုင်းသာဝတ်ဆင်လျက် အလုပ်ခွင် စာသင်မပျက်၊ နေ့စဉ်ဘဝထဲ ရှိနေပါသည်။ ဒီလိုဆိုလို့ ခေတ်ကိုမျက်ခြည်ပြတ် ကျန်ခဲ့ပြီဟုတော့ မမှတ်စေလိုပါ။ သူတို့က ဉာဏ်ပညာကိုတန်ဖိုးထား၊ စာပေကို နှစ်လိုသူများ။

ဂန့်ဂေါဆိုလျှင် နိုင်ငံ့ဝန်ထမ်းများအတွက် ရှားပါးစရိတ်၊ လမ်းပန်းဝေးလံ၍ အပိုဆောင်းပေးရသောဒေသဖြစ်သည့်တိုင် အင်တာနက်တော့ မိပါသည်။ အင်တာနက်ဆိုသော ပြတင်းမှအလင်းရောင်ဖြင့် ပြင်ပကမ္ဘာကို သူတို့ရှုမြင်သုံးသပ်သည်။ ပြတင်းမှဝင်လာသော အဆိပ်အတောက်ဆန်သည့်အရာများကိုတော့ သန့်စင်ဖယ်ရှားနိုင်စွမ်းသူများ ဖြစ်နေဆဲပါ။

×××××××

စာပေဟောပြောပွဲစချိန်မှာ မိုးသဲကြီးမဲကြီးရွာသည်။

ပွဲပျက်ပြီဟု စိတ်ဒုန်းဒုန်းချပြီးကာမှ မိုးတိတ်ရာတွင် ပွဲခင်းအလယ် ငုတ်တုတ်ကြီးတွေထိုင်နေသောပရိသတ်ကို တွေ့ရပါတော့သည်။ ပွဲစီစဉ်သူများက နောက်တစ်နေ့ပြန်ချိန်းမယ်။ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ အမိုးအကာရှိတဲ့နေရာ နေ့ဘက်ပြန်လုပ်ပေးမယ်ဆိုတာလည်းမရ။ “နေ့ဘက်ဆိုမအားဘူး။ အခုလိုလည်း မသေချာဘူး။ အခုသာပွဲစ တစ်ညလုံး နားထောင်မယ်”တဲ့။ ဒါနှင့်ပင် နားထောင်ရဲရင် ဟောရဲရမယ်မှတ်ယူကာ သန်းခေါင်တိုင်သည်အထိ အချီအချညီခဲ့ကြပါသည်။

ဒုတိယအကြိမ်မှာတော့ ယောနယ် ဆောမြို့သို့ ရောက်ခဲ့ပြန်သည်။ ထိုဒေသတစ်လျှောက် ကျွန်တော်စွဲလမ်းမိသောအချက်မှာ အနေရိုး၊ အစားရိုးခြင်းဟူသောအလှပေါ်တွင် ရှေးမြန်မာတို့၏ စိတ်ထားသင်္ကေတတစ်ခုကို ဒီနေ့အထိ ထိန်းသိမ်းထားနိုင်ခြင်းဟူသည့် တစ်ပွင့်ပန်းဖြင့် အယဉ်ဆင့်ပြခြင်းပင်ဖြစ်ပါသည်။

ရှေးက ကျွန်တော်တို့ဘိုးဘေးများသည် ခရီးသွားများထံမှ တည်းခိုစရာအခကြေးငွေယူသည့်စီးပွားမလုပ်သလို ရေလည်းရောင်းမစားခဲ့ကြပါ။ စာပေများတွင်ဖတ်ဖူးသည့် ဘေးပတ်ဝန်းကျင်က သမိုင်းကြောင်းကြီးသော နိုင်ငံများတွင် ထမင်းဆိုင်၊ ဟင်းဆိုင်နှင့် တွဲလျက်ဖြစ်စေ၊ သီးခြားဖြစ်စေ၊ Inn ဟုခေါ်နိုင်မည့် နားနေကွန်းခိုရာများလို အခကြေး ငွေဖြင့်ငှားရမ်းခြင်းမျိုး မြန်မာ့သမိုင်းတွင် မရှိခဲ့ပါ။

ယောနယ်အနှံ့ ဇရပ်အိုတွေက ခရီးသွားများအပေါ် မြန်မာတို့၏စိတ်ရင်းကိုပြခဲ့သလို ဇရပ်သစ်တွေဖြင့်လည်း ပြနေဆဲ။ မည်ကာမတ္တမဟုတ်။ အခုချိန်အထိ ခရီးသွားများ၊ ဈေးသည်များတည်းခိုခွင့် အခမဲ့ရနေဆဲ။ ရေအိုးစင်တွေကလည်း ဇရပ်တိုင်းတွင်သာမက အရိပ်ကောင်းရှိရာ သစ်ပင်အခြေများတွင် ရေကြည်အေးနှင့်ဧည့်ခံမြဲ။

ကမ္ဘာတစ်လွှားမှာ မိုတယ်၊အင်း၊ ဧည့်ရိပ်သာစီးပွားရှာမှုတွေ တွင်ကျယ်လာပေမယ့် ယောနယ်ကတော့ မြန်မာ့စိတ်ရင်းကိုဇရပ်၊ ရေအိုးစင်တွေဖြင့်သက်သေထူဆဲ။



×××××××

လောင်းရှည်တဲ့။

ကုန်းဘောင်ခေတ်နှောင်းမှာ ဘုရင့်မယ်တော်စားတဲ့မြို့။

မြင်ကွန်း၊ မြင်းခုန်တိုင်အရေးမှာ ဘုရင့်သစ္စာရှိဘက်တော်သားအဖြစ် ဓားချက်များ ထင်ကျန်ခဲ့သူစားတဲ့မြို့။ ပြီးတော့ ရာဇဝင်ထဲ အစိမ်းသက်သက်၊ ပေကပ်နေခဲ့တဲ့မြို့။

ကုန်းဘောင်ပဲလားမေးတော့ ပုဂံခေတ်လက်ရာအုတ်ဂူ စေတီတွေ။

အေဒီ ၁၁ ရာစု အုတ်ခွက်ဆင်းတုတွေထုတ်ပြတဲ့မြို့။

ပုဂံခေတ်က စစ်သားထောင်ချီစုပေးရတဲ့ ထောင်ပြု မြို့။

လောင်းလှေတွေရွှေ့တဲ့အရပ်မို့ လောင်းရွှေ့။ အဲဒီကနေရွေ့တော့ လောင်းရှည်လို့ခေါ်တဲ့မြို့။

ငှက်ခါးတောင်လိုက်ကာကို တွန်းအဖွင့်မှာ ပန်းချီပြခန်းလို တခမ်းတနားကြီးသွေးဆောင်ပုံက ရောင်စုံကားချပ်တွေ တန်းစီချိတ်ဆက်ထားသလို တချို့နေရာတွေမှာ ပုဂံမြို့ဟောင်း ပြန်ရောက်သလားထင်ရ။

ပန်းချီ----တစ်ချပ် ဆွဲချင်လျက်။

ကဗျာ----တစ်ပိုဒ် စပ်ချင်လျက်။

အက်ဆေး---တစ်ပုဒ် ရေးချင်လျက်။

လှေကားရင်း ဖိနပ်ချွတ်မှာတင် ရပ်ငေးမဝတဲ့မြို့။

မှတ်စုကြမ်းကို ချရေးလျက်မှ ကျွန်တော်ရောက်နေရာမြို့ကလေးကို ငေးမောမိသည်။ သီပေါမင်းရဲ့ မယ်တော်လောင်းရှည်မိဖုရား၊ နန်းတွင်းအရေးတော်ပုံကရခဲ့တဲ့ ဓားချက်နဲ့ထင်ရှားတဲ့ လောင်းရှည်စားမင်းကြီးစသဖြင့် ကျွန်တော်တို့ မှတ်မိရုံလောင်းရှည်။ အခုပြန်တွေ့ရတော့ ရာဇဝင်ခေတ်ဟောင်းထဲ ပြန်ရောက်သွားသည့်နှယ်။

×××××××

တောတောင်တွေကိုမှီပြီး စပါးကြီးသည်းခြေ၊ ဝံသည်းခြေ၊ ကျားစွယ်ကျားရေ၊ ပျားရည်တွေ ထွက်ခဲ့တဲ့မြို့။ အခုတော့ တောတွေပြုန်းချိန်မှာ မိရိုးဖလာတောင်ယာနှင့် လယ်လုပ်အသက်ဆက်နေရတဲ့မြို့။ ရှေးဟောင်းဘုရားတွေစိန်ပန်းနီတွေက ထီးမိုးလို့၊ အနီးဆုံး ဆောမြို့နှင့် ၁၂ မိုင်အကွာ ကားလမ်းပေါက်တာ မကြာသေး။ စိုက်ပျိုးရေးအခြေခံကို သစ်ဝါးအလုပ်နှင့်ရံထားရသည့် သူတို့အတွက် သဘာဝကမျက်နှာသာပေးသည်တော့ မဟုတ်ပါ။

တောင်ကျချောင်းရေဒဏ်

စိုက်ခင်းတွေ နှစ်စဉ်ခံရ

ဒီတာတမံ၊ ဒီချောင်းတွေကို ဒီလက်ချောင်း၊ ဒီလက်မောင်းတွေနဲ့ပဲ ခြေကန်ဆယ်ရဦးမှာပါပေ့။

ချောင်းရေထဲ နေကုန်စိမ်တော့ အကြောတွေဆိုင်း ခါးတွေကိုင်းလည်း ခဲခဲကိုက်ကိုက်

ထရုန်းလိုက်ပဲ

ငိုက်လဲမခံတဲ့ ယောနယ်အလံ။-----။

လမ်းတစ်လျှောက် ဇရပ်နှင့် ရေအိုးစင်တွေ မကြာခဏတွေ့နေ၍ မစိပ်လွန်းဘူးလားဟုမေးရာ ဒေသခံတစ်ဦးက “ဒါတော့ ကျွန်တော်တို့က ကားနဲ့သွားလို့ ဒီလိုမြင်တွေးမိတာကိုး။ ဟိုတုန်းကလှည်းနဲ့သွားကြ၊ လမ်းလျှောက်သွားကြရတာ အထုပ်အပိုးတွေနဲ့ဆိုတော့ မောတိုင်းနားဖို့ လိုတာကိုး” တဲ့။



ထိုဇရပ်ရေချမ်းစင်များမှာ အခုထိလည်း အသက်ဝင် အဖိုးတန်နေမြဲပါ။ ခရီးပန်းလူသားတွေရဲ့အားကိုးတကြီး ခြေလှမ်းတွေကို လက်ကမ်းကြိုနေမြဲ။

“အရင်ဒီနယ်တစ်ကြောကဇရပ်တွေမှာ လူတွေနားခိုရင်း ချက်ပြုတ်စားဖို့ အိုးခွက်ပန်းကန်တွေပါ ထားပေးခဲ့ကြတယ်။” ဟု ဒေသခံရှေ့မီနောက်မီတစ်ဦးက အတိတ်ကိုလွမ်းရင်းပြောပြသည်။

ကျွန်တော့်မျက်စိထဲမန်ကျည်းရိပ်၊ ထနောင်းရိပ်များတွင် လှည်းတံပိုးတွေချွတ်ကြ။ နွားတွေကို အနားပေး အစာကျွေး ရေတိုက်ရင်း မီးခိုးတလူလူချက်ပြုတ်စားနားနေခဲ့ကြသည့် ရှေးကဘိုးဘွားခရီးသွားများကို မြင်ကြည့်မိပါသည်။

“ခရီးသည်တွေကလည်း အဲဒီစိတ်စေတနာကို အားကျမခံ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ငါးခြောက်ငါးခြမ်းကအစ ကိုယ့်မှာပိုနေရင် နောက်လူတွေအတွက် ထားခဲ့ကြပြန်တယ်” ဟူ၍ သူက ဆက်ရှင်းပြပါသေးသည်။

ရှေ့လူထားခဲ့သော အိုးခွက်များဖြင့် ချက်ပြုတ်စားကြသူများက ဒါတွေဟာ ရုပ်ဝတ္ထု အိုးခွက်တွေသာ မကပါလား စိတ်စေတနာအစဉ်အလာကောင်းတွေပဲဟု ခံစားကာ “ငါ့မှာပိုတဲ့ ရိက္ခာကိုလည်း သူ့လိုသဒ္ဓါနဲ့ ထားခဲ့မယ်” ဟု တွေးမိကြဟန်တူပါသည်။

ရှေ့ကစေတနာရှင်ကို မမြင်မသိဖူးသလို နောက်ကဆက်ခံမည့်ခရီးသည်ကိုလည်း အသွေးအရောင် အယူတူမတူ မှန်းဆရနိုင်သည့်အရာမဟုတ်ပါ။ သို့ပါလျက် သူတို့ကြည်ဖြူ စွန့်၍လှူခဲ့ကြပါသည်။ ထိုခေတ်က ခရီးသွားများမှာ ကုန်ရောင်းသူအများစုပင်ဖြစ်သည့်အလျောက် နောက်လူမှာ ရောင်းကုန်တူပြိုင်ဘက်လည်းဖြစ်နိုင်သည်ကို မစဉ်းစားမိဘဲနေမည်မဟုတ်။ စီးပွားပြိုင်ဘက်ဖြစ်ကာမှဖြစ်စေ ခရီးသွားချင်းအတူ ချမ်းသာပါစေဟူသော မေတ္တာသာအရင်းခံခဲ့ကြပါသည်။

သြော်---ကျွန်တော်တို့ဘိုးဘေးများ ရင်အုပ်ကြီးတွေ ကျယ်ပါပေ့။

×××××××

ရှေးလူကြီးများအပေါ် စက်မှုနှင့် နည်းပညာချို့ငဲ့ရန်ကောဟု ကျွန်တော်တို့ ပြုံပြင်ခဲ့ကြဖူးပါသည်။

အခုတော့ ဒီလိုတွေးမိသည်။

ခုနေခါများ ကမ္ဘာလှည့်ခရီးသွားတွေက မင်းတို့ ဘိုးဘေးတွေအကြောင်း ပြောစမ်းပါ့ဆိုလျှင်-

ဖုန်ထူနေပူ လမ်းအိုထက်မှာ ရေချမ်းစင်ကို ပခုံးထမ်းနေသည့် ဇရပ်ထိုထိုဟာ တို့ဘိုးဘွားတွေပါပဲကွယ်ဟု ညွှန်ပြလိုက်ချင်စမ်းပါဘိ။

## ❂ မြန်မာနိုင်ငံမှ

ပုံမှန်ကတော့ မုန်တိုင်းတစ်ခုဖြစ်ရင် အဆင့်ငါးဆင့်သတ်မှတ်ပါတယ်။ အဝါရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့်၊ အညို ရောင်အဆင့်၊ အစိမ်းရောင်အဆင့်တွေပါ။ အဝါရောင်ဆိုရင် မြန်မာ့ကမ်းရိုးတန်းကို ဦးမတည်ဘူး။ လိမ္မော်ရောင်ဆိုရင် မြန်မာ့ကမ်းရိုးတန်းဘက်ကို ဦးတည်တယ်။ ချင်းပြည်နယ်ကနေ စစ်ကိုင်းဘက်ကို ဆက်ရွေ့သွားတဲ့အခါ မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားပြီဆိုရင် အစိမ်းရောင်အဆင့်ကို ရောက်ရှိသွားမှာပါ။ ပြည်သူတွေသိရှိထားတာကတော့ မြန်မာ့ကမ်းရိုးတန်းကို မဖြတ်ခင် ၁၂ နာရီအလိုဆိုရင် အနီရောင်အဆင့်၊ မြန်မာ့ကမ်းရိုးတန်းကိုဖြတ်နေရင် အညိုရောင်အဆင့်လို့သာ သိရှိကြပါတယ်။

မုန်တိုင်းရဲ့ ဗဟိုချက်အနားမှာတော့ ဆိုင်ကလုန်းမုန်တိုင်းရဲ့ လေတိုက်နှုန်းက တစ်နာရီမိုင် ၆၀ နှုန်း ဖြစ်ပါတယ်။ ဒါကတော့ မုန်တိုင်းရဲ့ ဗဟိုချက်အနားမှာပါ။ မုန်တိုင်းဆိုတာက တိမ်တိုက်ကြီးတစ်ခုပါ။ မုန်တိုင်းအဆောက်အအုံက တိမ်တိုက်လို့ပြောနိုင်တဲ့အတွက် အနားမှာရှိတဲ့တိမ်တိုက်တွေကြောင့် တစ်နည်းအားဖြင့်ပြောရရင် မိုးသက်လေပြင်းကျတာတွေ၊ မိုးကြီးတာတွေဖြစ်နိုင်ပါတယ်” ဟု လက်ရှိဖြစ်ပေါ်နေသည့် မုန်တိုင်းအခြေအနေနှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွန်းက ရှင်းပြသည်။

ထိုသို့ မုန်တိုင်းဖြစ်ပေါ်ပါက မုန်တိုင်းအဝန်းအဝိုင်းအတွင်း ကျရောက်သည့် ဒေသများသည် မုန်တိုင်းဒဏ်ကို ခံစားရမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်များကို အမြဲနားစိုက်ကာ မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ရှောင်ရန်ဆောင်ရန် အချက်များကို သိရှိထားရန်လည်း လိုအပ်သည့်အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း သဘာဝဘေးမကျရောက်မီအချိန်တွင် ကြိုတင်ပြင်ဆင်မှုများနှင့် သဘာဝဘေးကျရောက်ပြီးချိန်တွင်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။

လက်ရှိတွင်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း သက်ဆိုင်ရာမုန်တိုင်းလမ်းကြောင်းမှ မုန်တိုင်းအဝန်းအဝိုင်းအတွင်းကျရောက်နိုင်ဖွယ်ရှိသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ကြိုတင်ဆောင်ရွက်နိုင်ရန်အတွက် မုန်တိုင်းသတိပေးချက်များထုတ်ပြန်ပေးထားသည့်အပြင် လိုအပ်သည့် ပံ့ပိုးကူညီမှုများလည်း လုပ်ဆောင်လျက်ရှိကြောင်း ကယ်ဆယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိန်းက ရှင်းပြသည်။

စာမျက်နှာ ၆ သို့»

# စာပေမျိုးဆက် မပျက်အောင်စောင့်ရှောက်သူ တောင်လေးလုံးဆရာတော်

ကျော်ရင်မြင့်


အမရပူရ တောင်လေးလုံး ဆရာတော် အရှင် ပညာဇောတ။

အမရပူရတောင်လေးလုံးဆရာတော် အရှင်ပညာဇောတရဲ့ ကျေးဇူးကြောင့် ဒီမိုကရေစီအမှောင်ခေတ်မှာ စာပေမျိုးဆက် ဆက်လက်ရှင်သန်ခဲ့ရတာဖြစ်ပါတယ်။ ဆရာတော်ကိုယ်တိုင်က အမျိုးသားစာပေဆုရစာရေးဆရာဖြစ်ပါ တယ်။ ကိုပညာ(အမရပူရ)ကလောင်အမည်နဲ့ စာပေရေးသားတယ်။

ကဆုန်လပြည့်နေ့ နံနက် ၁၀ နာရီကတော့ ဆရာတော် ဦးပညာဟာ သက်တော်(၈၄) နှစ်၊ ဝါတော် ၆၄ ဝါအရွယ်မှာ ပျံလွန်တော်မူရှာပါပြီ။

အမရပူရမြို့ တောင်သမန်အင်းစောင်းမှာရှိတဲ့ တောင်လေးလုံးကျောင်းတိုက်က စာပေ၊ အနုပညာနဲ့ပတ်သက်ရင် အင်မတန်ထင်ရှားပြီး လူသိများတယ်။

စာရေးဆရာ သတင်းစာဆရာမကြီး လူထုဒေါ်အမာရဲ့ အသက်(၇၀) ပြည့်မွေးနေ့အထိမ်းအမှတ်ပွဲကို ၁၉၈၅ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှာ ကျင်းပရာကစပြီး တောင်လေးလုံးကျောင်းဟာ စာပေပွဲတွေကျင်းပရာ နေရာတစ်ခုဖြစ်လာပါတယ်။

တောင်သမန်အင်းစောင်းက တောင်လေးလုံးကျောင်းတိုက်မှာ လူထုဒေါ်အမာမွေးနေ့အထိမ်းအမှတ်ပွဲအပြင် မဟာဂန္ဓာရုံဆရာတော် မွေးနေ့အထိမ်းအမှတ်ပွဲ၊ သတင်းစာဆရာကြီး ဦးညိုမြမွေးနေ့ အထိမ်းအမှတ်ပွဲ၊ အမျိုးသား စာပေဆုချီးမြှင့်ခံရတဲ့ စာရေးဆရာတွေကို ဂုဏ်ပြုပွဲနဲ့ ပြည်သူချစ်သော အနုပညာသည်များ စာအုပ် ၂၅ နှစ်ပြည့် ငွေရတုပွဲ နှစ် ၅၀ ပြည့် ရွှေရတုပွဲလို စာပေနဲ့ပတ်သက်တဲ့ပွဲတွေကို ကျင်းပကြတဲ့နေရာဖြစ်ပါတယ်။

လူထုဒေါ်အမာရဲ့ မွေးနေ့အထိမ်းအမှတ်ပွဲလို အခမ်းအနားမျိုးကျင်းပတဲ့အခါ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာပို့တာလည်းရှိတယ်။ လူထုဒေါ်အမာရဲ့ မွေးနေ့ပွဲကို မြန်မာနိုင်ငံ အထက်၊ အောက်နိုင်ငံ တစ်ဝန်းလုံးက စာရေးဆရာ၊ သတင်းစာဆရာ၊ စာပေကိုမြတ်နိုးသူတွေ ဒီမိုကရေစီဘက်တော်သားတွေ လာရောက်ကြတယ်။ အချင်းချင်း တွေ့ဆုံ ရင်းနှီးကြတယ်။ အချင်းချင်း အမြင်ချင်းဖလှယ်ခွင့်၊ ဆွေးနွေးနှီးနှောခွင့်ရကြပါတယ်။

တောင်လေးလုံးဆရာတော် ဦးပညာက ဟံသာဝတီ ဆရာဦးဝင်းတင်ရဲ့ မိတ်ဆွေရင်းဖြစ်တယ်။ ဆရာဦးဝင်းတင်က တောင်လေးလုံးကျောင်းမှာ စတည်းချလေ့ရှိတယ်။ ဆရာဦးဝင်းတင် အကျဉ်းစံနေရချိန်မှာ ဆရာတော်က ဆရာဦးဝင်းတင်အတွက် တောင်လေးလုံးကျောင်းရဲ့ သင်္ကေတဖြစ်တဲ့ ဝက်သားဟင်းလေးကသည်းချက်ကို ထောင်ဝင်စာ ပုံမှန်ပို့ပေးလေ့ရှိတယ်။ ဒါကို စစ်ထောက်လှမ်းရေးက ကောင်းကောင်းမှတ်သားထားတယ်။

ဒေါ်အောင်ဆန်းစုကြည်လည်း တောင်လေးလုံးကျောင်းတိုက်ကို လာရောက်ပြီး ဆရာတော်နဲ့ တွေ့ဆုံဖူးတယ်။ ဒါကို စစ်ထောက်လှမ်းရေးက ကောင်းကောင်းမှတ်သားထားတယ်။

ဒီမိုကရေစီကိုမလိုလားတဲ့ အစိုးရများလက်ထက်မှာ ဒီမိုကရေစီကို မြတ်နိုးသူများ အမရပူရတောင်လေးလုံးကျောင်းမှာ စုဆုံကြတာ အခမ်းအနားကျင်းပတာကို အဲဒီအချိန်က အုပ်စိုးသူများက မျက်စိစပါးမွေးစူးပါတယ်။ ဒါကြောင့်လည်း တောင်လေးလုံးအခမ်းအနားတွေကို နည်းမျိုးစုံနဲ့ ဟန့်တားတယ်။ ဦးစီးကျင်းပသူတွေကို အစစ်ဆေး အမေးမြန်းအဖမ်းဆီးတွေ လုပ်ပါတယ်။

တောင်လေးလုံးကျောင်းတိုက်နဲ့ မလှမ်းမကမ်းက ဘုရားတန်ဆောင်းမှာ ထောက်လှမ်းရေး တပ်စခန်းချပြီး တောင်လေးလုံးကျောင်းတိုက်ရဲ့ အဝင်/အထွက်ကို စောင့်ကြည့်စစ်ဆေးတယ်။ တောင်လေးလုံးဆရာတော်ကိုလည်း လူဝတ်လဲပစ်မယ်လို့ ခြိမ်းခြောက်ပါတယ်။ ဒါပေမယ့် ဆရာတော်ဦးပညာက မကြောက်မရွံ့ နောက်မတွန့်ဘဲ သူ့ကျောင်းမှာ ဒီမိုကရေစီမြတ်နိုးသူတွေကို ဆက်လက်လက်ခံတယ်၊ အခမ်းအနားတွေ ဆက်လက်ကျင်းပစေတယ်။

တောင်လေးလုံးဆရာတော်နဲ့ တပည့်တွေက စစ်အာဏာရှင်ကို အာခံပြီး နောက်မတွန့်ခဲ့ကြဘူး။ ဒါကြောင့်လည်း စာပေမျိုးဆက်ပြတ်သွားအောင် သင်းသတ်ပေမယ့် မျိုးမကန်းဘဲ မျိုးဆက်သစ်တွေ ဆက်လက်ရှင်သန်စေတာဖြစ်ပါတယ်။

ဆရာတော်က စာပေသမားတွေကို အလွန်ပဲ တန်ဖိုးထားလေးစားသူဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆရာတော် ရဲ့ တောင်လေးလုံးကျောင်းပရိဝုဏ်အတွင်းမှာ ကွယ်လွန်သွားတဲ့ ထင်ရှားတဲ့စာရေးဆရာတွေအတွက် အမှတ်တရကျောက်တိုင်နဲ့ အမှတ်တရသစ်ပင်တွေ စိုက်ပျိုးထားတယ်။

ကွယ်လွန်သူအတွက် အမှတ်တရသစ်ပင်စိုက်၊ အမှတ်တရကျောက်တိုင်ထားရှိဖို့ စတင်စိတ်ကူးသူက သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းဖြစ်ပါတယ်။ ဒေါက်တာသန်းထွန်း ယေးလ်တက္ကသိုလ်ကိုရောက်စဉ်က လူထုအကျိုးပြုတဲ့ ပုဂ္ဂိုလ်တွေကို ကျန်ရစ်သူတွေက အမှတ်တရသစ်ပင်စိုက်၊ အမှတ်တရကျောက်တိုင်ထားပြီး ကျောက်တိုင်မှာ အမှတ်တရကမ္ပည်းစာ ရေးထိုးတာကို သဘောကျလို့ မြန်မာနိုင်ငံမှာ လုပ်တာပါ။ တောင်လေးလုံးကျောင်းမှာ သတင်းစာဆရာ အိုးဝေဦးညိုမြနဲ့ ကဗျာဆရာ တက္ကသိုလ်မောင်စောလွင်တို့အတွက် စတင်လုပ်ဆောင်တယ်။

အိုးဝေဦးညိုမြနဲ့ ပတ်သက်ပြီး ရေထိုးထားတဲ့ အမှတ်တရစာကတော့

**ညိုမြ**
**၁၁ ဧပြီ ၁၉၁၄-၂၉ စက်တင်ဘာ ၁၉၈၅**
**အမှတ်တရ**
**သူနဲ့ အယူအဆတူကြတာရှိသလို မတူကြတာလည်းရှိတာပဲ။**
**ဒါပေမယ့် ငြိမ်းချမ်းစွာ လွတ်လွတ်လပ်လပ် သဘောကွဲလွဲခွင့်ရှိတယ်လို့**
**ယုံကြည်တဲ့ သူငယ်ချင်း သတင်းစာဆရာ ညိုမြသို့. . .**
**လူထုဒေါ်အမာ**

လို့ဖြစ်ပါတယ်။

တောင်လေးလုံးကျောင်းပရိဝုဏ်အတွင်းမှာ ဆရာကြီး မဟာဆွေ၊ ဆရာငွေဥဒေါင်း၊ ဆရာမြသန်းတင့်၊ ဆရာ ဟံသာဝတီဦးဝင်းတင်၊ ဆရာမ ခင်နှင်းယု၊ ဆရာ ဒဂုန်တာရာ၊ ဆရာတင်မိုး၊ ဆရာကြည်အောင် စတဲ့သူတွေအတွက် အမှတ်တရ စိုက်ထူထားတာရှိပါတယ်။

ဆရာဦးဝင်းတင်ရဲ့ အမှတ်တရကျောက်တိုင်မှာ

**"--- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သိက္ခာ**
**နိုင်ငံရေးသိက္ခာ**
**နိုင်ငံရဲ့သိက္ခာ**
**လူသားများ သိက္ခာ----တို့ကို**
**မြှင့်တင်ပေးတဲ့ ဆရာ ဦးဝင်းတင်ကို**
**ဦးညွှတ်ဂါရဝပြုပါတယ်"**
**အောင်ဆန်းစုကြည်**
**၂၁-၄-၂၀၁၄**

လို့ရေးထိုးထားပါတယ်။

ဆရာတင်မိုးရဲ့ အမှတ်တရကျောက်တိုင်မှာတော့ ယခုလို ရေးထိုးထားတယ်။

**တင်မိုး**
**(၁၉၃၃-၂၀၀၇)**
**"သူက အမှန်တရားဘက်က ရပ်လိုတယ်။**
**အမွှတရားကို ဆန့်ကျင်တယ်။**
**လူတိုင်းကို စာပေဗဟုသုတ**
**ဘဝဉာဏ်ပညာအလင်းနဲ့ ပြည့်ဝစေချင်တယ်။**
**ဒါမှလည်း အမှန်တကယ်လွတ်မြောက်ကြမှာကိုး. . . "**
**ဝင်းဖေ**

ကဗျာဆရာ ဆရာကြည်အောင်ရဲ့ အမှတ်တရကျောက်တိုင်မှာ-

**ကြည်အောင်မျှော်မှန်းသည့်**
**လမင်းတရာသာသည့်ခေတ်ကား**
**ဝေးကွာလှတော့မည်မဟုတ်**
**လူထုဒေါ်အမာ**

ဆိုပြီး ရေးထိုးထားပါတယ်။

အမရပူရမြို့ တောင်သမန်အင်းစောင်းမှာရှိတဲ့ တောင်လေးလုံးကျောင်းတိုက်ဟာ မြန်မာစာပေသမိုင်းနဲ့ ပတ်သက်ပြီး လေ့လာကြည့်ရှုစရာနေရာတစ်ခု ဖြစ်လာပါတယ်။ တောင်သမန်ဦးပိန်တံတားကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေ နေ့စဉ်နဲ့အမျှ လာရောက်လည်ပတ်နေကြတယ်။ အကြောင်းသိတဲ့ ဧည့်သည်အချို့က တောင်လေးလုံးကျောင်းထဲက ပန်းပု အနုပညာမျိုးစုံနဲ့ ပုံဖော်ထုဆစ်ထားတဲ့ အမှတ်တရ ကျောက်တိုင်တွေကို တခုတ်တရလာပြီး ကြည့်ရှုကြတယ်။

ယခုတော့ တောင်လေးလုံးဆရာတော်က ပျံလွန်တော်မူသွားပါပြီ။

ဆရာတော်ဦးပညာက သမိုင်းကိုအလွန်ပဲ ဝါသနာထုံတယ်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းနဲ့ တွဲပြီး သမိုင်းသုတေသနများစွာ ပြုလုပ်ခဲ့တယ်။ ၁၉၉၆ ခုနှစ်မှာ ဆရာတော် အမျိုးသားစာပေဆု ချီးမြှင့်ခံရတဲ့စာအုပ်က "တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများ" ဖြစ်ပါတယ်။ ဆရာတော်က သမိုင်းအထောက်အထားအတွက် စာအုပ်စာပေ၊ ပေပုရပိုက်တွေလည်း စုဆောင်းသိမ်းဆည်းတယ်။ ကျောက်ခေတ်က ကျောက်လက်နက်၊ ပျူအိုးကအစ သင်္ချိုင်းကျောက်စာတွေအထိ စုဆောင်းသိုမှီးထားပါတယ်။

ဆရာတော်မရှိတော့တဲ့အချိန်မှာ ဆရာတော်စုဆောင်းထားတဲ့ သမိုင်းအထောက်အထားတွေကို "ဆရာတော် ဦးပညာ အထိမ်းအမှတ်ပြတိုက်" လုပ်ဖို့ ကျန်ရစ်သူများက စီစဉ်နေကြပါတယ်။ ဆရာတော်ပျံလွန်တော်မူတဲ့နေ့ ၂၁-၅-၂၀၁၆ ရက်မှာပဲ လာရောက်တဲ့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်ကလည်း အထိမ်းအမှတ်ပြတိုက်ကို ကူညီစောင့်ရှောက်ပေးမယ် လို့ ဆိုပါတယ်။

စာရေးဆရာတွေရဲ့ အမှတ်တရကျောက်တိုင်တွေ၊ ရှေးအမွေအနှစ်တွေရှိတဲ့ တောင်လေးလုံးကျောင်းတိုက်ကို မဟာဂန္ဓာရုံ နာယက ဆရာတော်ကလည်း အရင်လိုပဲ အစဉ်အလာမပျက် စာပေရေးရာတွေ ရှင်သန်စေဖို့ အားပေးမယ်လို့ ဆိုပါတယ်။

တောင်လေးလုံးဆရာတော် စာရေးဆရာဦးပညာက ဒီမိုကရေစီ အမှောင်ခေတ်မှာ အာဏာရှင်တွေက နည်းမျိုး စုံနဲ့ ဖိနှိပ်ခြောက်လှန့်တာကို မကြောက်ရွံ့ဘဲ စာပေဖွံ့ဖြိုးရေး ဒီမိုကရေစီရှင်သန်ရေးကို အားပေးခဲ့ပါတယ်။ ဆရာ တော် မရှိတော့ပေမယ့် ဆရာတော် စတင်စိုက်ပျိုးခဲ့တဲ့ စာပေမျိုးဆက်ကို ရှင်သန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြမှာ ဖြစ်ကြပါတယ်။

■

---

» စာမျက်နှာ ၅ မှ

ကယ်ဆယ်ရေးဦးစီးဌာနသည် တပ်မတော်နှင့်အတူ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်နှင့် မကွေးလေတပ်စခန်းဌာနချုပ်တို့တွင် မုန်တိုင်းကြီးကြီးမားမားဖြစ်ခဲ့ပါက ထောက်ပံ့နိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းအရန်သင့်ထားရှိထားကြောင်း သိရသည်။

"မုန်တိုင်း လိမ္မော်ရောင်အဆင့်ရောက်တဲ့အချိန်ကတည်းက အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာနနဲ့ သဘာဝဘေးစီမံခန့်ခွဲမှုဗဟိုဌာန ဌာနနှစ်ခုစလုံးကို စပြီးတော့ အသက်သွင်းပါတယ်။ သက်ဆိုင်ရာ ဆက်နွယ်တဲ့ ဝန်ကြီးဌာနအားလုံးကို ဖိတ်ခေါ်တယ်။ မုန်တိုင်းသတင်းတွေဆိုရင် ပုံမှန်အစည်းအဝေးထိုင်တယ်။ ဘာတွေလုပ်မလဲဆိုတာကို ဆုံးဖြတ်ပါတယ်။ လိမ္မော်ရောင်ဖြစ်နေတဲ့အချိန်မှာပဲ မုန်တိုင်းတိုက်ရိုက်မသက်ရောက်သော်လည်းပဲ မုန်တိုင်းအဝန်းအဝိုင်းအတွင်းမှာ သက်ရောက်နိုင်တဲ့အခါကျတော့ ဒီဒေသတွေမှာ သဘာဝဘေးကို ကယ်ဆယ်နိုင်ရေးအတွက် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တွေကို အသင့်ပြင်ဆင်ထားဖို့ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတွေကို အကြောင်းကြားပါတယ် "ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိန်းက ရှင်းပြသည်။

"မုန်တိုင်းက မြန်မာနိုင်ငံဘက်ကို အဖျားခတ်တော့မယ်ဆိုတဲ့ သတင်းစရတဲ့အချိန်မှာ ပြည်ထောင်စုဝန်ကြီးနဲ့ အမြဲတမ်းအတွင်းဝန်တို့ကနေပြီးတော့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွေဆီကို မုန်တိုင်းမကျခင်မှာ ဘာတွေကြိုတင်ပြင်ရမယ်။ မုန်တိုင်းကျရောက်တဲ့ကာလမှာ ဘာတွေဆောင်ရွက်ရမယ်ဆိုတာ သွားပြီးရှင်းပြပါတယ်။

အဲဒီလိုပဲ မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေကို ကျွန်တော်တို့က အကူအညီတောင်းခံမယ်ဆိုရင် သူတို့အသင့်ပြင်ဆင်ထားတာတွေရှိပါတယ်။ လောလောဆယ် ကျွန်တော်တို့ဆောင်ရွက်နေတဲ့ အခြေအနေပါ။ မုန်တိုင်းအနီရောင်အဆင့်ဖြစ်သွားတဲ့အချိန်မှာ အသင့်စောင့်ဆိုင်းပြီး မုန်တိုင်းအခြေအနေဘာတွေဖြစ်နေတယ်ဆိုတာ အချိန်နဲ့တစ်ပြေးညီသိရှိအောင်လို့ သတင်းအချက်အလက်တွေယူတယ်။ မုန်တိုင်းဖြစ်ပြီးတဲ့အချိန်မှာလည်း လိုအပ်တဲ့အကူအညီတွေ ချက်ချင်းပေးနိုင်အောင်လို့ လိုအပ်တဲ့စီစဉ်ဆောင်ရွက်မှုတွေကို ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံ ကယ်ဆယ်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရပ်ရွာထူထူ စသည့်အဖွဲ့အစည်းအသီးသီးအပါအဝင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကိုလည်း ယခင်ကတည်းက ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း "ရွှန်နူ"၏ အရှိန်ကြောင့် မေ ၂၀ ရက်မှ ၂၃ ရက်အတွင်း တစ်နိုင်ငံလုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာကာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးမြင့်ခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် အထူးသတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ ပြည်တွင်းရေကြောင်းသွားလာရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း အထူးသတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

(နိုင်လင်းကြည်)

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# စီးပွားရေးပိတ်ဆို့မှုသက်တမ်းတိုးတာ–ဒို့မှုပါတယ်

**ခင်မောင်ညို(ဘောဂဗေဒ)**

မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံက စီးပွားရေးပိတ်ဆို့တာဟာ အဲဒီအချိန်က အစိုးရရဲ့လုပ်ပုံကိုင်ပုံတွေ ပြောင်းလဲအောင် ဖိအားပေးဖို့ဖြစ်တယ်လို့ပဲ ကျွန်တော်တို့နားလည်ခဲ့ပါတယ်။ ဖိအားပေးတယ်ဆိုတာလည်း ပေးလို့မရတဲ့၊ မပေးနိုင်တဲ့ နိုင်ငံတွေကိုမပေးဘဲ ရွေးချယ်ဖိအားပေးကြတာပါ။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံလို တခြားနိုင်ငံကြီးတချို့ကို ဖိအားပေးနိုင်ခြင်းမရှိအောင် အဲဒီနိုင်ငံထဲမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ထားကြတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက ဆန့်ကျင်ကြလို့ပါ။ မြန်မာနိုင်ငံမှာ အဲဒီအချိန်က ရင်းနှီးမြှုပ်နှံထားတဲ့ နိုင်ငံခြားစီးပွားရေးလုပ်ငန်းကြီးတွေ များများစားစားမရှိခဲ့ပါဘူး။ ပြီးတော့ စီးပွားရေး ပိတ်ဆို့မှုဟာ ခုတ်ရာတခြား ရှရာတလွဲဖြစ်တတ်သလို ရည်ရွယ်သူမထိခိုက်၊ သာမန်ပြည်သူလူထုအပေါ် ထိခိုက်မှုက ပိုမိုကြီးမားတယ်လို့ ဆွေးနွေးမှုတွေရှိခဲ့ကြပါတယ်။

တစ်ဖက်မှာလည်း စီးပွားရေးပိတ်ဆို့မှုဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတရားတွေနဲ့ ဆန့်ကျင်နေတယ်လို့ ဝေဖန်ထောက်ပြမှုတွေရှိခဲ့ပေမယ့် အသံကျယ်ကျယ်လောင်လောင်ထွက်ပေါ်နိုင်ခဲ့ခြင်းမရှိပါဘူး။ စီးပွားရေးပိတ်ဆို့တာ ဒို့မမှုပါလို့ ကြွေးကြော်သံတွေထွက်ပေါ်ခဲ့သလို နိုင်ငံတွင်းမှာ အားနည်းချက်တွေ ပေါ်ပေါက်လာရတာတွေအတွက် စီးပွားရေးပိတ်ဆို့မှုဟာ လက်ညှိုးထိုးစရာတစ်ခုအဖြစ် အသုံးဝင်ခဲ့ပါတယ်။ စီးပွားရေးပိတ်ဆို့တာလွယ်သလောက် ပိတ်ဆို့မှုကိုပြန်ရုပ်သိမ်းဖို့ဟာ ခက်တယ်ဆိုတဲ့အကြောင်းကိုတော့ အစောကြီးကတည်းက သတိပြုမိပါတယ်။ ဒါကြောင့်လည်း အစိုးရသစ်တက်လာတဲ့အခါ စီးပွားရေးပိတ်ဆို့မှုတွေ ဖယ်ရှားပေးနိုင်တယ်ဆိုတဲ့မျှော်မှန်းချက်များကို ယုံကြည်ကိုးစားမှုမပြုခဲ့ပါ။

> **အမေရိကန်နိုင်ငံရဲ့ စီးပွားရေးပိတ်ဆို့မှုဟာ အမေရိကန် စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ရော မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေအတွက်ပါ ဘယ်လိုမှအကျိုးမပြုနိုင်ပါဘူး။ ပြည်သူလူထုအတွက်လည်း အကျိုးရှိတယ်လို့မမြင်ပါဘူး။ မြန်မာနိုင်ငံရဲ့ ကောင်းကျိုးကို လိုလားပါတယ်ဆိုတဲ့သူတွေအပေါ်ကိုလည်း အခုလိုစီးပွားရေးပိတ်ဆို့မှုရှိနေသမျှ အပြည့်အဝယုံကြည်ဖို့ခက်ပါတယ်။ အချိန်တန်ရင် စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းသွားမယ်လို့ဆိုကြပေမယ့် အဲဒီအချိန်တန်ရင်ဆိုတာ ဘယ်အချိန်၊ ဘယ်ကာလလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။**

စီးပွားရေးပိတ်ဆို့ခဲ့ပေမယ့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ကုန်သွယ်မှု၊ အဲဒီနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကနေ အကျိုးရခဲ့လေတော့ ဘယ်လောက်ထိရောက်နိုင်သလဲဆိုတာ အစကတည်းက သံသယရှိခဲ့ပါတယ်။ ရွေးချယ်စရာ အခွင့်အလမ်းတွေ နည်းပါးတဲ့အခါ မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရတဲ့အဖြစ်မျိုးတွေနဲ့ ကြုံကြိုက်ခဲ့ပါတယ်။

ဒီဘက်နှစ်ပိုင်းတွေမှာ စီးပွားရေးပိတ်ဆို့မှုဖယ်ရှားဖို့ အမည်ပျက်စာရင်းအောက်အသွင်းခံထားရတဲ့ မြန်မာကုမ္ပဏီတွေကို စာရင်းက ပယ်ဖျက်ပေးဖို့ မြန်မာလုပ်ငန်းရှင်တွေသာမက အမေရိကန်လုပ်ငန်းရှင်တွေဘက်ကပါ ကြိုးစားအားထုတ်မှုတွေ ပေါ်ပေါက်လာခဲ့တာကို သတိပြုမိပါတယ်။ အမေရိကန်လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုလုပ်ဖို့၊ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ အခက်အခဲတွေ တွေ့ကြုံနေတာဟာ တချို့ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့အတွက် အကြောင်းဖန်လာပါတော့တယ်။ ဒါပေမယ့်လည်း အမေရိကန်နိုင်ငံရေးရဲ့ သဘောသဘာဝအရ မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ကိုင်ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက တစ်ဖက်၊ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေ၊ တပ်မတော်ရဲ့အခန်းကဏ္ဍ၊ လူနည်းစုအရေးတွေကို မီးမောင်းထိုးပြပြီး ဆက်လက်ပိတ်ဆို့ထားချင်တဲ့သူတွေရဲ့ လွန်ဆွဲအားပြိုင်မှုတွေကနေ အခုလိုရလဒ်မျိုးထွက်ပေါ်လာတယ်လို့ သုံးသပ်ရပါတယ်။ အရင်နှစ်တွေက စီးပွားရေးပိတ်ဆို့မှုကို သက်တမ်းတိုးရုံသက်သက်သာ ဖြစ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ဖြေလျှော့မှုအချို့လုပ်ခဲ့သလို အမည်ပျက်စာရင်းမှာ ထပ်ထည့်တာတွေပါလုပ်ခဲ့တာတွေ့ရပါတယ်။

ဒါကြောင့်လည်း အမေရိကန်ဘဏ္ဍာရေးဌာနက ထုတ်ပြန်လိုက်တဲ့ စီးပွားရေးပိတ်ဆို့မှုအစီအစဉ်သစ်အပေါ် တုံ့ပြန်မှုအမျိုးမျိုး ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။

အစိုးရသစ်ဆိုတာကလည်း သက်တမ်းက လပိုင်းပဲရှိသေးတယ်ဆိုတော့ အနာဂတ်ကို စိတ်မချဘူးဆိုတာမျိုးလည်း ပါသေးတယ်။ အမည်ပျက်စာရင်းအောက်မှာ ရှိနေဆဲလုပ်ငန်းရှင်တွေကတော့ စိတ်ပျက်လက်ပျက်ဖြစ်ကြတာတွေ့ရပါတယ်။ အမည်ပျက်စာရင်းထဲမပါတဲ့ လုပ်ငန်းရှင်တချို့ကတော့ စောစောကလုပ်ငန်းရှင်တွေကို အခုလို ဆက်လက်ဒဏ်ခတ်ထားတာဟာ ဖြစ်သင့်တယ်လို့ မြင်ကြတယ်။ အဲဒီလုပ်ငန်းရှင်တွေနဲ့ စီးပွားရေးအဆက်အဆံမလုပ်ဖို့ဆိုတာက လက်တွေ့မဆန်ဘူးလို့ သုံးသပ်ကြတာကိုလည်း တွေ့ရပါတယ်။

ကိုယ့်ရဲ့လက်အောက်က ပိုင်ဆိုင်မှုတချို့ကို အမည်ပျက်စာရင်းထဲထပ်ထည့်ပြီး ခြောက်လသက်တမ်းသာ ကင်းလွတ်ခွင့်ပေးထားတဲ့လုပ်ငန်းကို အကန့်အသတ်မရှိ ခွင့်ပြုလိုက်တဲ့လုပ်ငန်းကြီးကတော့ ကျေနပ်စရာပိုများစရာ ရှိလာနိုင်ပါတယ်။

တစ်ဖက်ကလည်း လူ့အခွင့်အရေးချိုးဖောက်သူတွေအပေါ် အခုထက်ပိုပြီး ဖိအားပေးသင့်တယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ်လည်း ဖိအားပေးသင့်တယ်လို့ ကွန်ဂရက်အမတ်ဟောင်း တွမ်အင်ဒရူးက ပြောတယ်ဆိုတဲ့အကြောင်း Time မဂ္ဂဇင်းမှာ ရေးထားတာတွေ့ရတယ်။ အစိုးရပြောင်းလဲခဲ့တာတောင်မှ ပိတ်ဆို့ဆန့်ကျင်တဲ့အရှိန် မကုန်သေးတာတွေ့ရပါတယ်။ ဒါတွေတွေ့နေရတဲ့အခါ စိတ်မပူပါနဲ့၊ မထိခိုက်ပါဘူးဆိုတဲ့ဖြေသိမ့်မှုတွေကြောင့် စိုးရိမ်ပူပန်မှုတွေ လျော့မသွားခဲ့ပါဘူး။

တကယ်တော့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးပိတ်ဆို့မှုဟာ အမေရိကန် စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ရော မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေအတွက်ပါ ဘယ်လိုမှအကျိုးမပြုနိုင်ပါဘူး။ ပြည်သူလူထုအတွက်လည်း အကျိုးရှိတယ်လို့မမြင်ပါဘူး။ မြန်မာနိုင်ငံရဲ့ ကောင်းကျိုးကို လိုလားပါတယ်ဆိုတဲ့သူတွေအပေါ်ကိုလည်း အခုလိုစီးပွားရေးပိတ်ဆို့မှုရှိနေသမျှ အပြည့်အဝယုံကြည်ဖို့ခက်ပါတယ်။ အချိန်တန်ရင် စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းသွားမယ်လို့ဆိုကြပေမယ့် အဲဒီအချိန်တန်ရင်ဆိုတာ ဘယ်အချိန်၊ ဘယ်ကာလလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ဒီအတိုင်းဆို နိုင်ငံတကာဆက်ဆံရေး ချိန်ခွင်လျှာမှာ မြန်မာနိုင်ငံအနေနဲ့ နီးစပ်စေချင်တဲ့သူတွေနဲ့ မနီးစပ်၊ မနီးစပ်ချင်သူတွေနဲ့ နီးစပ်ရတဲ့အဖြစ်မျိုးတွေ တွေ့ကြုံရနိုင်ပါတယ်။

တိုတိုပြောရရင်တော့ အမေရိကန်စီးပွားရေးပိတ်ဆို့မှု သက်တမ်းတိုးလိုက်တာဟာ ပြောင်းလဲချိန်တန်ပြီဆိုတာကို အပြည့်အဝလက်မခံနိုင်သေးကြောင်း ပြသလိုက်တာလို့ သုံးသပ်မိကြောင်းပါ။

စီးပွားရေးပိတ်ဆို့မှုသက်တမ်းတိုးတာ- ဒို့မှုပါတယ်။

## ဆွေးမြည့်သစ်သားခါတ်တိုင်များ အန္တရာယ်ရှိနိုင်

**အင်းတော် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် ဝင်ဒါမီယာလမ်းရှိ သစ်သားခါတ်တိုင်များမှာ လွန်ခဲ့သောနှစ်(၂၀)ခန့်က စိုက်ထူသွယ်တန်းခဲ့ရာ ယခုအခါ တိုင်များမှာ ဟောင်းနွမ်းဆွေးမြည့်နေမှုကြောင့် လေပြင်းတိုက်ခတ်ပါက လဲကျပြီး လျှပ်စစ်ခါတ်အား အန္တရာယ်နှင့် ကြုံတွေ့နိုင်သဖြင့် ရပ်ကွက်နေပြည်သူများက အန္တရာယ်မကြုံတွေ့ရမီ ပြုပြင်ဆောင်ရွက်ပေးရန် မျှော်လင့်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဝင်ဒါမီယာလမ်းက သစ်သားခါတ်တိုင်တွေ ဆွေးမြည့်နေလို့ ကွန်ကရစ်တိုင်နဲ့ အစားထိုးလဲပေးမယ်၊ ခါတ်အားလိုင်းကြိုးအသစ်သွယ်ပေးမယ်ဆိုပြီး ၂၀၁၅ ခုနှစ် ၅ လပိုင်းက ခါတ်တိုင်တွေ လာချထားပြီး တိုင်မြေကျင်းတွေ လာတူးထားပါတယ်။ နောက်တော့ တိုင်တွေဘယ်မှာ သုံးရဦးမယ်ဆိုပြီး ၈ လပိုင်းမှာ ကားနဲ့ လာတိုက်သွားပါတယ်။ တူးထားတဲ့ မြေကျင်းတွေလည်း အန္တရာယ်ရှိနေသလို ဟောင်းနွမ်းဆွေးမြည့်နေတဲ့ သစ်သားခါတ်တိုင်တွေလည်း လေပြင်းတိုက်ခတ်ပါက လဲကျပြီး လျှပ်စစ်အန္တရာယ်ရှိလာနိုင်ပါတယ်။ ဒါကြောင့် အန္တရာယ်နဲ့မကြုံတွေ့ရခင် ပြုပြင်ဆောင်ရွက်ပေးရန် မျှော်လင့်နေပါတယ်"ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**ကိုမင်း(အင်းတော်)**




## မုံရွာမြို့တွင် အထူးခရီးသွားအာမခံနှင့် အလုံးစုံမော်တော်ယာဉ်ထိခိုက်မှုအာမခံအတွက် ဂလိုဘယ်လ်အာမခံကုမ္ပဏီမှ လျော်ကြေးပေးအပ်

**မုံရွာ မေ ၂၁**

ဂလိုဘယ်လ်အာမခံကုမ္ပဏီမှ အထူးခရီးသွားအာမခံနှင့် အလုံးစုံမော်တော်ယာဉ် ထိခိုက်မှုအာမခံအတွက် လျော်ကြေးပေးအပ်သည့် အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက မုံရွာမြို့ ပြည်ထောင်စုလမ်းရှိ ရွှေကံသာကားဂိတ်၌ ကျင်းပသည်။

ရန်ကုန်မှ မုံရွာအပြန် နေပြည်တော် မြို့ရှောင်လမ်း လယ်ဝေးမြို့နယ်တွင် ယာဉ်အချင်းချင်းထိခိုက်မိခြင်းကြောင့် ယာဉ်ပိုင် ဦးဇာနည်လှိုင် ထိခိုက်မှုအတွက် ဂလိုဘယ်လ်ကုမ္ပဏီမှ လျော်ကြေးငွေကျပ် သိန်း ၈၀ နှင့် မုံရွာမှ ကလေးမြို့အသွား ကုန်တင်ယာဉ် ဘရိတ်ပေါက်၍ ချောက်ထဲ အရှိန်လွန်ထိုးကျခြင်းကြောင့် သေဆုံးသွားသော ယာဉ်မောင်း ကိုဌေးဌေးမော်အတွက် အထူးခရီးသွားအာမခံ ကျပ်သိန်း ၃၀ နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်လှိုင်က လူမှုထောက်ပံ့ငွေကျပ် တစ်သိန်းခွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက လူမှုထောက်ပံ့ငွေကျပ် နှစ်သိန်းကို အသီးသီးပေးအပ်ရာ သေဆုံးသူ ကိုဌေးဌေးမော်၏ဇနီး မစုစုလှိုင်က လက်ခံသည်။

"မော်တော်ယာဉ်နဲ့ စက်တပ်ယာဉ်တွေ မတော်တဆ ထိခိုက်တာဖြစ်တဲ့ ဆုံးရှုံးမှုတွေ၊ ယာဉ်မတော်တဆမှုကြောင့် တစ်ပါးပိုင်ပစ္စည်းတွေကို ပေးလျော်တဲ့ အာမခံပေါ်လာတာ ကောင်းပါတယ်။ ဒါပေမယ့် မုံရွာကားလောကက အာမခံထားတာ ရာခိုင်နှုန်းအနေနဲ့ ၁၀ ရာခိုင်နှုန်းလောက်သာရှိသေးတာကို တွေ့ရပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်လှိုင်က ပြောသည်။

မြန်မာနိုင်ငံအတွင်း မိုင် ၁၀၀ အထက် မည်သည့်မြို့ဖြစ်စေ ကိုယ်ပိုင်ယာဉ်၊ ခရီးသည်တင်ယာဉ်ဖြင့် သွားရာတွင် မတော်တဆထိခိုက်မှုများအတွက် ဂလိုဘယ်လ်အာမခံကုမ္ပဏီနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းတို့သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် MoU ထိုး၍ အာမခံလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဂလိုဘယ်လ်အာမခံကုမ္ပဏီ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ဆန်းလွင်လွင်ထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## သတိပြု အကျိုးရှု ရွန်နူ

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းရွန်နူ(ROANU)သည် ယခုလဆန်းပိုင်းက ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သည့် လေထုမတည်ငြိမ်မှုများမှအစပြုကာ မေ ၁၅ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် လေဖိအားနည်းရပ်ဝန်းမှ စတင်သန္ဓေတည်ခဲ့သည်။ ထို့နောက် မေလ ၁၇ ရက်တွင် မုန်တိုင်းငယ်အဖြစ် အကောင်ပေါက်ခဲ့ပြီး မေလ ၁၉ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အရှယ်ရောက်ကာ ဖြတ်သန်းရာလမ်းတစ်လျှောက် မွှေနှောက်လျက်ရှိသည်။

ထိုဖြစ်စဉ် စတင်စဉ်က သီရိလင်္ကာနိုင်ငံအနီးတွင် စတင်ဖြစ်တည်ကာ အနောက်ဘက် အိန္ဒိယနိုင်ငံ ကမ်းရိုးတန်းသို့ဦးတည်ပြီးနောက် ပြန်ကွေ့ကာ အရှေ့မြောက်ဘက်သို့ဦးတည်ခဲ့ခြင်းဖြစ်သည်။ ထိုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုဖြတ်၍ မြန်မာနိုင်ငံအတွင်းသို့ကျော်ဖြတ်ကာ ကုန်းတွင်းမုန်တိုင်းအဖြစ် ယနေ့စတင်ကြုံတွေ့နေရပြီဖြစ်သည်။ တစ်နာရီလျှင် ၁၀ မိုင်၊ ၁၅ မိုင်၊ ၂၅ မိုင်နှုန်းဖြင့် ရွေ့လျားခဲ့သည့် မုန်တိုင်းသည် တစ်ပတ်တာကာလအတွင်း ၎င်း၏အဝန်းအဝိုင်းအတွင်းသို့ မြန်မာနိုင်ငံ သက်ရောက်ခဲ့သည်။

မိုးလေဝသဌာန၏သတ်မှတ်ချက်အရ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်စက အဝါရောင်၊ မြန်မာနိုင်ငံဘက်သို့ ဦးတည်လာသောအခါ လိမ္မော်ရောင်၊ ယခုမြန်မာနိုင်ငံကုန်းတွင်းကို ဖြတ်သန်းနေသောကြောင့် အနီရောင်၊ ယခု ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးကို ဝင်ရောက်နေသောအချိန်ကာလတွင် အညိုရောင်နှင့် နောက်တစ်နေ့ မုန်တိုင်းကင်းစင်သွားသော အချိန်ကာလတွင် အစိမ်းရောင်ဟူ၍ မိုးလေဝသနှင့်ဇလဗေဒဌာနက နေ့စဉ်အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိသည်ကိုတွေ့ရသည်။

ယခုဆိုင်ကလုန်းမုန်တိုင်း၏ ဖြတ်သန်းရာခရီးလမ်းမှာ ရှည်လျားလှသည်။ စတင်ရာမှ မြန်မာနိုင်ငံအတွင်းသို့ ဖြတ်သန်းသည်အထိ မိုင်ပေါင်းထောင်ချီရှည်လျားခဲ့သည်။ မြန်မာနိုင်ငံအတွက် ကံကောင်းသည်မှာ ယခုဆိုင်ကလုန်းမုန်တိုင်းသည် နာဂစ်မုန်တိုင်း၏ပြင်းအားထက် တစ်ဝက်မျှသာရှိသဖြင့် ပျက်စီးထိခိုက်မှုအတန်အသင့် ရှိလောက်မည်ထင်သည်။ မုန်တိုင်းအကြိုကာလ ပြင်ဆင်မှုအခြေအနေများမှာလည်း များစွာပြောင်းလဲခဲ့ပြီး သတင်းထုတ်ပြန်မှုများ အဆက်မပြတ်ထင်သာမြင်သာ ဆောင်ရွက်နိုင်ခဲ့သလို အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများကျေနပ်ကြမည်ဖြစ်သည်။

ထို့ထက်ပို၍ ကျေနပ်ဖွယ်ကောင်းသည်မှာ ဆိုင်ကလုန်းမုန်တိုင်းရွန်နူက အယ်နီညိုအပူရှိန်ပြင်းထန်မှုဖြစ်စဉ်ကို ချေဖျက်ပေးလိုက်နိုင်သောကြောင့်ဖြစ်သည်။ မြန်မာပြည်သူအပေါင်းတို့မှာ ပြီးခဲ့သည့်ဧပြီလနှင့်မေလနှစ်ပတ်ခန့်ကြာအောင် အရှိန်ပြင်းသောအပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်ဒဏ်တို့ကို တစ်လခွဲကျော်ကြာ ခါးစည်းခံခဲ့ကြရပြီး အထူးသဖြင့် ရေရှားပါးပြတ်လပ်သည့် ဒုက္ခဆင်းရဲဒဏ်ကို နေ့စဉ်နှင့်အမျှ ကြုံတွေ့ခဲ့သဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြရသည်။

ယခုထိုအခက်အခဲများကို ကျော်လွှားလွန်မြောက်ခဲ့ရသည်မှာ မြန်မာနိုင်ငံနှင့်နိုင်ငံသားများအဖို့ ရွန်နူ၏ ကံကောင်းခြင်းလက်ဆောင်ဟု ဆိုရမလိုဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးရွာသွန်းလျက်ရှိပြီး အပူဒဏ်သက်သာကာ ရေများပင်ရရှိနေပြီ။ သို့သော် သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာသော လေပြင်းတိုက်ခြင်း၊ မိုးကြီးခြင်း၊ ရေကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်းနှင့် လေကြောင်းနှင့် ရေကြောင်းခရီးသွားလာမှုများကို အထူးသတိပြုဖို့လိုမည်ဖြစ်သည်။ လက်ရှိကြုံတွေ့မှုများတွင် လူသေဆုံးမှုဖြစ်စဉ်များ၌ သဘာဝဘေးကို ကြိုတင်သတိပေးနေသော်လည်း လူတို့၏သတိမမူသွားလာမှုများကြောင့်သာ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ဆိုင်ကလုန်းမုန်တိုင်းရွန်နူကြောင့် ဖြစ်ပေါ်လာသော သတိပြုရမည့်အချက်များနှင့်အကျိုးတရားများကို ပြည်သူပြည်သားများအားလုံး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

**ကြေးမုံစာတည်းရှုထောင့် ၂၂-၅-၂၀၁၆၊ တနင်္ဂနွေနေ့**

## တပ်ကုန်းမြို့နယ် စံပြအုန်းပင်ကျေးရွာသို့ ရေလှူဒါန်း

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် နေဝင်းဦးဆောင်၍ တပ်ဖွဲ့ဝင်အရာရှိ ခုနစ်ဦး၊ အခြားအဆင့် ၃၀ စုစုပေါင်း ၃၇ ဦးတို့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စံပြအုန်းပင်ကျေးရွာမှ အိမ်ထောင်စု ၅၀၀ တို့အား သောက်သုံးရေသန့်ဘူးကြီး ၅၀၀ နှင့် သုံးရေဂါလန်ပေါင်း ၁၅၀၀ တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ကို မော်တော်ယာဉ်များဖြင့် သွားရောက် လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

## ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် နေပြည်တော်တစ်ခွင် ဘုရားပုထိုးစေတီများ၌ ဘုရားဖူးကုသိုလ်ပြုသူများ စည်ကား



**နေပြည်တော် မေ ၂၁**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ကဆုန်လပြည့်နေ့ဖြစ်သည်။ ထိုနေ့တွင် ဗုဒ္ဓဘာသာဝင်များသည် ဘုရားရှင်ဖြစ်တော်မူသော နေ့ထူးနေ့မြတ်ကို ရည်စူး၍ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ၎င်းကို အစွဲပြု၍ ကဆုန်လပြည့်နေ့ကို ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းရသောနေ့အဖြစ် သတ်မှတ်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် နေပြည်တော်ရှိ ဘုရားပုထိုးစေတီများဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ နံနက်ပိုင်းတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းသည့် ဘုရားဖူးကုသိုလ်ကောင်းမှုပြုသူများနှင့် စည်ကားလျက်ရှိသည်။ ထို့ပြင် ပျဉ်းမနားမြို့ရှိ "စိုး" လျှပ်စစ်ဖောင်ဒေးရှင်းမှ အေးငြိမ်းချမ်းသာဂီလာန ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား စေတီတော်ရင်ပြင်အရောက် ဝှီးချဲများနှင့်ဘုရားဖူး ပို့ဆောင်ပေးခဲ့သည်ကို တွေ့ရသည်။ ညနေ ၅ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား အဋ္ဌမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ဓာတုဇယဓာတ်ပေါင်းစုစေတီ၌လည်း ယနေ့ ညနေပိုင်းတွင် အနီးရှိ ဝန်ထမ်းရပ်ကွက်များမှ ဝန်ထမ်းများက ကုလိုလ်ကောင်းမှုပြုလုပ်ခြင်း၊ ညောင်ရေသွန်းလောင်းခြင်းများဖြင့် ကုသိုလ်ပြုကြသည်ကို တွေ့ရှိရသည်။

ထို့အတူ ဗောဓိတောင်ညွန့်၌ တည်ထားကိုးကွယ်သော မဟာသကျရံသီရပ်တော်မူဘုရားနှင့် နေပြည်တော်ဗုဒ္ဓဂယာ သံဝေဇနိယလေးဌာနတို့တွင်လည်း စုပေါင်းညောင်ရေသွန်းလောင်းခြင်း၊ ဘုရားဖူးကုသိုလ်ပြုသူများနှင့် စည်ကားလျက်ရှိသည်။ အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆုတောင်းပြည့် လောကမာရဇိန်၊ ကိုးနဝင်းဆုတောင်းပြည့်စေတီ၊ ရန်အောင်မြင် ရွှေလက်လှစေတီ၊ စူဠာမဏိစေတီ၊ ဖောင်တော်ချက်မစေတီ၊ ရွှေရင်မျှော်စေတီစသည့် တန်ခိုးကြီးဘုရားများနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဘုရားစေတီများတွင် တရားဘာဝနာအားထုတ်ကြသူများ၊ ကုသိုလ်ပြုကြသူများ၊ ညောင်ရေသွန်းလောင်းသူများနှင့် စည်ကားလျက်ရှိသည်။

**(သတင်းစဉ်)**

## ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး မေ ၂၁**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထူးမြတ်ဆုံးသော ကဆုန်လပြည့်နေ့ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ မြို့တော်သူမြို့တော်သားများသည်လည်း ဘုရားပုထိုးစေတီများသို့ သွားရောက်ကာ ဘုရားရှင်အား ရည်မှန်း၍ ဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များဖြင့် ရေစင်သွန်းလောင်း ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းပွဲတော်ကို စည်ကားစွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ကဆုန်လပြည့်နေ့ နံနက်အရုဏ်တက်မှစ၍မန္တလေးပြည်သူများသည် မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကာ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသက်န်းများ ဆက်ကပ်လှူဒါန်းကြပြီး တောင်ဘက်စောင်းတန်းရှိ ဗောဓိပင်အား ရေစင်သွန်းလောင်းကာ ညောင်ရေသွန်း ပွဲတော်ကြီးကို ပျော်ရွှင်စွာ ကျင်းပကြသည်။

ထို့အတူ ချမ်းအေးသာစံမြို့နယ်ရှိ မဟာသကျသီဟ ရုပ်ပွားတော်မြတ်ကြီး၊ အောင်တော်မူမြတ်စွာဘုရား၊ ဆုတောင်းပြည့် မြတ်စွာဘုရားတို့တွင်လည်း နိဗ္ဗာန်စျေး ရောင်းချခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနှင့်အတူ ဘုရားဝတ်အသင်းများနှင့် ရပ်ကွက်နေပြည်သူများကလည်း စုပေါင်းလာရောက်၍ ညောင်ရေသွန်းလောင်းကာ ကုသိုလ်ပြုကြသည်။

ထို့အပြင် အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ မန္တလေးတောင်တော်နှင့် တောင်ခြေရှိ ကုသိုလ်တော်ဘုရား၊ စန္ဒမုနိနှင့် ကျောက်တော်ကြီး ဘုရားများတွင်လည်း ညောင်ရေသွန်းလောင်းလှူပွဲများ ကျင်းပခဲ့ကြပြီး ညနေပိုင်းတွင် မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင်တည်ရှိသော မင်းတုန်းမင်းကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းလှူပွဲကြီးကို တီးမှုတ်ကခုန် ကျွေးမွေး လှူဒါန်းခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြရာ ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ရွှေကြက်ယက်၊ ရွှေကြက်ကျမြတ်စွာဘုရား ကဆုန်ညောင်ရေသွန်းပွဲတော်ကိုလည်း အတီးအမှုတ် အကအခုန်များဖြင့် ဝန်းခင်းကာ လှည့်လည်ပူဇော်၍ ရွာပေါင်း ၁၅ ရွာက စုပေါင်းကာ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရှေးအစဉ်အဆက်မင်းများ လက်ထက်အတိုင်း စည်ကားစွာ ကျင်းပခဲ့သည်။

ယခုနှစ်တွင် ညနေ ၅ နာရီမှစ၍ မန္တလေးကျုံးပတ်လည်ထောင့်များတွင် သံယာတော်များက အန္တရာယ်ကင်းကမ္မဝါများရွတ်ဖတ်ကြရာ မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**(မင်းထက်အောင်)**

## ပြည်တွင်းရေးရာ

❒ ကျော်ဖုံးမှ

ဖြစ်သည်။ မြတ်စွာဘုရားနှင့် တိုက်ရိုက်ဆက်စပ်၍ ဗောဓိပင်၌ ရေသွန်းလောင်းခြင်းအစဉ်အလာကို ခေတ်အဆက်ဆက်ကျင်းပခဲ့ကြသည်။

မြန်မာ့ရိုးရာ ၁၂ လ ရာသီပွဲတော်များတွင်လည်း ကဆုန်လညောင်ရေသွန်းပွဲကို ရိုးရာပွဲတော်အဖြစ်သတ်မှတ်ခဲ့ကြသည်။

အထက်ပါအကြောင်းအရာများကို နှလုံးသွင်း၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ဗုဒ္ဓရုပ်ပွား ဥဒ္ဒိဿစေတီတော်များကို အနေကဇာတင် ဗုဒ္ဓါဘိသေက မင်္ဂလာသဘင်များကျင်းပခြင်း၊ ဘုရားကျောင်းကန်များသို့သွား၍ ဒါန သီလ ဘာဝနာများကိုပြုကြခြင်းဖြင့် ကုသိုလ်ကောင်းမှုယူကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့ နံနက် ၅ နာရီမှစတင်ကာ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုးများကိုယ်စီကိုင်ဆောင်ပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ခြင်း၊ စေတီတော်ရင်ပြင် အဂ္ဂိထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ခြင်းများဆောင်ရွက်ကြသည်။

ဘုရားဖူးလာပြည်သူများက ရွှေတိဂုံစေတီတော်ရင်ပြင်ထောင့်လေးထောင့်ရှိ မဟာဗောဓိညောင်ပင်များ၌ အသင့်ညောင်ရေသွန်းလောင်းနိုင်ရန် ဘာသာရေးအသင်းအဖွဲ့များက ကုသိုလ်ယူ ကူညီဆောင်ရွက်ပေးကြပြီး အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းကြသည်။

မဟာဝိဇယစေတီတော်၏ အကြိမ်(၃၀)မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲကို နံနက်ပိုင်းတွင်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက မဟာဗောဓိညောင်ပင်အား ရေသွန်းလောင်းခြင်း၊ "ဥဒ္ဒိဿိယ ဇိနံ ဗုဒ္ဓံ"အစချီသော ညောင်ရေသွန်းဂါထာကို ရွတ်ဆိုပူဇော်ခြင်း၊ "ဇယောဟိ ဗုဒ္ဓဿ" ဂါထာတော် ရွတ်ဆိုခြင်း၊ "ဗောဓိညောင်နန်း"အစချီသော ရှစ်လုံးဘွဲ့ကဗျာ ရွတ်ဆိုပူဇော်ခြင်း၊ "ဇယန္တော" အစချီသော ဆုတောင်းပတ္ထနာ (၆)ဂါထာဖြင့် ရွတ်ဆိုပူဇော်ခြင်း၊ "သွန်းကြ သွန်းကြ" အစချီသော ကဗျာများဖြင့် ရွတ်ဆိုခြင်း၊ ပူဇော်ခြင်းများဆောင်ရွက်ကြပြီး ညောင်ရေသွန်းလောင်းကြသည်။

ရွှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၄၁)ကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ စေတီတော် အာရုံခံတန်ဆောင်းများ၌ သစ်သီးများနှင့် မုန့်ဆွမ်းများကပ်လှူပူဇော်ခြင်း၊ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာများအား အရုဏ်ဆွမ်းကပ်လှူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့များက ရှစ်ပါးသီလခံယူဆောက်တည်ကြကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်ပူဇော်ကြ၍ အဂ္ဂိထောင့်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြသည်။



၁၃၇၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဗိုလ်တထောင်စေတီတော်မြတ်ကြီး၏ မဟာဗောဓိမဂ္ဂင်မြိုင် ဥယျာဉ်အတွင်း တည်ရှိသည့် မဟာဗောဓိပင်၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်စဉ်။ (ငွေးအောင်)



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းသူများအား တွေ့ရစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ နံနက် ၆ နာရီမှစကာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်ပြီး "မဟာဗောဓိဒုမေနထောမသော" ဂါထာရွတ်ဆိုခြင်း၊ "ဥဒ္ဒိဿိယ ဇိနံ ဗုဒ္ဓံ"အစချီသော ညောင်ရေသွန်း ဂါထာကို ရွတ်ဆိုပူဇော်ကြပြီး ညောင်ရေသွန်းလောင်းကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲကို ကျင်းပရာ ဆိပ်ကမ်းမြို့နယ် ပုညသုခကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် အမှူးပြုသော ဆရာတော်များကြွရောက်ကြပြီး မေတ္တသုတ်ပရိတ်တရားတော်များ၊ ဩဝါဒကထာနှင့် အနုမောဒနာတရားများချီးမြှင့်ပြီး မဟာဗောဓိပင်၌ ကဆုန်ညောင်ရေသွန်းလောင်းကြသည်။

ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ (၁၈)ကြိမ်မြောက် ညောင်ရေသွန်းလောင်းပွဲကို ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး စေတီတော်ဩဝါဒါစရိယ ကန်ဦးကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များထံမှ ရှစ်ပါးသီလခံယူဆောက်တည်ခြင်း၊ ရေစက်ချအမျှပေးဝေခြင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ဆူးလေစေတီတော်၊ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကဆံ စေတီတော်၊ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မယ်လမုဘုရား၊ ဥက္ကလာပစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့ကျိုက္ကလဲ့ စေတီတော်၊ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရားနှင့် မြို့နယ်အသီးသီးရှိ ဘုရားပုထိုးစေတီတို့၌ ဗုဒ္ဓအခါတော်နေ့၌ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားများကျင်းပကြပြီး မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ရာတွင် ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရန်အတွက် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုး၊ အမွှေးနံ့သာရည်များကို စီစဉ်ပေးထားကြောင်းတွေ့ရသည်။

ထို့ပြင် ဘုရားစေတီများနှင့် မြို့နယ်၊ ရပ်ကွက်များရှိ ဓမ္မာရုံများ၊ လမ်းများ၌ စေတနာရှင် အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းအချို့နှင့် အငှားယာဉ်အချို့ကလည်း ရဟန်းသံဃာများ၊ သီလရှင်များ၊ ဘုရားဖူးလာပြည်သူများအား အဆင်ပြေချောမွေ့သွားလာနိုင်စေရန်အတွက် အခမဲ့ ပြေးဆွဲပေးလျက်ရှိကြောင်းတွေ့ရသည်။

**(ရီရီမြင့်၊ ဥမ္မာသန့်)**



မင်္ဂလာဒုံမြို့နယ် ကျက်သရေဆောင် သမိုင်းဝင်ကျိုက္ကလော့စေတီတော်မြတ်ကြီး၏ (၅၄)ကြိမ်မြောက် ဗောဓိပင် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၂၁ ရက် နံနက် ၆ နာရီက စေတီတော်မြတ်ကြီး၏ အာရုံခံတန်ဆောင်း၌ ကျင်းပစဉ်။ ကျော်ဝင်း(ခူဝံ)



ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဂန္ဓကုဋိတိုက်ရှေ့၌ (၁၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို မေ ၂၁ ရက် နံနက် ၆ နာရီက ကျင်းပစဉ်။ မြင့်ဦး(အင်းစိန်)

# ဂုဏ်ယူစရာမှတ်တိုင်တစ်ခုအဖြစ် နှစ်ပေါင်း(၃၀)တိုင် မားမားမတ်မတ် ရပ်တည်ခဲ့ပြီး သုတ၊ ရသစာပေများ စုံလင်လှသည့် NPE စာအုပ်အရောင်းဆိုင်

**ရန်ကုန် မေ ၂၁**

အလုပ်အားလပ်ရက်ဖြစ်၍ မောင်ချစ်ဖေ တစ်ယောက် ရန်ကုန်မြို့လယ် ပန်းဆိုးတန်းလမ်းဘက်သို့ ခြေဦးလှည့်ဖြစ်သည်။ အိတ်ကပ်ထဲတွင် အိမ်သူအမျိုးသမီးမသိအောင် လစာထဲက လျှိုထားသည့်ဘတ်ငွေတစ်သောင်းနီးပါးရှိသည်။ ထိုဘတ်ငွေများကား ဖြစ်ရည်ဆိုင်ထိုင်ရန်မဟုတ်။ ပြီးခဲ့သည့်လများကတည်းက ဝယ်ယူရန် စိတ်ကူးထားသည့် သတင်းစာဆရာကြီး အိုးဝေ ဦးညိုမြ၏ အိုးဝေလက်ဖက်ရည်ကြမ်းဝိုင်းဆောင်းပါး ပေါင်းချုပ်(ဒုတိယတွဲ)စာအုပ်ကို ဝယ်ယူရန် ဖြစ်သည်။

ယင်းစာအုပ်ကို ပြီးခဲ့သည့် လများကတည်းက ဝယ်ယူရန် လက်ယားနေသော်လည်း ထိုစဉ်က အိုးဝေလက်ဖက်ရည်ကြမ်းဝိုင်း(ပထမတွဲ)ကို ဝယ်ယူစ ဖတ်ရှုဆဲဖြစ်နေသည်က တစ်ကြောင်း၊ လတ်တလောထွက်ရှိသည့် အောင်ဒင်၏နွေတစ်ညမှ အစပြု၍ စာအုပ်ကို ပူပူနွေးနွေး ဝယ်ယူလိုသည်က တစ်ကြောင်းကြောင်းကြောင့် ယခုမှ ဝယ်ယူဖြစ်ခဲ့ခြင်းဖြစ်သည်။

သို့နှင့် မောင်ချစ်ဖေ တစ်ယောက် ပန်းဆိုးတန်းလမ်း တစ်လျှောက်သို့ ရောက်ခဲ့ချေပြီ။ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းတစ်လျှောက်ကား စာပေဝါသနာရှင် စာမွေ့သူတို့ မွေ့လျော်ပျော်ပိုက်ရာ အထင်ကရနေရာတစ်ခုဖြစ်သည်။ လမ်းဘေးစာအုပ်အဟောင်းဆိုင်များသာမက စာအုပ်အရောင်းခန်းမကြီးများစွာလည်း စီရရီရှိသည်။

လတ်တလောထွက်ရှိသည့် စာအုပ်စာပေများကို ဝယ်ယူဖတ်ရှုချင်သလား၊ စာအုပ်အရောင်းခန်းမကြီးကို သွား၊ ရှားပါးမှုရင်းစာအုပ်အဟောင်းများ ဝယ်ယူဖတ်ရှုချင်သလား၊ လမ်းဘေးစာအုပ် အဟောင်းတန်းကိုသွားဟု ညွှန်းဆိုရပေမည်။ သို့တည်းမဟုတ်၊ လတ်တလော မဝယ်ယူဘဲ စာမြည်းအဖြစ် လေ့လာလိုသလား၊ ပန်းဆိုးတန်းစာအုပ်တန်းကို သွားဟုဆိုရမည်ဖြစ်သည်။

ကနဦး လမ်းဘေးစာအုပ်အဟောင်းဆိုင်တန်းဆီသို့ရောက်တော့ ၁၉၈၇၊ ၁၉၈၈၊ ၁၉၈၉ ခုနှစ် ဝန်းကျင်က ကျီးပျော်စာပေတိုက်က ထုတ်ဝေခဲ့သည့် “မေ့ပျောက်၍ မရနိုင်သော အောင်ဆန်း” စာအုပ်နှင့် ၁၉၉၀ ကျော်လွန်နှစ်များအတွင်းက ဖလင်စတားစာပေက ထုတ်ဝေသည့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာ၏ မုဆိုးစာအုပ်အတွဲများကို တစ်အုပ်လျှင် ငွေကျပ် ရာဂဏန်းသာသာဖြင့် ဝယ်ယူနိုင်ခဲ့မှုတို့ကို ပြန်လည်အမှတ်ရမိသည်။

ထို့နောက်ပိုင်းတွင် ရန်ကုန်ပန်းဆိုးတန်းစာအုပ်အဟောင်းဆိုင်တန်းတို့၏ ရွှေခေတ်တစ်ခေတ်ဖြစ်ခဲ့သည်။ အင်မတန်ရှားပါးသည့် ပညာရပ်ဆိုင်ရာ စာအုပ်များဆိုလျှင် ငွေကျပ် သောင်းဂဏန်းအထိ ဈေးပေါက်ခဲ့သည်။ ကြယ်နီ၏ “ကိုတံငါ”စာအုပ်ဆိုလျှင် ငွေကျပ်တစ်သောင်းဈေးခေါ်၍ မောင်ချစ်ဖေတစ်ယောက် လန့်ဖျပ်သွားခဲ့ဖူးသည်။

သို့သော်ငြား စာပေထုတ်ဝေခွင့်များ ဖြေလျှော့ပြီးနောက်ပိုင်းနှင့် ပြီးခဲ့သည့်အစိုးရခေတ်တွင် စာပေစိစစ်ရေးဌာနကို ဖျက်သိမ်းပြီးနောက်ပိုင်းတွင် စာပေတိုက်များက ရှားပါးစာအုပ်များကို ပြန်လည်ရိုက်နှိပ်ထုတ်ဝေလာကြရုံသာမက အသစ်အသစ်သော စာအုပ်များကိုလည်း ဟောတစ်အုပ်၊ ဟောတစ်အုပ် ဖြန့်ချိထုတ်ဝေလာကြသဖြင့် ပန်းဆိုးတန်းစာအုပ်အဟောင်းတန်း၏ လက်ရှိကျန်းမာရေးမှာ မာမာချာချာ သိပ်မရှိတော့။ မောင်ချစ်ဖေပင်လျှင် မဝယ်ယူနိုင်ခဲ့သည့် ကြယ်နီ၏ “ကိုတံငါ” စာအုပ်အစားရာပြည့်စာပေတိုက်က ပြန်လည်ထုတ်ဝေခဲ့သည့် ကြယ်နီ၏ ကိုတံငါပေါင်းချုပ် စာအုပ်ကြီးကို ငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူနိုင်ခဲ့၍ ယနေ့တိုင် ကျေနပ်မဆုံးဖြစ်ရသည်။

ထို့အတူ ယခင်က မိတ္တူကိုပင် ဈေးကြီးပေးဝယ်ခဲ့ရသည့် အောင်ဆန်း၏အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်များ၊ ဦးနု၏ တာတေစနေသားစာအုပ်များကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူဖတ်ရှုခွင့်ရခဲ့ပြန်သည်။

သို့မို့ကြောင့် မောင်ချစ်ဖေသည် ရန်ကုန်မြို့၏ စာတောပေတော၊ စာဝက်ပါဖြစ်သည့် ပန်းဆိုးတန်းစာအုပ်တန်းသို့ မကြာမကြာရောက်ဖြစ်သည်။ မဝယ်နိုင်သေးလျှင် စာမြည်းသည်၊ ကြိုက်နှစ်သက်လျှင် စိတ်ထဲ၌တေးမှတ်ထားမည်။ လစာထုတ်လျှင် အိမ်သူသက်ထားမသိအောင် ဘတ်ငွေအဖြစ် သိမ်းထားမည်။ ဝယ်ပြီးလျှင် သူအိပ်မှ ခိုးဖတ်မည်၊ ပြီးလျှင် ယခင်ဝယ်ပြီးသား စာအုပ်များထားရှိရာ စာဗီရိုထဲရောနှောထားမည်။ မေ့လောက်မှ သူဖတ်ရန် မလှမ်းမကမ်းတွင် ချထားမည်။ သူမေးလျှင်ဝယ်ထားတာကြာပြီ၊ အခုမှဖတ်ဖြစ်သည်ဟု ရောသမမွှေလိုက်မည်။ သို့မဟုတ်ပါက အိမ်သူသက်ထားကား ဆီကုန်ပြီ၊ ဆန်ကုန်ပြီ၊ ဘာကုန်ပြီ၊ ညာကုန်ပြီဆိုလျှင်ဖြင့် စာအုပ်မဝယ်နိုင်ဖြစ်ချေမည်။ ငတ်ကာမှ ငတ်ရော့၊ မောင်ချစ်ဖေကတော့ လစာထုတ်ရက်တွင် စာအုပ်တစ်အုပ်၊ နှစ်အုပ်ကတော့ ပုံမှန်ဝယ်ဖြစ်သည်။ ဤကား မောင်ချစ်ဖေကျင့်သုံးလေ့ရှိသည့် နည်းဗျူဟာတစ်ရပ်ဖြစ်ပေသည်။

> **နည်းပညာမြင့်မားလာသည့် မျက်မှောက်ကာလတွင် စာအုပ်စာပေဖတ်ရှုသူများ တစ်နေ့တခြား နည်းပါးလာမှုကြောင့် ရပ်ကွက်စာအုပ်အငှားဆိုင်များ ခေတ်တစ်ခေတ် ချုပ်ငြိမ်းစပြုလာသည့်ကြားတွင် ဤသို့ ကြံ့ကြံ့ခံရပ်တည်နိုင်ခြင်းမှာ လွယ်ကူမည်တော့ မဟုတ်ချေ။**

ထိုနည်းတူ ရန်ကုန်မြို့ ပန်းဆိုးတန်းသို့ ရောက်လေတိုင်း မောင်ချစ်ဖေ မပျက်မကွက် ဦးတည်သွားရောက်သည့် စာအုပ်အရောင်းခန်းမက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(NPE) စာအုပ်ဆိုင်ဖြစ်လေသည်။

NPE စာအုပ်ဆိုင်တွင် ဘာသာရေး၊ လူမှုရေး၊ ဥပဒေ၊ ကျန်းမာရေး၊ အဘိဓာန်၊ အင်္ဂလိပ်စကားပြော၊ အတ္ထုပ္ပတ္တိ၊ အတတ်ပညာပိုင်းနှင့် ဗဟုသုတ စာကောင်းပေမွန်များ၊ နှစ်ချုပ်စာအုပ်များနှင့် အစိုးရထုတ်စာအုပ်များ စုံလင်၍ဖြစ်သည်။ အထူးသတိပြုမိသည်မှာ စာပေဝါသနာရှင်များသာမက ပညာရပ်ပိုင်းဆိုင်ရာ စာတမ်းပြုစုသူများ၊ သုတေသီများနှင့် မကြာခဏတိုးမိခြင်းပင် ဖြစ်သည်။

နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားသည်ကတစ်ကြောင်း၊ အေးမြသည့် လေအေးပေးစက်ပါ တပ်ဆင်ဖွင့်လှစ်ပေးထားသည်က တစ်ကြောင်းကြောင့် ယခုလို ပူပြင်းသည့် ဥတုအခါသမယတွင် မရည်ရွယ်ဘဲ ပန်းဆိုးတန်းလမ်း အလယ်ဘလောက် ရောက်လေတိုင်း မောင်ချစ်ဖေတစ်ယောက် ခေတ္တခဏ အပူရှောင်ရင်း စာမြည်းလေ့ရှိသည်။

အလုပ်မအားလပ်၍ မရောက်ဖြစ်ပါက ရင်းနှီးနေသူ NPE စာအုပ်ဆိုင်အရောင်းတာဝန်ခံ ကိုထိန်လင်းထံ ဖုန်းဆက်၍ စာအုပ်အသစ်များထွက်ရှိမှုကို စေ့ငုမေးမြန်းဖြစ်သည်။ တစ်ခါတစ်ရံ လူကြိုက်များပြီး ပထမအကြိမ်မှာပင် ပြိုက်ခနဲ ကုန်သွားမည့်စာအုပ်များကို သတင်းစာကြော်ငြာများတွင်တွေ့ရှိမိပါက ကိုထိန်လင်းထံ ဖုန်းဖြင့်ဆက်သွယ်ပြီး ချန်ထားခိုင်းရသည်။

သူနှင့်ဆက်စပ်ပြီး NPE စာအုပ်အရောင်းဆိုင်၏ သမိုင်းကိုလည်း လေ့လာသိရှိခွင့်ရခဲ့သည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်ကို ၁၉၈၆ ခုနှစ် နိုဝင်ဘာလတွင် ယခုလက်ရှိ ပန်းဆိုးတန်း(အလယ်)ဘလောက်တွင် မြဝတီစာပေတိုက်မှ ဝန်ထမ်းနှစ်ဦး၏အကူအညီဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုစဉ်က ရည်ရွယ်ချက်မှာ လက်ရှိတာဝန်ထမ်းဆောင်သော ဝန်ထမ်းများ၏ သက်သာချောင်ချိရေး၊ နိုင်ငံတော်၏ မူဝါဒနှင့်ပတ်သက်သော စာအုပ်များရောင်းချနိုင်ရေး၊ စာပေ ချစ်မြတ်နိုးသူများအတွက် စာအုပ်ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူဖတ်ရှုနိုင်ရေးနှင့် NPE လုပ်ငန်းအတွက် စာအုပ်ဆိုင်ရှိသင့်၍ ဖွင့်လှစ်နိုင်ရေးဖြစ်ကြောင်းဆိုသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် နိုင်ငံရေးစာပေများအပါအဝင် စာအုပ်များထုတ်ဝေခဲ့ပြီး နိုင်ငံတော်အခမ်းအနားများတွင် စာအုပ်ဆိုင်များ သွားရောက်ဖွင့်လှစ် ရောင်းချပေးခဲ့၍ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အမြတ်ငွေများ ရှာဖွေပေးနိုင်ခဲ့ကြောင်းလည်း သိရသည်။

၁၉၉၇ ခုနှစ် ဩဂုတ်လတွင် သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ ခုနှစ် မေလတွင် မူလ ပန်းဆိုးတန်းလမ်း(အလယ်) ဘလောက်သို့ ပြန်လည်ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

သို့ဆိုလျှင် NPE စာအုပ်ဆိုင်၏ သက်တမ်းကား ယခုနှစ်မေလတွင် နှစ်ပေါင်း (၃၀) တင်းတင်းပြည့်မြောက်ခဲ့ချေပြီ။ အမှန်စင်စစ် ဆယ်စုနှစ် သုံးစုတိုင် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ခြင်းက ဂုဏ်ယူစရာမှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။

နည်းပညာမြင့်မားလာသည့် မျက်မှောက်ကာလတွင် စာအုပ်စာပေဖတ်ရှုသူများ တစ်နေ့တခြား နည်းပါးလာမှုကြောင့် ရပ်ကွက်စာအုပ်အငှားဆိုင်များ ခေတ်တစ်ခေတ် ချုပ်ငြိမ်းစပြုလာသည့်ကြားတွင် ဤသို့ကြံ့ကြံ့ခံရပ်တည်နိုင်ခြင်းမှာ လွယ်ကူမည်တော့မဟုတ်ချေ။

မောင်ချစ်ဖေကမူ လတ်တလော ပန်းဆိုးတန်း စာတောပေတော စာဝက်ပါအတွင်းသို့ ရောက်လေတိုင်း NPE စာအုပ်အရောင်းဆိုင်သို့ ဦးတည်သွားရောက်စမြဲ။ အေးမြသည့် လေအေးပေးစက် အာဝါသအောက်တွင် ကိုယ်ကြိုက်နှစ်သက်ရာ စာအုပ်ကိုဝယ်ယူတန် ဝယ်ယူ၊ စာမြည်းတန် စာမြည်းနေဆဲ။

သို့ဖြင့် တစ်ခေတ်တစ်ခါက နာမည်ကျော်ဆရာကြီး သော်တာဆွေက သူ၏ဇနီး အန်တီမေ ဖွင့်လှစ်ရောင်းချသည့် မုန့်ဟင်းခါးဆိုင်အကြောင်းကို သူ့စာပေထဲတွင် သွားစမ်း ဘားလမ်း၊ စားစမ်း သော်တာဆွေ ဇနီး မေမုန့်ဟင်းခါး”ဟု ထည့်သွင်းရေးသားသကဲ့သို့နှယ် ဘဝတူ စာပေဝါသနာရှင်စာမွေ့သူများသာမက သုတေသီများ၊ စာတမ်းရှင်များအနေဖြင့်လည်း ရန်ကုန်မြို့ ပန်းဆိုးတန်း ရောက်လျှင်ဖြင့် သွားစမ်း ပန်းဆိုးတန်း၊ လေအေးပေးစက် အောက်မှာ ဖတ်စမ်း၊ မြည်းစမ်း NPE စာအုပ်အရောင်းဆိုင်ဟု သတင်းစကားပါးလိုက်ရပါသည်။ ။

**သတင်းဆောင်းပါး - ခင်မောင်ထွေး**

## ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ (၂၀၁၆-၂၀၁၇ ပညာသင်နှစ်)

**အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်အတွက် အခမဲ့ထောက်ပံ့မှုများ**

- သူငယ်တန်း (KG) အတွက် ကျောင်းဝတ်စုံ တစ်စုံ **(အခမဲ့)**
- မူလတန်းအဆင့်အတွက်ကျောင်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ **(အခမဲ့)**
- အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ **(အခမဲ့)** (ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေး ကင်းလွတ်ခွင့်)
- အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ **(အခမဲ့)** (ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်)

**ပညာရေးဝန်ထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ**

- ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူအားလုံးကို မည်သည့် **အခကြေးငွေ**မှ ကောက်ခံခြင်းမပြုရ။
- ကျောင်းအပ်နှံခြင်းအတွက် **ငွေကြေး/လက်ဆောင်** ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ** ရောင်းချခြင်းမပြုရ။
- အခြားမည်သည့်ပစ္စည်းကိုမှ ရောင်းချခြင်းမပြုရ။

**မိဘများသို့မေတ္တာရပ်ခံချက်**

- မိမိတို့သက်ဆိုင်ရာနယ်မြေများတွင်သာ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံကြပါရန်။
- ကျောင်းအပ်နှံခြင်းအတွက် မိဘပြည်သူများက **ငွေကြေးနှင့် လက်ဆောင်** ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကိုပေးအပ်ခြင်းမပြုရန်။
- ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ကို မျှဝေခြင်းအစီအစဉ်နှင့်လည်း ပူးပေါင်းပြီးလုံလောက်စွာဖြန့်ဝေပေးလိုပါသဖြင့် သတ်မှတ်မြို့နယ်အလိုက် ကျောင်းဝင်ခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုမိုချောမွေ့ အဆင်ပြေစေမည့်နည်းလမ်းများကို အကြံပြုကြပါရန်။

**ပညာရေးဝန်ကြီးဌာန**

## ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မိုးကြိုကာလတွင် မြို့နယ်တိုင်း ရေစီးဆင်းမှုကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၉၊ ၂၀ ရက်တို့တွင် စက်ယန္တရားဖြင့် ကျိုက္ကဆံလမ်းနှင့် သမိန်ဗရမ်းလမ်းမှအစပြုကာ နတ်ချောင်းအတွင်းစီးဝင်သည့် မြေအောက်မြောင်းများအား ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

“၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကစပြီး မိုးမခချောင်းကနေ စီးဆင်းလာကာ ၁၅၅ လမ်းကနေတစ်ဆင့် ဗလီထိပ်ကိုဖြတ်တဲ့ မြေအောက်မြောင်းတွေကို အသစ်ချဲ့ပြီး လုပ်ပေးထားလို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ လုံးဝရေမလျှံပါဘူး။ ဒါပေမယ့် မိဘပြည်သူတွေ ရေလျှံမှုမကြုံတွေ့ရအောင် မြောင်းဖုံးတွေဖွင့်ပြီး ရှင်းလင်းပေးရတာပါ။ အသစ်လုပ်ပေးထားပေမယ့်လည်း အမှိုက်တွေနဲ့ပြည့်နေတာကြောင့် စက်ယန္တရားနဲ့ အင်ဂျင်နီယာတွေ ကြပ်မတ်ပြီးဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်”ဟု တာမွေမြို့နယ် တာဝန်ခံ အင်ဂျင်နီယာဌာနစုမှူး ဦးနေခြည်ဦးက ပြောသည်။

(၁၉၇)



# ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဇုန်၌ ရဲနှင့် ဆန္ဒပြသူများ အဓိကရုဏ်းဖြစ်၊ လူလေးဦးသေဆုံးပြီး ၉၀ ခန့် ဒဏ်ရာရ

**ဘဂ္ဂဒက် မေ ၂၁**

ဘဂ္ဂဒက်မြို့ရှိ လုံခြုံရေးထူထပ်စွာချထားသည့် အစိမ်းရောင်ဇုန်တွင် မေ ၂၀ ရက်က အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအတွက် ဆန္ဒပြနေသူများနှင့် အီရတ် ရဲတပ်ဖွဲ့အကြား အဓိကရုဏ်းဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးပြီး ၉၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံ သတင်းရင်းမြစ်များက စနေနေ့တွင် ပြောကြားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် ဆန္ဒပြသမားများအား ဖြိုခွင်းရာတွင် ကျည်ဆန် အစစ်အမှန်များနှင့် ရော်ဘာကျည်များ၊ မျက်ရည်ယိုဗုံးများကိုပါ အသုံးပြုခဲ့ကြသည်။ အဓိကရုဏ်းဖြစ်ပွားရာ အစိမ်းရောင်ဇုန်မှာ လူနေအိမ်ခြေများ၊ အစိုးရအဆောက်အအုံများ၊ အီရတ်ပါလီမန်အဆောက်အအုံနှင့် နိုင်ငံခြားသံရုံးများ တည်ရှိရာဒေသဖြစ်သည်။ အီရတ် ပါလီမန်အဆောက်အအုံအတွင်းသို့ ဆန္ဒပြသူများက စီးနင်းဝင်ရောက်ခဲ့သည်။

ထိခိုက်ဒဏ်ရာရသူများအား ဘဂ္ဂဒက်မြို့ရှိ ဆေးရုံလေးရုံသို့ တင်ပို့ထားပြီး သေဆုံးသွားသူများအား ဗဟိုရင်ခွဲရုံသို့ပို့ဆောင်ခဲ့ရာ မျက်ရည်ယိုဗုံးကြောင့် မီးခိုးမွှန်ကာ အသက်ရှူကျပ်၍ သေဆုံးရသောလက္ခဏာမတွေ့ရှိရဘဲ သေနတ်ကျည်သင့်ကာ သေဆုံးကြခြင်း ဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။

ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဇုန်အတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးကို ချိုးဖောက်စေသည့် ဖြစ်ရပ်ဖြစ်ပွားခြင်းမှာ လအနည်းငယ်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။

ယင်းဆန္ဒပြသူများထဲတွင် ဘဂ္ဂဒက်မြို့မှ ဩဇာအာဏာကြီးမားသည့် ရှီးယိုက် မွတ်ဆလင်ဘာသာရေးခေါင်းဆောင် မော့တာဒါ အယ်လ်ဒါအား ထောက်ခံသူများနှင့် အခြားသော အဖွဲ့အစည်းများမှ ပြည်သူများပါဝင်ပြီး အီရတ်အစိုးရ၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလုပ်ငန်းတွင် အောင်မြင်မှုမရခြင်းနှင့် အိုင်အက်စ်စစ်သွေးကြွများ၏ ဗုံးခွဲ တိုက်ခိုက်မှုများအပေါ် အီရတ်အစိုးရက လုံခြုံရေးအရဆောင်ရွက်ရာ၌ တိုးတက်မှု မရှိခြင်းတို့အား မကျေနပ်၍ ဆန္ဒပြကြခြင်းဖြစ်သည်။

**ရိုက်တာ။**

# နျူကလီးယားကင်းစင်သော ကမ္ဘာအား လိုလားကြောင်း ဂျပန်ပြည်သူများဆို

**တိုကျို မေ ၂၁**

ဒုတိယကမ္ဘာစစ်အတွင်း အက်တမ်ဗုံးဒဏ်မှ လွတ်မြောက်လာသူများအဖွဲ့က အိုဘားမားအနေဖြင့် ဟီရိုရှီးမား ခရီးစဉ်အတွင်း နျူကလီးယား လက်နက်ကင်းစင်သော ကမ္ဘာဖြစ်လာစေရန် အားထုတ်မှုများ ပိုမိုပြုမည်ဟု မျှော်လင့်ကြောင်း မေ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

စက်မှုထိပ်သီးခုနစ်နိုင်ငံ၏ ဆွေးနွေးပွဲအား လာမည့် သီတင်းပတ်အတွင်း တက်ရောက်ပြီးနောက် အိုဘားမားသည် ၁၉၄၅ ခုနှစ်က အမေရိကန်၏ အဏုမြူဗုံးကြဲချခြင်း ခံခဲ့ရသော ဟီရိုရှီးမားသို့ ပထမဆုံးသော အမေရိကန် သမ္မတတစ်ဦးအနေဖြင့် သွားရောက်မည်ဖြစ်သည်။ အိုဘားမားအနေဖြင့် ဟီရိုရှီးမားကို လည်ပတ်ပြီးပါက နျူကလီးယားလက်နက်နှင့်ပတ်သက်ပြီး မုန်းတီးစိတ်များ ဖြစ်ပေါ်နိုင်တယ်လို့ ဂျပန်အက်တမ်နှင့် ဟိုက်ဒရိုဂျင်ဗုံး ဒဏ်မှ လွတ်မြောက်လာသူများအဖွဲ့မှ အတွင်းရေးမှူးချုပ် တီရူမီတာနာကာက ပြောကြားသည်။

ပရက်မြို့တွင် ၂၀၀၉ ခုနှစ်က နျူကလီးယားလက်နက်ကင်းစင်သောကမ္ဘာတည်ဆောက်ရန် ကမ္ဘာတစ်ဝန်းအား တိုက်တွန်းမှုဖြင့် နိုဘယ်ငြိမ်းချမ်းရေးဆုချီးမြှင့်ခြင်း ခံရသော အိုဘားမားအား အဆိုပါလုပ်ငန်းအတွက် အကောင်အထည်ဖော်နိုင်ခြင်း မရှိသည့်အတွက် နျူကလီးယားဗုံးဒဏ်မှ လွတ်မြောက်လာခဲ့သော ဂျပန်ပြည်သူများက စိတ်ပျက်လျက်ရှိသည်။

အဆိုပါအဖွဲ့က တိုကျိုရှိ အမေရိကန်သံရုံးနှင့် အိမ်ဖြူတော်သို့ အဆက်အသွယ်ပြုလုပ်ပြီး အိုဘားမား၏ သမ္မတသက်တမ်းအတွင်း အမေရိကန်အနေဖြင့် နျူကလီးယားလက်နက် စမ်းသပ်မှုပိတ်ပင်ရေးစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးရန်ပန်ကြားခဲ့သည်။

**ကျိုဒိုနယူးစ်။**

# အီဂျစ်ပျောက်ဆုံးလေယာဉ်မှ အချက်ပေးမှုများရရှိခဲ့ဟုဆို

**ကိုင်ရို မေ ၂၁**

မေ ၁၉ ရက်ကပျက်ကျသွားသော အီဂျစ်လေယာဉ်အနေဖြင့် မြေထဲပင်လယ်ထဲသို့ပျက်မကျမီအချက်ပေးမှုများ အဆက် မပြတ်ထုတ်လွှင့်ခဲ့ကြောင်း ပြင်သစ်ဘီအီးအေ လေကြောင်း မတော်တဆမှုစုံစမ်းစစ်ဆေးရေးအေဂျင်စီက မေ ၂၁ ရက်တွင် ပြောကြားသည်။ "ဒါပေမယ့် ဒီအချက်ပြမှုဟာ ဘာကြောင့်လေယာဉ်ကိုယ်ထည်မှာ မီးလောင်မှု(သို့) မီးခိုးများဖြစ်လာရသည်ဆိုသည့် အကြောင်းရင်းကို မဖော်ပြနိုင်ခဲ့ပါဘူး"ဟု အဆိုပါအေဂျင်စီ၏ ပြောခွင့်ရသူက ပြောကြားသည်။

လောလောဆယ် အရေးကြီးသည်မှာ လေယာဉ်ကို ရှာတွေ့ရန်နှင့် လေယာဉ်ပျံသန်းမှုမှတ်တမ်းတင် ကိရိယာ နှစ်ခုကို ရှာတွေ့ရန်သာဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ အဆိုပါပျက်ကျသွားသော လေယာဉ်သည် ခရီးသည် ၆၆ ဦးအား တင်ဆောင်ပြီး ပဲရစ်မှ ကိုင်ရိုသို့ ပျံသန်းလာစဉ် ရေဒါပေါ်မှ ပျောက်ကွယ်သွားခြင်းဖြစ်သည်။

လေကြောင်းပျံသန်းရေးဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခု ဖြစ်သော Aviation Herald ၏ ထုတ်ပြန်ချက်အရ အချိန် ၃ မိနစ်အတွင်း အချက်ပေးမှု ၇ ခုကို ထုတ်လွှင့်ခဲ့ကြောင်း၊ ၎င်းတို့တွင် လေယာဉ်၏အိမ်သာထဲနှင့် လေယာဉ် အချက်ပြကိရိယာများရှိသော အခန်းထဲမှ မီးခိုးများထွက် လာမှုတို့ပါဝင်ကြောင်း သိရသည်။

**ရိုက်တာ။**



# ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းတစ်လျှောက် ဆိုင်ကလုန်း "ရွှန်နူ" ဝင်ရောက်တိုက်ခတ်၊ အနည်းဆုံးလူ ခြောက်ဦးသေဆုံး

**ဒါကာ မေ ၂၁**

ဘင်္ဂလားပင်လယ်အော်ကမ်းရိုးတန်းတစ်လျှောက် ဆိုင်ကလုန်း မုန်တိုင်း 'ရွှန်နူ' ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ခြောက်ဦးသေဆုံးခဲ့ကြောင်း သတင်းများအရ သိရသည်။

မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် ဘင်္ဂလားပင်လယ်အော် အနီး ကမ်းရိုးတန်းတစ်လျှောက်သို့ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း မဝင်မီ လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးထားခဲ့ကြောင်းသိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မြို့တော်ဒါကာနှင့် ၂၄၂ ကီလိုမီတာအကွာအဝေးရှိ ချီတာဂွန်းခရိုင်တွင် မုန်တိုင်း တိုက်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အနည်းဆုံး လူသုံးဦး သေဆုံးခဲ့သည်။ ထို့ပြင် ဘိုလာနှင့် ပါတုခါလီခရိုင်များတွင် လူသုံးဦးသေဆုံးခဲ့သည်။

မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူအရေအတွက်နှင့် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက် အတိအကျကိုမူ ယခုချိန်ထိမသိရသေးပေ။

မေ ၂၁ ရက်တွင် ဆိုင်ကလုန်း တိုက်ခတ်မည်ဖြစ်သဖြင့် ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းတစ်လျှောက်ရှိ လူပေါင်း ၂ ဒသမ ၁ သန်းကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက မေ ၂၀ ရက် တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆင့် ၇ ရှိသော မုန်တိုင်းတိုက်ခတ်မည်ဖြစ်ရာ ချီတာဂွန်းခရိုင်ရှိ ဆိပ်ကမ်းများတွင်ရှိသော ငါးဖမ်းသင်္ဘော များအပါအဝင် ရေလုပ်သားများကို ၎င်းတို့နေအိမ်အတွင်း နေထိုင်ကြရန် သတိပေးချက်ထုတ်ပြန်ထားကြောင်းသိရ သည်။

**ဆင်ဟွာ။**



# ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ရဲတပ်ဖွဲ့ကတိုက်ခိုက်၍ နိုင်ငံတွင်းရှိ အယ်လ်ခိုင်ဒါ အဖွဲ့ခေါင်းဆောင် သေဆုံး

**အစ္စလာမ်မာဘတ် မေ ၂၁**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ မူလ်တန်မြို့တွင် ရဲတပ်ဖွဲ့မှ ထိုးစစ်ဆင်တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ခဲ့ရာ နိုင်ငံတွင်းရှိ အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့ခေါင်းဆောင် တေယမ်နာဝပ် အလီယက်ဝ်ဟာဖစ်-အဗ္ဗဒူမက်တန် သေဆုံးသွားကြောင်း ဒေသတွင်းရှိ ဟူရဒူသတင်းဌာနက ဖော်ပြသည်။

စစ်သွေးကြွများခိုအောင်းနေသည်ဟု သံသယရှိသည့် မူလ်တန်မြို့ မြစ်ကမ်းဘေးသစ်နေရာအား မေ ၁၉ ရက် ညပိုင်းတွင် ပါကစ္စတန်ရဲတပ်ဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့ရာ ပါကစ္စတန် အယ်လ်ခိုင်ဒါ တပ်မှူးနှင့် အခြားအဖွဲ့သား ခုနစ်ဦးတို့ သေနတ်ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ဒေါင်းသတင်းဌာနက မေ ၂၀ ရက်တွင် သတင်းဖော်ပြခဲ့သည်။ မူလ်တန်မြို့သည် အရှေ့ပန်ဂျပ်ပြည်နယ်၏ အဓိကကျသော ခရိုင်မြို့ ဖြစ်သည်။

မူလ်တန်မြို့မှ ထင်ရှားသော တက္ကသိုလ်တစ်ခုအား တိုက်ခိုက်မှုများ ပြုလုပ်ရန်အတွက် အဆိုပါစစ်သွေးကြွ အုပ်စုက စည်းဝေးတိုင်ပင်မှုများပြုလုပ်နေသည်ဟု ထောက်လှမ်းရေးသတင်းများအရ ပါကစ္စတန် ရဲတပ်ဖွဲ့က ၎င်းတို့အား စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

သေဆုံးသွားသော စစ်သွေးကြွများ၏ ရုပ်အလောင်း များအား မူလ်တန်မြို့မှ နက်ရှ်တာဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုများနှင့် ရုပ်အလောင်းအား ခွဲစိတ်စစ်ဆေး ခြင်းများပြုလုပ်ခဲ့ရာမှ သေဆုံးသူမှာ အယ်လ်ခိုင်ဒါ ခေါင်းဆောင် မက်တန်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

**ဆင်ဟွာ။**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂ - ၅ -၂၀၁၆ (တနင်္ဂနွေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-မနူဟာဘုရားပွဲအစီအစဉ်
၆း၂၀ တေးဂီတအစီအစဉ်
၆း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဒါပါပဲ"
၈း၅၀ တေးဂီတအစီအစဉ်
၉း၁၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၃၀ မျိုးဆက်သစ်လူငယ်လေး အစီအစဉ်
၉း၄၀ မြန်မာရုပ်ရှင် "အိုင်လပ်(ဖ)ယူ"
၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ကဆုန်လပြည့် ဗျာဒိတ်တော်ပွဲနှင့် အမှတ်တရပုံရိပ်များ"တရားတော် (အပိုင်း-၂) (ပါမောက္ခချုပ် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၉)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Junction City Tower အတွက် Topping Up အခမ်းအနား)
၈း၀၀ Cartoon Series(Go Go Giggles)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၁၇)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ် ရှည်စေလို" (အပိုင်း-၈၃+၈၄)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [နှလုံးသားလှပါစေ (အပိုင်း-၁)]
၃း၄၀ ရန်ကုန်မြင်ကွင်းကျယ် -LG Electronic ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနား -အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ် အခမ်းအနား ရန်ကုန်အမျိုးသားပြတိုက်
၆း၁၀ Health Fix
၆း၁၅ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၀)
၇း၂၀ Fashion Week
၇း၄၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [နှလုံးသားလှပါစေ (အပိုင်း-၂)]
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၁၈)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ် ရှည်စေလို (အပိုင်း-၈၅+၈၆)
၁၀း၅၅ World of Knowledge (Mega Structures Dubais Plam Island)
၁၁း၄၅ MRTV-4 Stage

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၀ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၃၅ မြဝတီနေ့စဉ်သတင်း
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၀း၀၀ English For Myanmar
၁၀း၁၅ Lucky Door
၁၀း၅၀ တစ်ပတ်အတွင်းပြည်တွင်းသတင်း
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရည်ညွန်းရာပန်းတိုင်
၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မေတ္တာအသခ်ျေ အပိုင်း(၆၃)
၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၀၂ နိုင်ငံတော်သီချင်း
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဖေဖေကြီးကိုချစ်တယ် အပိုင်း(၂၃)
၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်သောဧကရီ အပိုင်း(၃၂)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်မျက်ရည်သက်သေတည်" အပိုင်း(၂၅)

### mitv

07:25 History And Mystery Behind The Caves
07:49 Yangon Markets: Da Nyin Gone Market
08:26 Myanmar Traditional Thatched Roofs: Nipa Palm
08:42 Chaung Tha Souvenir Business
08:50 Sagaing: Guitars
09:26 Alaungdaw Kathapa
09:44 Amazing: Magician Sak Kaw Ma
10:26 Discovering Tribes- Pre Kayaw: Their Life and Customs (Part- I)
10:51 Philatelic Pleasure
07:25 Dawei - Tavoy, Travel To The Southern Part of Myanmar
07:43 Myanmar Traditional Art Bronze Casting
07:49 Today Myanmar "An impact of El Niño weather event: Water Storage"
08:26 Hanthawaddy U Win Tin "A Fearless Man" (Episode - 2)
08:43 Myanmar Masterclass: Kyaw Phyu San

## အိန္ဒိယ-တရုတ် ပူးတွဲရိုက်ကူးကြမည့် Kung Fu Yoga ဇာတ်ကားတွင် ဂျက်ကီချန်း ပါဝင်သရုပ်ဆောင်ထား



ဝါရင့်အက်ရှင်မင်းသားကြီး ဂျက်ကီချန်းအနေဖြင့် အိန္ဒိယ-တရုတ် ပူးတွဲရိုက်ကူးလျက်ရှိသည့် Kung Fu Yoga အမည်ရှိ စွန့်စားခန်းများပါဝင်သည့် အက်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို အိန္ဒိယနိုင်ငံတွင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

Kung Fu Yoga ဇာတ်ကားတွင် အဓိက သရုပ်ဆောင်များအဖြစ် ဂျက်ကီချန်း၊ ဘောလိဝုဒ်မင်းသမီး အမီရာဒါ့စတယ်၊ ဘောလိဝုဒ်မင်းသား ဒီရှာပါတနီနှင့် ပီကေမင်းသားဟု လူသိများသည့် မင်းသား အာမီရန်ခမ်တို့က ခေါင်းဆောင်ပါဝင်ထားကြပြီး ယင်းဇာတ်ကားကို ယခုနှစ် နှစ်ကုန်သို့မဟုတ် ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းတွင် ပြသသွားနိုင်ရန် စီစဉ်ထားပြီး ရိုက်ကူးရေးလုပ်ငန်းများကို ယခုနှစ် ဒီဇင်ဘာလအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဟောင်ကောင်ဒါရိုက်တာ စတန်လီထောင်းက ပုံဖော်ရိုက်ကူးပြီး အိန္ဒိယနိုင်ငံမှ Taihe Entertainment နှင့် တရုတ်နိုင်ငံမှ Shinework Media တို့ ပူးတွဲထုတ်လုပ်ခြင်းလည်းဖြစ်သည်။ ယင်းဇာတ်ကားတွင် နှစ်နိုင်ငံကြားရှိ ဘာသာစကားပေါင်းများစွာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများအကြောင်းကို လေ့လာနိုင်မည်ဖြစ်သည်။

ယင်းဇာတ်ကားအတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၆၅ သန်းကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ထို့ပြင် မင်းသား ဂျက်ကီချန်းအနေဖြင့် ကိုရီးယား-တရုတ် ပူးတွဲဇာတ်ကားတစ်ကားဖြစ်သည့် Fatal Countdown: Reset သိပ္ပံအက်ရှင်ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

## (၆၉) ကြိမ်မြောက် ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် The Handmaiden ဇာတ်ကား ပါဝင်ယှဉ်ပြိုင်



ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ The Handmaiden ဇာတ်ကားမှ အဖွဲ့သားများ စုံညီစွာတက်ရောက်ကြစဉ်။

The Handmaiden ဟု အမည်ပေးထားသော ကိုရီးယားရုပ်ရှင်ကို ယခုကျင်းပနေသည့် (၆၉) ကြိမ်မြောက် ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ယင်းဇာတ်ကားသည် ဆုပေးပွဲ၏ အမြင့်ဆုံးဆုဖြစ်သည့် Palme d'Or ဆုကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားသည် ၁၉၃၀ ခုနှစ်က မိဘထံမှအမွေရပြီး ချမ်းသာကြွယ်ဝလာတဲ့ အမျိုးသမီးတစ်ဦးက ချမ်းသာမှုကိုအားကိုးကာ အင်ပါယာတစ်ခု ထူထောင်လာပြီး အဆိုပါချမ်းသာကြွယ်ဝမှုများက ဘဝနှင့်ရင်းပြီး အပေးအယူတောင်းလာသောအခါ. . . စသည့် အကြောင်းကို ပုံဖော်ထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ကန်းစ်ရုပ်ရှင်ပွဲတော်တွင် ပွဲဦးထွက်ပြသခြင်းဖြစ်ပြီး ဖြန့်ချိပြသမှုကို ဇွန်လလဆန်းပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

## အဖွဲ့ဝင်တစ်ဦး နုတ်ထွက်ခဲ့သော်လည်း ရှေ့ဆက်နေဦးမည့် Miss A



တောင်ကိုရီးယား အမျိုးသမီးပေါ့ပ်အဖွဲ့ Miss A မှ အဖွဲ့ဝင်တစ်ဦး နုတ်ထွက်ခဲ့ပြီးနောက် အဆိုပါအဖွဲ့၏ ရှေ့ဆက်မည့် အနာဂတ်အစီအစဉ်များနှင့်ပတ်သက်ပြီး တရားဝင်ဖွင့်ဟပြောကြားခဲ့သည်။

Miss A အဖွဲ့မှ မန်ဂျီယာ နုတ်ထွက်ခဲ့ခြင်းသည် အဖွဲ့ဖျက်သိမ်းလိုက်ခြင်းမဟုတ်သလို Miss A အဖွဲ့ တပ်ပျက်သွားခြင်းလည်း မဟုတ်ပါကြောင်း၊ ယခုလက်ရှိတွင် ၎င်းတို့အတွက် ဂီတလှုပ်ရှားမှုများ သီးခြားမရှိသေးသော်လည်း အဖွဲ့ဝင်သုံးဦးတည်းပါဝင်သည့် အဆိုအဖွဲ့အနေဖြင့် တစ်ဦးချင်းရော၊ အဖွဲ့လိုက်ပါ အနုပညာလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝိုင်ဂျေပီကုမ္ပဏီက အခိုင်အမာထုတ်ပြန်ကြေညာထားသည်။

"Miss A မှ အဖွဲ့ဝင် မန်ဂျီယာဟာ မေ ၂၀ ရက်မှာ သူ့ရဲ့စာချုပ်ပြည့်သွားတဲ့အတွက် ဒီအေဂျင်စီကနေ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။ အချိန်အကြာကြီးအတူတွဲလုပ်ကိုင်ခဲ့ပါတယ်။ အနာဂတ်မှာလည်း သူ့အတွက်လိုအပ်တဲ့ ထောက်ပံ့မှုတွေ လုပ်ပေးမှာပါ။ သူ့ဒီထက်တိုးတက်ပါစေကြောင်း ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးပါတယ်"ဟု ဝိုင်ဂျေပီအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါအဖွဲ့မှ မန်ဂျီယာနည်းတူပင် အဖွဲ့ဝင် Fei သည်လည်း စာချုပ်သက်တမ်းပြည့်နေသည်ဖြစ်ရာ Fei ကိုမူ စာချုပ်သစ်ထပ်မံချုပ်ဆိုထားခဲ့ပြီး ကိုရီးယားနှင့် တရုတ်နိုင်ငံတို့၌ ကျင်းပမည့် ဂီတလှုပ်ရှားမှုများတွင် ဆက်လက်ပါဝင်စေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှ ကျန်အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် ဆူဇီနှင့် Min တို့၏ စာချုပ်သက်တမ်းမှာလည်း ရှေ့နှစ်တွင် ပြည့်မည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းဖော်ပြသည်။

# ဘရန်ဒန်ရော့ဂျာအား နည်းပြသစ်အဖြစ် ဆဲလ်တစ်အသင်းခန့်အပ်


© Getty Images

ဆဲလ်တစ်အသင်းသည် ဘရန်ဒန်ရော့ဂျာအား နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ စကော့တလန်ကလပ် ဆဲလ်တစ်အသင်းသည် နည်းပြရွန်နီဒယ်လာ၏ နေရာတွင် အစားထိုးရန် ဘရန်ဒန်ရော့ဂျာအား ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး လီဗာပူးအသင်း၊ ဆွမ်ဆီးအသင်း၊ ရီးဒင်းအသင်း၊ ဝက်ဖို့ဒ်အသင်း စသည့်အသင်းများတွင် နည်းပြအဖြစ် ကိုင်တွယ်ခဲ့သည့် ဘရန်ဒန်ရော့ဂျာသည် ဆဲလ်တစ်အသင်းနှင့် တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

အသက်(၄၃)နှစ်အရွယ်ရှိ နည်းပြဘရန်ဒန်ရော့ဂျာသည် လီဗာပူးအသင်းအား သုံးနှစ်ကြာ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက လီဗာပူးအသင်းနှင့် ဘရန်ဒန်ရော့ဂျာတို့ လမ်းခွဲလိုက်ခြင်းဖြစ်သည်။ လက်ရှိတွင် ဆဲလ်တစ်အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် နည်းပြဘရန်ဒန်ရော့ဂျာက "ကျွန်တော့်အနေနဲ့ အရာအားလုံးကို ပေးစွမ်းနိုင်ပါတယ်။ ကျွန်တော့်ကို ထောက်ခံတဲ့ပရိသတ်တွေကိုလည်း စိတ်လှုပ်ရှားစရာတွေ သယ်ဆောင်ပေးနိုင်ပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

"ဆဲလ်တစ်အသင်းဟာ လက်တလောကာလအပိုင်းအခြားမှာ သိသာတဲ့အောင်မြင်မှုတွေရရှိထားတဲ့ အသင်းတစ်သင်းလည်းဖြစ်တယ်။ ဆုဖလားတွေကိုလည်း နှစ်တိုင်းလိုလိုရယူထားနိုင်ခဲ့တဲ့အသင်းလည်းဖြစ်တယ်။ အဲဒါကြောင့် ဆဲလ်တစ်အသင်းကို ထိပ်ဆုံးမှာပဲ ဆက်လက်ပြီး ရပ်တည်နေနိုင်ဖို့ အကောင်းဆုံးကိုင်တွယ်သွားမှာပါ"ဟု လည်း နည်းပြဘရန်ဒန်ရော့ဂျာက ဆိုသည်။

နည်းပြဘရန်ဒန်ရော့ဂျာသည် လီဗာပူးအသင်းအား ကိုင်တွယ်ခဲ့သည့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့် နှစ်မှတ်အကွာအနေအထားဖြင့် ပရီမီယာလိဂ်ဖလားရယူနိုင်ရန် နီးစပ်ခဲ့သော်လည်း လီဗာပူးအသင်းအား ဖလားရယူပေးနိုင်ခြင်း မရှိခဲ့ဘဲ လီဗာပူးအသင်း၏ ထုတ်ပယ်ခြင်း ခံခဲ့ရသူဖြစ်သည်။

ဘရန်ဒန်ရော့ဂျာ၏ နည်းပြဘဝဖြတ်သန်းမှုကို ကြည့်မည်ဆိုပါက ချယ်လ်ဆီးလူငယ်အသင်းတွင် ၂၀၀၄ မှ ၂၀၀၈ အထိလည်းကောင်း၊ ဝက်ဖို့ဒ်အသင်းတွင် ၂၀၀၈ မှ ၂၀၀၉ အထိလည်းကောင်း၊ ရီးဒင်းအသင်းတွင် ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ ဆွမ်ဆီးအသင်းတွင် ၂၀၁၀ မှ ၂၀၁၂ အထိလည်းကောင်း၊ လီဗာပူးအသင်းတွင် ၂၀၁၂ မှ ၂၀၁၅ အထိလည်းကောင်း အသီးသီးတာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

(ငွေကြယ်)



## အာဆင်နယ်တွင် ကျောနံပါတ် ၃၄ ကို ဝတ်ဆင်လိုကြောင်း ဇာကာ တောင်းဆိုထား

ဆွစ်ဇာလန်ကြယ်ပွင့် ဇာကာသည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိထားခဲ့ပြီးဖြစ်ကြောင်း ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက သတင်းများထွက်ပေါ်လာခဲ့သည်။

အာဆင်နယ်အသင်း၏ အပြောင်းအရွှေ့ဆိုင်ရာညှိနှိုင်းရေးအကြီးအကဲဒစ်ခ်လောနှင့် မိုချန်ဂလာဘတ်အသင်း အားကစားဒါရိုက်တာ အီဘာယယ်တို့သည် ကွင်းလယ်ကစားသမား ဇာကာ၏ အပြောင်းအရွှေ့ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ထားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စာချုပ်မချုပ်ဆိုရသေးသော်လည်း စာချုပ်ချုပ်ဆိုမည်ဆိုပါက ပြောင်းရွှေ့ကြေးယူရို ၄၃ သန်းဖြင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။ ထိုသို့ အာဆင်နယ်အသင်းနှင့် စာချုပ်ချုပ်ဆိုပြီး အာဆင်နယ်ကစားသမားဖြစ်လာပါက ကိုကွီလင်၏ ကျောနံပါတ် ၃၄ ကိုဝတ်ဆင်ကစားလိုကြောင်း တောင်းဆိုထားသည်။

ယင်းမှာ ကွင်းလယ်ကစားသမား ဇာကာ၏ အသင်းသစ်နှင့်အတူ ရာသီသစ်တွင် ကျောနံပါတ်အသစ်ဖြင့် ကစားရန်ဆန္ဒရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။ နည်းပြအာစင်ဝင်းဂါးသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလအတွင်းက လိုချင်သည့်ကစားသမားများ ခေါ်ယူနိုင်ခဲ့ခြင်း မရှိခဲ့သဖြင့် အာဆင်နယ်အသင်း၏ အမေရိကန်ခရီးစဉ် မတိုင်မီကာလအတွင်း အပြောင်းအရွှေ့ကိစ္စများကို လုပ်ဆောင်သွားရန်မျှော်လင့်ထားကြောင်းသိရသည်။

(ငွေကြယ်)

## မန်ယူအသင်းက နေမာအား ပေါင် ၁၄၅ သန်းဖြင့် ကမ်းလှမ်းခဲ့ဟုဆို

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာအား ဖေဖော်ဝါရီလအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၁၄၅ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းမှုများရှိခဲ့ကြောင်း တိုက်စစ်မှူးနေမာ၏ ဖခင်ဖြစ်သူက အခိုင်အမာပြောကြားခဲ့သည်။

"မန်ယူအသင်းက နေမာကို ခေါ်ယူဖို့ ယူရိုသန်း ၁၉၀(ပေါင် ၁၄၅ သန်း)နဲ့ ကမ်းလှမ်းခဲ့တာပါ။ ဒါပေမယ့် ဘာစီလိုနာအသင်းနဲ့အတူ လက်ရှိစာချုပ်သက်တမ်းက နှစ်နှစ်ကျန်ပါသေးတယ်"ဟု ဘာစီလိုနာတိုက်စစ်မှူး နေမာ၏ ဖခင်ဖြစ်သူက ဆိုသည်။




အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာသည် ဘာစီလိုနာအသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်ထားခဲ့ကြောင်းလည်းသိရသည်။ ထို့ကြောင့် တိုက်စစ်မှူးနေမာသည် ပေါင်သန်း ၁၇၀ အထိတိုး၍ရရှိလိမ့်မည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြသည်။

တိုက်စစ်မှူး နေမာအား စာချုပ်သစ်ချုပ်ဆိုရေးနှင့် ပတ်သက်၍ ဆီဗီလာအသင်းနှင့် ကစားရမည့် စပိန် ကိုပါဒယ်ရေးဖလားနောက်ဆုံးပွဲလှုပွဲအပြီးတွင် ဘာစီလိုနာအသင်းဘုတ်အဖွဲ့နှင့် နေမာတို့ ဆွေးနွေးမှုများ ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘာစီလိုနာတိုက်စစ်မှူး နေမာအား မန်ယူအသင်းအပြင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်း၏ လာလီဂါပြိုင်ဘက်အသင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

(ငွေကြယ်)

## ဘောလုံးလောက သတင်းတိုများ

*အာဆင်နယ်ကစားသမား ဆန်းချက်ဇ်၊ အဲဗာတန်ကစားသမား ဂျွန်စတုန်းနှင့် စပါးကစားသမား ဒန်နီရို့စ် တို့အား ခေါ်ယူရန် ဆန္ဒရှိနေကြောင်း မန်စီးတီးအသင်း၏ နည်းပြသစ်ဖြစ်လာမည့် ဂွါဒီယိုလာက ပြောကြားခဲ့သည်။ ထို့ပြင် ဒေ့မွန်အသင်း၏ အားထားရသည့်ကစားသမားတစ်ဦးဖြစ်သည့် ဂွန်ဒိုဂန်ကိုလည်း အီတီဟက်ဒ်အရောက် ခေါ်ယူသွားရန် ဆန္ဒရှိနေကြောင်း သိရသည်။*

**ပရီမီယာလိဂ်ချန်ပီယံ လက်စတာစီးတီးအသင်းသည် အာဆင်နယ်တိုက်စစ်မှူး သီယိုဝဲလ်ကော့အား ခေါ်ယူရန်ပစ်မှတ်ထားနေသော်လည်း အင်္ဂလန်ကြယ်ပွင့် သီယိုဝဲလ်ကော့ကမူ အာဆင်နယ်အသင်း၌သာ ဆက်ကစားရန် စီစဉ်ထားကြောင်းသိရသည်။**

*စပါးနည်းပြ ပိုချက်တီနိုသည် တောင်ကိုရီးယားကြယ်ပွင့် ဆွန်ယောင်မင်အား ရောင်းချရန် ပြင်ဆင်လျက်ရှိပြီး ဆွန်ယောင်မင်သည် လေဗာကူဆင်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၂ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။*

**အာဆင်နယ်အသင်းသည် ဂျူဗင်တပ်တိုက်စစ်မှူး မိုရက်တာအား တစ်ပတ်လုပ်ခလစာပေါင် ၁၅၅၀၀၀ ဖြင့် ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း သိရသည်။ သို့ရာတွင် မိုရက်တာအားခေါ်ယူရန် ချယ်လ်ဆီးအသင်းနှင့် အပြိုင်ကြိုးပမ်းရမည်ဖြစ်သည်။**

*ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာမည့် ကွန်တီသည် အဲဗာတန်ကစားသမားနှစ်ဦးဖြစ်သည့် ဂျွန်စတုန်းနှင့် လူကာကူတို့အား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်သွားရန်ရှိကြောင်း ပြောကြားခဲ့သည်။*

**ခရစ္စတယ်ပဲလေ့နည်းပြ အလန်ပါဂျူးသည် လာမည့်ဘောလုံးရာသီတွင်လည်း တိုက်စစ်မှူး အဒီဘာယောအား ခရစ္စတယ်ပဲလေ့အသင်းတွင် ဆက်ရှိနေရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။**

*ချယ်လ်ဆီးအသင်းသည် အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား နိုင်ဂိုလန်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် မျှော်လင့်ထားသော်လည်း နိုင်ဂိုလန်ကမူ လက်ရှိကလပ် ရိုးမားအသင်းမှ ထွက်ခွာရန် ဆန္ဒမရှိကြောင်း ပြောကြားခဲ့သည်။*

**အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် မန်ယူအသင်း၏ ခေါ်ယူရန်စိတ်ဝင်စားမှုခံထားရသော်လည်း လက်ရှိကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။**

*ကွင်းလယ်ကစားသမား ဆစ်ဆိုခိုအား အာဆင်နယ်အသင်းက ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုပါက ပရီမီယာလိဂ်မှ တန်းဆင်းသွားခဲ့ပြီးနောက် နယူးကာဆယ်အသင်းမှ ပထမဆုံးထွက်ခွာသည့် ကစားသမားဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။*

**ရီးယဲလ်ဘတ်တစ်အသင်းသည် ချယ်လ်ဆီးအသင်း၏ လူငယ်ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့် မူဆွန်ဒါအား အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူသွားရန် မျှော်လင့်ထားကြောင်း သိရသည်။**

## ရဲလုပ်ငန်းစဉ်အကောင်အထည်ဖော် ဆောင်ရွက်မည့်ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက် မြို့မိမြို့ဖများအားရှင်းလင်းဆွေးနွေး

**ပေါက် မေ ၂၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရဲတပ်ဖွဲ့၏ ပြည်သူကိုဗဟိုပြုဝန်ဆောင်မှု ရဲလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက် မြို့မိမြို့ဖများနှင့် ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၉ ရက် ညနေ ၃ နာရီက ပေါက်မြို့မစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအေးက ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော အမှုများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဗဟို)မှ ညွှန်ကြားထားသည့် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူကို အကျိုးပြုရင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် သဘာဝဘေးကြုံတွေ့လာပါက ပြည်သူကိုကူညီရန် အသင့်အနေထားဖြစ်ကာ လုပ်ငန်းစဉ်များကို စီမံချက်ပါလုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပြည်သူများကိုဝန်ဆောင်မှုရှေးရှုသည့် ရဲလုပ်ငန်းစဉ်များကိုပြောကြားပြီး တက်ရောက်လာကြသော မြို့မိမြို့ဖများမှ အကြံပြုဆွေးနွေးခြင်းနှင့် မေးမြန်းခြင်းတို့အပေါ် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပေါက်မြို့မစခန်းမှူးနှင့် ရေပြာစခန်းမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

## ရက် ၁၀၀အတွင်း ကျေးရွာခုနစ်ရွာတွင် ရေကန်များတူးဖော်ပေးမည်



**ဝက်လက် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်း နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရက် ၁၀၀ အတွင်း ကျေးရွာခုနစ်ရွာ၌ မြေသားရေကန်များကို ပြီးစီးအောင် တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက်ပေါင်း ၁၀၀ အတွင်း မွမ်းမံရန်ပုံငွေ ကျပ် ၁ ဒသမ ၅ သန်းစီဖြင့် (၁၀၀×၁၀၀×၆) ပေရှိ မြေသားရေကန်နှစ်ကန်ကို စမွန်းကျေးရွာနှင့် နတ်ကုန်းကျေးရွာတို့တွင်လည်းကောင်း၊ ရန်ပုံငွေကျပ် ၈ ဒသမ ၅ သန်းစီ ဖြင့်(၁၀၀×၁၀၀×၆)ပေရှိ မြေသားရေကန်ငါးကန်ကို မြင်တော်ကျေးရွာ၊ စခန်းသာကျေးရွာ၊ မဲကုန်းကျေးရွာ၊ ညောင်ပင်ကြီးတောကျေးရွာနှင့် ဘုရားလေးကုန်းကျေးရွာတို့တွင်လည်းကောင်း တူးဖော်ပေးလျက်ရှိရာ မေလ လယ်အထိ မြေသားရေကန်သုံးကန်တူးဖော်ပြီးစီးပြီး ကျန်ရေကန်လေးကန်ကိုလည်း ရက် ၁၀၀ အတွင်း တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **နန်းမြင့်(ဝက်လက်)**

## ဆိပ်ဖြူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရက်၁၀၀စီမံချက်ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ဆိပ်ဖြူ မေ ၂၁**

မကွေးတိုင်းဒေသကြီးဆိပ်ဖြူမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနက ရက် ၁၀၀ အတွင်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရက် ၁၀၀ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ စုရပ်အသီးသီးသို့ သွားရောက်ကွင်းဆင်း၍ လူလတ်ပိုင်းများနှင့် သက်ကြီးရွယ်အိုများကို ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါးအခမဲ့ထောက်ပံ့ပေးခြင်းများ၊ ငါးနှစ်အောက် ကလေးငယ်များအား ကိုယ်အလေးချိန်စစ်ဆေးခြင်း၊ ခြောက်လမှ သုံးနှစ် ရင်သွေးငယ်များအတွက် အာဟာရမှုန့်ထုပ်များ အခမဲ့ဖြန့်ဝေခြင်း၊ ရင်သွေးငယ်၏မိခင်များအား အာဟာရဖြစ် အစားအစာများအကြောင်း သိကောင်းစရာများ အသိပေးပြောကြားပေးခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဝေထားရှိသည့် ကျန်းမာရေး အသိပညာပေး စာအုပ်များကို ဖြန့်ဝေပေးလျက်ရှိကြောင်းသိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

## ရက် ၁၀၀ စီမံချက်ဖြင့် မြေသားရေကန်များ ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဆားလင်းကြီး မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၁၆ သန်းဖြင့် မကျီးတစ်ထောင်ကျေးရွာ(ရွာသစ်)၊ မကျီးတစ်ထောင်ကျေးရွာ(ရွာဟောင်း)၊ ကိုင်းကျေးရွာနှင့် ရာဇကျော်ကျေးရွာတို့တွင် မြေသားရေကန် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာ ဦးစီးအရာရှိ ဦးစိုးခိုင်နှင့် ဝန်ထမ်းများသည် မေ ၁၇ ရက်က မကျီးတစ်ထောင်ကျေးရွာ(ရွာဟောင်း)တွင် မြေသားရေကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးခိုင်က “ကျွန်တော့်ဦးစီးဌာနအနေဖြင့် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၁၆ သန်းဖြင့် မကျီးတစ်ထောင်ကျေးရွာ(ရွာသစ်)၊ မကျီးတစ်ထောင်ကျေးရွာ (ရွာဟောင်း)၊ ကိုင်းကျေးရွာနှင့် ရာဇကျော်ကျေးရွာတို့တွင် မြေသားရေကန်များ ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ မကျီးတစ်ထောင်ကျေးရွာ (ရွာသစ်)မှာရှိတဲ့ အလျား ပေ ၁၅၀၊ အနံ ပေ ၁၁၀၊ အမြင့် လေးပေရှိ မြေသားရေကန် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို မေ ၁၁ ရက်က ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ မကျီးတစ်ထောင်ကျေးရွာ (ရွာဟောင်း)မှာရှိတဲ့ မြေသားရေကန် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို မေ ၁၂ ရက်က စတင်၍ ဆောင်ရွက်လျက်ရှိပြီး ကိုင်းကျေးရွာနှင့် ရာဇကျော်ကျေးရွာမှာရှိတဲ့ မြေသားရေကန်များ ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကိုတော့ ရက် ၁၀၀ အတွင်းမှာ ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပြောသည်။

ဆားလင်းကြီးမြို့နယ်အတွင်းရှိ မကျီးတစ်ထောင်ကျေးရွာ(ရွာသစ်)၊ မကျီးတစ်ထောင်ကျေးရွာ (ရွာဟောင်း)၊ ကိုင်းကျေးရွာနှင့် ရာဇကျော် ကျေးရွာတို့သည် သောက်သုံးရေကို မြေသားရေကန်များမှ ရယူသုံးစွဲရသဖြင့် ယခုနှစ် နွေရာသီတွင် ရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပရဟိတအဖွဲ့အစည်းများနှင့် စေတနာရှင် အလှူရှင်များက သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးကို စဉ်ဆက်မပြတ် ပေးဝေလျက်ရှိကြောင်းနှင့် မြေသားရေကန်ပြုပြင်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးပါက သောက်သုံးရေများ ပိုမိုသိုလှောင်နိုင်မည်ဖြစ်ရာ ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် သောက်သုံးရေများ လုံလောက်စွာ သုံးစွဲရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**



## ချင်းတွင်းမြစ်ကမ်း ရေယာဉ်ဆိပ်တွင် မိုးလေဝသ သတိပေးချက် လက်ကမ်းစာစောင်များ အများပြည်သူသို့ဖြန့်ဝေ

**မုံရွာ မေ ၂၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများအားအသိပညာဗဟုသုတ တိုးပွားစေရေး ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူကို မျက်နှာမူ၍ ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ လတ်တလော မိုးလေဝသနှင့် ပတ်သက်သည့် သတိပေးထုတ်ပြန်ချက်များကို အများပြည်သူသိရှိစေရန် ရည်ရွယ်၍ မေ ၂၀ ရက် နံနက် ၁၁ နာရီက မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းရှိ ရေယာဉ်ဆိပ်တွင် မုန်တိုင်းသတိပေးချက် လက်ကမ်းစာစောင်များအား ပြည်သူများထံအရောက် ခရိုင်ပြန်/ဆက် ဦးစီးဌာနမှ လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

“အခုလို ရာသီဥတု အခြေအနေနဲ့ ပတ်သက်တဲ့ သတင်းတွေကို အများပြည်သူတွေ အချိန်နှင့် တစ်ပြေးညီ သတိပြုနိုင်အောင် ပြန်/ဆက်ကနေ လိုက်လံဝေငှပေးတာ အလွန်ကောင်းမွန်တဲ့ ဆောင်ရွက်မှုလေးတစ်ခုဖြစ်ပါတယ်။ ပြည်သူတွေထဲမှာ အလွှာစုံရှိတဲ့အတွက် တချို့ ဒီလိုသတင်းကို သိထားတဲ့ သူတွေရှိသလို မသိသေးတဲ့ သူတွေလည်း ရှိမယ်။ ပြောင်းလဲနေတဲ့ ရာသီဥတု ဖြစ်စဉ်တွေ သတိပေးချက်တွေကို ပြည်သူတွေထံကို ရောက်နိုင်ဖို့ ဝန်ထမ်းတွေအနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို နည်းလမ်းပေါင်းစုံ အသုံးပြုပြီး ဆောင်ရွက်မှုတွေကို အသိအမှတ်ပြုပါတယ်။ ဒီလိုသတိပေးချက်တွေကို သိရှိထားတော့ ခရီးသွား ပြည်သူတွေအနေနဲ့ သတိပြုဆင်ခြင် သွားလာပြီး ကြိုတင်ကာကွယ်နိုင်တဲ့အတွက် အလွန်ကောင်းမွန်ပါတယ်” ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ လက်ကမ်းစာစောင်များ ခရီးသွားပြည်သူများထံအရောက် လိုက်လံဝေငှခြင်းကို မုံရွာခရိုင် ပြန်/ဆက် ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြရာ ပြည်သူများမှ စိတ်ဝင်စားစွာဖြင့် လိုလိုလားလား လက်ခံခဲ့ကြသည်။ ယင်းအပြင် ခရိုင်ပြန်/ဆက် ဦးစီးဌာနရုံးရှေ့တွင်လည်း အများပြည်သူများ သိရှိနိုင်ရန် ကြေညာဘုတ်ထောင်၍ အသိပေးခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

ကြေးမုံ
မေ ၂၂၊ ၂၀၁၆ (တနင်္ဂနွေနေ့)



# ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍ ရက် ၁၀၀ အတွင်း ဘာတွေဖော်ဆောင်မလဲ

တွေ့ဆုံမေးမြန်း - သိမ့်သိမ့်မိုး၊ ဓာတ်ပုံ - မေဦးမိုး၊ ပို့/ဆက်ဝန်ကြီးဌာန

ယခင်က ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ ရထားပို့ဆောင်ရေးစသည့် ဝန်ကြီးဌာနသုံးခုကို ပူးပေါင်းကာ ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူတို့အတွက် ဆောင်ရွက်ချက်များအနက်မှ အများပြည်သူတို့ သိသင့်သည့် လုပ်ငန်းဆောင်ရွက်မှုများအား ပြည်ထောင်စုဝန်ကြီးအပါအဝင် ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်။

**ဦးသန့်စင်မောင်**
**ပြည်ထောင်စုဝန်ကြီး**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**မေး။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ရက် ၁၀၀ စီမံကိန်းမှာ ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ်ပါဝင်တဲ့ အမျိုးသားသယ်ယူပို့ဆောင်ရေးမူဝါဒတစ်ရပ် ရေးဆွဲနိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေတာနဲ့ပတ်သက်ပြီး ရှင်းပြပေးစေချင်ပါတယ်ရှင့်။**

**ဖြေ။** ကျွန်တော်တို့နိုင်ငံဟာ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ သူများနိုင်ငံတွေထက် အဘက်ဘက်ကနိမ့်ကျနေတာ ပြည်သူလူထုတစ်ရပ်လုံးသိပြီး ဖြစ်ပါတယ်။ ဖြစ်ရတဲ့အကြောင်းအရင်းကတော့ အရင်ကတည်းက သယ်ယူပို့ဆောင်ရေးမူဝါဒ ကောင်းကောင်းမွန်မွန် ခိုင်ခိုင်မာမာမရှိတာရယ်၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွေမှာ ချွတ်ချော်နေတဲ့ကိစ္စတွေရှိနေတာကြောင့် ကျွန်တော်တို့နိုင်ငံဟာ အခုလို အစစအရာရာ နိမ့်ကျနေတယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒါကြောင့်လည်း အမျိုးသားသယ်ယူပို့ဆောင်ရေးမူဝါဒတစ်ရပ် ရေးဆွဲနိုင်ဖို့ ပြုလုပ်နေပါတယ်။ မေလ ၂၃ ရက်နဲ့ ၂၄ ရက်လောက်မှာ ADB ရဲ့အကူအညီနဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ဖို့ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက အမျိုးသားသယ်ယူပို့ဆောင်ရေးမူဝါဒတစ်ရပ်ရေးဆွဲရေးဟာ ရက် ၁၀၀ အတွင်းမှာ ပထမဦးဆုံးပြုလုပ်မယ့် လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။

**မေး။ ဝန်ကြီးဌာနအနေနဲ့ ရက် ၁၀၀ အတွင်းမှာ ဆောင်ရွက်သွားမယ့် အခြားသော လုပ်ငန်းစဉ်တွေကိုလည်း သိပါရစေရှင့်။**

**ဖြေ။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်မှာ ဌာနပေါင်း ၁၈ ခုရှိပြီး သက်ဆိုင်ရာဌာနအလိုက် ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ် ၁၇ ခု ရှိပါတယ်။ လေကြောင်းကဏ္ဍ၊ ရေကြောင်းကဏ္ဍ၊ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ၊ မီးရထားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနဲ့ မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာ ကဏ္ဍအလိုက်စီမံကိန်းတွေချမှတ်ပြီး ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူလူထုအကျိုးရှိစေမယ့်လုပ်ငန်းတွေ လုပ်ကိုင်သွားမှာဖြစ်ပါတယ်။

**မေး။ လေကြောင်းကဏ္ဍအတွက် အဓိကဆောင်ရွက်သွားမယ့်အပိုင်းကိုလည်း ရှင်းပြပေးပါရှင့်။**

**ဖြေ။** ပို့ဆောင်ရေးကဏ္ဍတစ်ခုဖြစ်တဲ့ လေကြောင်းကဏ္ဍမှာတော့ သိသာထင်ရှားတဲ့ ဆောင်ရွက်မှုကတော့ ARTလေယာဉ် အကြီးစားပြုပြင်ရေးကို လေယာဉ်ထုတ်လုပ်တဲ့ ကုမ္ပဏီမှ အင်ဂျင်နီယာများရဲ့ကြီးကြပ်မှုနဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်းက ပထမဦးစွာ စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ပုဂ္ဂလိကလေကြောင်းတွေရော၊ နိုင်ငံပိုင် လေကြောင်းတွေရောရှိတဲ့နေရာမှာ ART လေယာဉ်အမျိုးအစား ၃၀ ကျော်ကို သုံးစွဲနေပါတယ်။ ဒါတွေပြင်ဆင်ဖို့လိုအပ်လာရင် အခြားနိုင်ငံတွေမှာ သွားပြင်နေရပါတယ်။ ဒါကြောင့် မလိုအပ်ဘဲ နိုင်ငံခြားငွေတွေလည်း ပိုမိုသုံးစွဲနေရတယ်။ ဒါကြောင့်မို့ ကိုယ့်နိုင်ငံမှာပဲ ပြင်ဆင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

**မေး။ ရေကြောင်းကဏ္ဍမှာရော ရက်ပေါင်း ၁၀၀ အတွင်း လုပ်ဆောင်မယ့်အစီအစဉ်တွေနဲ့ အများပြည်သူနဲ့သက်ဆိုင်တဲ့ ကဏ္ဍတွေမှာ ဘယ်လိုအကျိုးကျေးဇူးတွေ ရလာမလဲဆိုတာ သိချင်ပါတယ်ရှင့်။**

**ဖြေ။** ရေကြောင်းကဏ္ဍမှာတော့ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မြစ်အတွင်းမှာသွားလာနေတဲ့ ရေယာဉ်တွေကို စနစ်တကျသွားလာအောင်၊ စည်းကမ်းရှိအောင် ပညာပေးတာ၊ ဟောပြောတာ အဲဒါတွေကို ပထမလုပ်ငန်းစဉ်အနေနဲ့ သတ်မှတ်ထားပါတယ်။

ဒုတိယတစ်ခုအနေနဲ့ကတော့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဌာနအနေနဲ့ ပြည်ထောင်စုဘတ်ဂျက်နဲ့ ရေလမ်းထိန်းသိမ်းရေးနှစ်ခု လုပ်မယ်။ တိုင်းဒေသကြီးတွေရဲ့ ဘတ်ဂျက်နဲ့ မြစ်ကမ်းပြိုထိန်းသိမ်းမှုတွေကို ၃၆ နေရာလုပ်မယ်။ အားလုံးပေါင်း ၃၈ နေရာမှာ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းတွေကို ရက် ၁၀၀ အတွင်းမှာ ပြုလုပ်သွားမယ်လို့ ချမှတ်ထားပါတယ်။

ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်က အိုနေတယ်။ တကယ်တမ်းမူရင်းရောဂါကတော့ မြစ်ကြီးအိုနေတယ်။ မြစ်ရဲ့ရေလမ်းကြောင်း မကောင်းဘူး။ အပေါ်က အနယ်အနှစ်ကျမှုတွေ၊ သစ်တောပြုန်းတီးမှုတွေ၊ သတ္တုတွေကို စည်းကမ်းမဲ့တူးဖော်မှုတွေကြောင့် အနည်ကျပြီးတော့ မြစ်က တဖြည်းဖြည်းနဲ့ တိမ်ကောလာပြီး ရေကြီးရေလျှံမှုတွေ၊ ကမ်းပြိုမှုတွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ အခုကျတော့ တကယ်အရင်းအမြစ်ရောဂါဖြစ်တဲ့ ရေလမ်းထိန်းသိမ်းရေးကိုမလုပ်နိုင်ဘဲ မြစ်ကမ်းပြိုတာတွေပဲ လိုက်ပြီးပြုပြင်နေတာ တကယ်တမ်းမြစ်ကြောင်းတစ်ခုလုံးသာ ကောင်းမွန်သွားရင် ကမ်းပြိုတာတွေလည်းရှိမှာမဟုတ်ဘဲ ရေကြောင်းသွားလာမှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ဒါတွေကိုတော့ နောက်လာမယ့် စီမံကိန်းတွေမှာ ရေးဆွဲသွားမှာဖြစ်ပါတယ်။ လောလောဆယ်ကတော့ ရက် ၁၀၀ အတွင်းမှာ နေရာ ၃၈ နေရာရေလမ်းကြောင်း ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။

**မေး။ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍမှာ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမယ့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍမှာ အဓိကကတော့ ယာဉ်မတော်တဆမှုတွေကြောင့် ယာဉ်တိုက်မှုတွေများနေတယ်။ ဒါကြောင့်မို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးပညာပေးလုပ်ငန်းတွေကို အားလုံးပေါင်း အကြိမ် ၅၀ လုပ်မယ်ဆိုပြီးတော့ ညွှန်ကြားထားပါတယ်။ ဒီထက်မကလည်း လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဒုတိယ လုပ်ဆောင်ချက်အနေနဲ့ကတော့ ယာဉ်မောင်းလိုင်စင် (ခ၊ ဂ၊ ဃ၊ င) လိုင်စင်တွေမှာ Chip ပါတဲ့ နိုင်ငံတကာအဆင့်မီတဲ့ လိုင်စင်ကတ်တွေ အပြီးထုတ်ပေးသွားဖို့ ရည်ရွယ်ထားပြီး စတင်ထုတ်ဝေပေးနေပါပြီ။

**မေး။ အများပြည်သူခရီးသွားလာရေးနဲ့ဆိုင်တဲ့ မီးရထားကဏ္ဍမှာရော ရက်ပေါင်း ၁၀၀ အတွင်းဆောင်ရွက်ပေးမယ့် လုပ်ငန်းစဉ်တွေအကြောင်း ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** မီးရထားကဏ္ဍမှာတော့ ရထားဝန်ထမ်းတွေ ပြည်သူလူထုကို ဆက်ဆံတဲ့အခါမှာ တကယ့်ကို ယဉ်ကျေးပျူငှာအောင်၊ ချိုချိုသာသာ ပြောဆိုတတ်အောင် လေ့ကျင့်ပေးနေပါတယ်။ ပြည်သူ့ဆက်ဆံရေးဆိုတဲ့ စာအုပ်တစ်အုပ်ထုတ်ပြီးတော့ ပြည်သူ့ဆက်ဆံရေးဘာသာရပ်ကို တိုင်း ၁၁ တိုင်းက မီးရထားဝန်ထမ်းတွေအကုန်လုံး ဖြန့်ဝေတာတွေ ဟောပြောပို့ချတာတွေ ဆောင်ရွက်နေပါတယ်။

ဒုတိယတစ်ခုအနေနဲ့ မြစ်ငယ်နဲ့ ပုလိပ်ကြားမှာ ပေ ၈၆၀ ရှိတဲ့ ဒုဋ္ဌဝတီမြစ်ကူးတံတားလမ်းပိုင်းဟာ ရန်ကုန်-မန္တလေး မီးရထားလမ်းတစ်လျှောက် ဒွေးလမ်းအားလုံးရဲ့ တစ်ခုတည်းသော ကျန်နေတဲ့ တစ်လမ်းတည်းရှိတဲ့ လမ်းဖြစ်ပါတယ်။ ဒါကို ဒွေးလမ်းအဖြစ် အသုံးပြုနိုင်ရန် ဇူလိုင်လမတိုင်ခင် အပြီးဆောင်ရွက်သွားဖို့ရှိပါတယ်။

တတိယလုပ်ဆောင်ချက်အနေနဲ့ကတော့ ရထားကဏ္ဍနဲ့ပတ်သက်ပြီး စီးပွားရေးတွက်ခြေမကိုက်တဲ့လမ်းကြောင်းတွေကို လျှော့ချမယ်။ အရင်ကတော့ လမ်းတွေအများကြီးဖွင့်ပေးမယ်လို့ တကယ်တမ်း စီးပွားရေးတွက်ခြေမကိုက်ဘူး။ ပြည်သူလူထုအနေနဲ့လည်း မလိုအပ်တဲ့၊ အသုံးမပြုတဲ့လမ်းတွေကို တဖြည်းဖြည်းနဲ့ လေ့လာပြီးတော့ ပြုပြင်သွားဖို့ရှိပါတယ်။ တွက်ခြေမကိုက်တာတွေကို လေ့လာဖို့ စတင်ဆောင်ရွက်နေပါတယ်။

**ဦးစိုးသိန်း**
**ညွှန်ကြားရေးမှူးချုပ်**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**မေး။ 2600 MHz (206 GHz) ကို လေလံတင်မယ့်အကြောင်းနဲ့ ဆောင်ရွက်မယ့်အနေအထားကို ကျယ်ကျယ်ပြန့်ပြန့် သိရှိပါရစေရှင့်။**

**ဖြေ။** ရက် ၁၀၀ စီမံကိန်းအတွင်းမှာ ဌာနအနေနဲ့ ဆောင်ရွက်မှာကတော့ 2600 MHz လေလံတင်မှာဖြစ်ပြီးတော့ 2600 MHz က Broad Band ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းမှာ အဓိကကျတဲ့ လှိုင်းနှုန်းဖြစ်ပါတယ်။ Broad Band တိုးတက်ရင် နိုင်ငံရဲ့ GDP နဲ့ တိုက်ရိုက်အချိုးကျတာဖြစ်တဲ့အတွက် နိုင်ငံတော်မှာ Broad Band ဝန်ဆောင်မှုတိုးတက်ဖို့ အခြားနိုင်ငံတွေနဲ့စာရင် အများကြီးလိုအပ်နေတယ်။ Broad Band ဝန်ဆောင်မှုကိုပေးဖို့ နည်းလမ်းနှစ်မျိုးရှိပါတယ်။ Fit Broad Broad နဲ့ Fiber to the home၊ နောက်တစ်ခုက လှိုင်းနှုန်းစဉ်သုံးတဲ့ ဝန်ဆောင်မှုဖြစ်ပါတယ်။

လှိုင်းနှုန်းနဲ့ပတ်သက်ပြီးတော့ 2600 Broad Band ဝန်ဆောင်မှုပေးရာမှာ အဓိကကျတဲ့ လှိုင်းနှုန်း၊ လက်ရှိတယ်လီဖုန်း အော်ပရေတာတွေမှာ ပေးထားတဲ့ 900 MHz တို့၊ 1100 MHz တို့ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ နောက်နှစ်အလိုက် ဘယ်လှိုင်းနှုန်းတွေကို ပေးမယ်ဆိုတာကို လှိုင်းနှုန်းစဉ် Roadmap မှာ အတည်ပြုကြေညာထားပြီး ဖြစ်ပါတယ်။

2600 MHz ကို အတည်ပြုပေးမယ်။ သုံးခွင့်ပေးမယ်။ Release လုပ်မှာနဲ့အညီ ဆက်လက်ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလုပ်ငန်းကို ရက် ၁၀၀ အတွင်းမှာ စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးထွန်းလွင်ဦး**
**ညွှန်ကြားရေးမှူးချုပ်**
**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**မေး။ ကမ်းပြိုထိန်းသိမ်းမှုနှင့် ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ဆောင်မယ့် ဒေသတွေက ဘယ်နေရာတွေဖြစ်မလဲရှင့်။ ဦးစားပေးဆောင်ရွက်မယ့်အနေအထားနဲ့ ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေလေး သိပါရစေရှင့်။**

**ဖြေ။** ကမ်းပြိုကာကွယ်ရေး ၃၆ ခုနဲ့ ရေလမ်းကြောင်း ကာကွယ်ရေးလုပ်ငန်း နှစ်ခုအပါအဝင် အားလုံးပေါင်း ၃၈ ခုရှိပါတယ်။

**စာမျက်နှာ ၁၈ သို့ »»»**



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်။



မြန်မာအမျိုးသားလေကြောင်းလိုင်းက ARTလေယာဉ်အကြီးစားပြုပြင်ရေးကို နိုင်ငံအတွင်း၌ပင်ပြင်ဆင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။




မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းသုံးစွဲမှုပမာဏ ၆၆ ရာခိုင်နှုန်းလွှမ်းခြုံထားပြီး ရက် ၁၀၀ အတွင်း မိုဘိုင်းစခန်း ၅၀၀ တည်ဆောက်ရန် လျာထားသည်။



ရန်ကုန်-မန္တလေးရထားလမ်းရှိ ဒုဋ္ဌဝတီမြစ်ကူးတံတားအား ဇူလိုင်လမတိုင်မီ အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။



မိုးလေဝသသတင်းအချက်အလက်များကို ပိုမိုတိကျစွာခန့်မှန်းနိုင်ရန် ရန်ကုန်မြို့ ကမ္ဘာအေးတွင် ရေဒါစခန်းတစ်ခု တည်ဆောက်လျက်ရှိသည်။

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀



**စာမျက်နှာ ၁၇ မှ »»**

အဓိကဆောင်ရွက်သွားမှာကတော့ ရန်ကုန်တိုင်းဒေသကြီးမှာ နှစ်ခု၊ ပဲခူးတိုင်းဒေသကြီးမှာ တစ်ခု၊ မကွေးတိုင်းဒေသကြီးမှာတစ်ခု၊ မန္တလေးတိုင်းဒေသကြီးမှာ ခုနစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၁၃ ခု၊ ရခိုင်ပြည်နယ်မှာ လေးခု၊ မွန်ပြည်နယ်မှာ နှစ်ခု၊ ကချင်ပြည်နယ်မှာ ခြောက်ခု စုစုပေါင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၃၆ ခုကို ရက် ၁၀၀ အတွင်းမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဆောင်ရွက်ဆဲတွေလည်း ရှိပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၁၄၂ ခု ဆောင်ရွက်ဖို့လျာထားပါတယ်။ သို့သော်လည်း ဘဏ္ဍာငွေကန့်သတ်ချက်နဲ့လုပ်ငန်းရဲ့ Priority အပေါ်မူတည်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဓိကကတော့ ငါးနှစ်ဖွံ့ဖြိုးရေးစီမံကိန်းအနေနဲ့တော့ ဧရာဝတီ Project ပါ။ ဧရာဝတီကို ကမ္ဘာ့ဘဏ်ရဲ့ထောက်ပံ့မှုနဲ့ လုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ တစ်ဖက်ကလည်း Inland port Development ဖြစ်ပါတယ်။ မြစ်ကြောင်းတွေကောင်းမွန်ရုံနဲ့လည်း မရပါဘူး။ ဆိပ်ကမ်းတွေကောင်းမွန်အောင်လည်း ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ မန္တလေးမှာ ဆိပ်ကမ်းကောင်းကောင်းမရှိတဲ့အတွက် ကွန်တိန်နာတွေကို အတင်၊ အချ ပြုလုပ်နိုင်တဲ့ ဆိပ်ကမ်းတစ်ခုဖြစ်လာအောင် ကွန်တိန်နာသယ်နိုင်တဲ့ ရေယာဉ်တွေကို အထောက်အကူပြုနိုင်တဲ့ ဆိပ်ကမ်းတွေကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း ၃၆ ခုကို ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ (ဓာတ်ပုံ-အောင်ရဲသွင်)

**ဦးစိုင်းစောလင်းထွန်း**
**ညွှန်ကြားရေးမှူးချုပ်**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**မေး။ Intelset Satellite Operation နဲ့ စာချုပ်ချုပ်ဆိုပြီးရင် ဂြိုဟ်တုအသုံးပြုဖို့ လုပ်ငန်းစနိုင်မယ့်အခြေအနေနဲ့ လက်ရှိအနေအထားထက် ကွာခြားစွာရရှိလာနိုင်တဲ့ အကျိုးကျေးဇူးတွေက ဘာတွေရှိလာမလဲ သိပါရစေရှင့်။**

**ဖြေ။** Intelset Satellite Operation နဲ့စာချုပ်ချုပ်ဆိုပြီးရင် ဇွန်လလောက် လုပ်ငန်းစတင်ပါမယ်။ အခုလိုပြုလုပ်ခြင်းအားဖြင့် ဂြိုဟ်တုငှားခစျေးနှုန်းတွေ သက်သက်သာသာနဲ့ သုံးစွဲလာနိုင်မယ်။ နောက်တစ်ခုကတော့ ဂြိုဟ်တုစနစ်နဲ့ အဝေးဖိုက်ဘာဆက်ကြောင်းတွေ၊ မိုက်ခရိုဆက်ကြောင်းတွေ မြန်မာနိုင်ငံရဲ့ ဒေသတော်တော်များများကို ဆက်သွယ်ရေးဝန်ဆောင်မှုပေးသွားနိုင်မှာဖြစ်ပါတယ်။ ဘယ်နေရာကမဆို ဆက်သွယ်သုံးစွဲနိုင်ရေးအတွက် ဝန်ဆောင်မှုပေးသွားနိုင်ဖို့ အကျိုးကျေးဇူးတွေ ရမှာဖြစ်ပါတယ်။

**မေး။ လက်ရှိမှာ မြန်မာနိုင်ငံရဲ့ မိုဘိုင်းဖုန်း သုံးစွဲမှုပမာဏနဲ့ နိုင်ငံရဲ့ ဘယ်လောက်ရာခိုင်နှုန်းကို ဆက်သွယ်ရေးကဏ္ဍက လွှမ်းခြုံထားနိုင်ပြီလဲ သိရပါရစေရှင့်။**

**ဖြေ။** လက်ရှိ မြန်မာနိုင်ငံရဲ့ mobile ဖုန်းသုံးစွဲမှုပမာဏအနေနဲ့ MPT အနေနဲ့ကတော့ ၆၆ ရာခိုင်နှုန်းလောက် လွှမ်းခြုံထားပြီးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ကုန်လောက်မှာတော့ ၇၅ ရာခိုင်နှုန်းရဖို့ ရည်မှန်းထားပါတယ်။ လာမယ့် ငါးနှစ်တာကာလအတွင်းမှာ ၈၅ ရာခိုင်နှုန်းလောက်ထိ လွှမ်းခြုံနိုင်အောင် ရည်မှန်းထားပါတယ်။ ရက် ၁၀၀ အတွင်းမှာ မိုဘိုင်းစခန်း ၅၀၀ တည်ဆောက်ဖို့ လျာထားပါတယ်။ ယနေ့အထိ ၂၂၀ လောက်ပြီးသွားပါပြီ။ ရှေ့ဆက်ပြီးလည်း လူထုဝန်ဆောင်မှုကို မြန်မြန်ရရှိစေဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မိုဘိုင်းဝန်ဆောင်မှုကောင်းဖို့ လိုအပ်တဲ့အတွက် အလုံမှာလည်း Mobile Operation Center ဖွင့်လှစ်နေပါပြီ။ ကတ်ပျောက်၊ ကတ်ပျက် စတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်နေရာအနှံ့က ပြည်သူတွေ အရင်ကလို ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ လာလုပ်စရာမလိုဘဲနဲ့ ကိုယ့်ဒေသမှာ ပြုလုပ်နိုင်အောင် Brand shop တွေ ဖွင့်လှစ်သွားမယ်။

နောက်တစ်ခုက ရေအောက်ကေဘယ်လ် အမှတ် (၅)ကို ၂၀၁၆ ခုနှစ်ကုန် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှာ ဝန်ဆောင်မှုစတင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေပါတယ်။ ရက် ၁၀၀ အတွင်းမှာ ကုန်းတွင်းဆက်ကြောင်းကို ပြီးအောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာကျော်မိုးဦး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**မေး။ ရန်ကုန်ရေဒါစခန်း ပြီးစီးမယ့် ခန့်မှန်းနေ့ရက်နဲ့ ရန်ကုန်ရေဒါစခန်းရဲ့ သုံးစွဲတဲ့ နည်းပညာ၊ နိုင်ငံတကာစံနှုန်းတွေကိုလည်း ရှင်းပြပေးပါရှင့်။**

**ဖြေ။** ရေဒါစခန်းကို JICA အကူအညီနဲ့ တည်ဆောက်နေပါတယ်။ ကမ္ဘာအေးမှ ၇၇ မီတာမြင့်တဲ့ တာဝါတိုင်ဆောက်လုပ်နေတာ ဇွန်လကုန်လောက်ပြီးမှာပါ။ ဒါပြီးရင် ရေဒါတပ်ဆင်မှာကတော့ ရက် ၁၀၀ ကျော်သွားမယ်။ အဆောက်အအုံကတော့ ရက် ၁၀၀ အတွင်းပြီးမယ်။ ရန်ကုန်မှာ ရေဒါတပ်ဆင်ပြီးရင်တော့ ရန်ကုန်ဧရိယာတစ်ဝိုက်မှာရှိတဲ့ မိုးလေဝသသတင်းတွေကို ပိုပြီးတိတိကျကျ ခန့်မှန်းကြေညာနိုင်မှာ ဖြစ်ပါတယ်။

**မေး။ လက်ရှိထုတ်ပြန်ပေးမှုတွေအပြင် ပြည်သူတွေပိုမိုစိတ်ဝင်စားလာအောင် ထုတ်ပြန်မှုကို ပြောင်းလဲမယ့်အစီအစဉ်တွေရော ရှိပါသလား။**

**ဖြေ။** ဒီနှစ်က အယ်နီညိုရော၊ လာနီညာပါ ရှိနေတဲ့နှစ်ဆိုတော့ အဲဒီသတင်းတွေကို ပြည်သူလူထုကို မြန်မြန်ဆန်ဆန်နဲ့ပိုပြီးတော့ မှန်မှန်ကန်ကန်ကြေညာနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ။

## ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာဘာသာရပ်သင်တန်း ဖွင့်လှစ်ပို့ချ

**ညောင်ဦး မေ ၂၀**

ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာဘာသာရပ်သင်တန်းဖွင့်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါသင်တန်းသို့ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ရှိန်နှင့် ညောင်ဦးခရိုင်နှင့် မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ခရိုင်ဦးစီးမှူးများနှင့် တာဝန်ခံများ၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ၊ ကွင်းဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်အတွင်းရှိ တောင်သူများ စုစုပေါင်း သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ရှိန်က ညောင်ဦးမြို့နယ်၌ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာများဖြစ်သည့် ပိုးမွှားများဖမ်းယူလေ့လာခြင်း၊ ကောင်းမွန်သော မြေဆီလွှာများ ကြံ့ခိုင်ခြင်း၊ စပါးမျိုးစေ့များ ရွေးချယ်ခြင်း၊ မြေဆီလွှာပညာရှင်များ ပေါ်ထွန်းလာစေခြင်း၊ စပါးသီးနှံဖွံ့ဖြိုးတိုးတက်မှုအရ ရေလိုအပ်မှုအခြေအနေကြိုတင်သိထားနိုင်ခြင်း၊ ပိုးမွှားရောဂါများကို ဆေးဖက်ဝင်အပင်များအဖြစ် အသုံးပြု၍ ကာကွယ်နှိမ်နင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ထောက်ခံချက်စနစ်တို့အပြင် ကိုယ်တိုင်တစ်နိုင်တစ်ပိုင် စပါးမျိုးစေ့များထုတ်လုပ်နိုင်ခြင်းများကို ရှင်းလင်းဆွေးနွေးပို့ချပေးခဲ့သည်။ ထို့နောက် သင်တန်းသားများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်းနှင့် အဆိုပါသင်တန်းကို ညနေ ၄ နာရီတွင် ရပ်နားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ရေတာရှည်မြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် မြို့သာယာလှပရေးဆောင်ရွက်

**ရေတာရှည် မေ ၂၀**

နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဌာနအလိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့သာယာလှပစေရေးနှင့် မိုးရာသီကာလတွင် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကရင်ချောင်းလမ်းနှင့် ကန်လမ်းအထိ ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းကို မေ ၂၀ ရက် နံနက်ပိုင်းမှစတင်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေး၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။ ရက် ၁၀၀ စီမံချက်ဖြင့် မြို့တွင်းလမ်းများကို ကတ္တရာခင်းခြင်း၊ ကျောက်ချောလမ်းထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများနှင့် စမိုးချောင်းရေနုတ်မြောင်း အုတ်စီနံရံတည်ဆောက်ခြင်းလုပ်ငန်းများအပြင် မိုးရာသီကာလတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ရက် ၁၀၀ စီမံကိန်းကာလအတွင်း တောင်သူအကျိုးပြု လယ်ယာသုံး စက်ကိရိယာများ စနစ်တကျကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**လားရှိုး မေ ၂၀**

စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) အမှတ်(၉၆) စက်မှုလယ်ယာစခန်း (ကျောက်မဲမြို့)မှ ရက် ၁၀၀ စီမံကိန်းကာလအတွင်း တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာများ စနစ်တကျကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုသင်တန်း (၁/၂၀၁၆)ကို ကျောက်မဲမြို့နယ် နားအိုက်ခန်းကျေးရွာအုပ်စုတွင် မေ ၁၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ စက်မှုလယ်ယာဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးရဲမြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကျောက်မဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် တောင်သူသင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ဆိုနာလီဂါထွန်စက်ကြီး သုံးစီး၊ လက်ကိုင်ရှည်လက်တွန်းထွန်စက် နှစ်စီးနှင့် ကျွမ်းကျင်သင်တန်းနည်းပြ ရှစ်ဦးဖြင့် ရက်သတ္တနှစ်ပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်သဖြင့် တောင်သူများအထူးစိတ်ဝင်စားလေ့လာလျက်ရှိကြောင်း သိရသည်။ **(ဇော်လွင်)**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ် မြန်မာ-ထိုင်းချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူ



**မြဝတီ မေ ၂၁**

ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ် မြန်မာ-ထိုင်းချစ်ကြည်ရေး၊ ဘာသာရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားပေါ်၌ မေ ၂၀ ရက် နံနက် ၆ နာရီခွဲက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ကဆုန်လပြည့်(ဗုဒ္ဓနေ့)သမိုင်းအား ရှင်းလင်းပြောကြားပြီး ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး နိုင်ကျရိန်လစ်စင္ဂမ်ဆတ်က အခမ်းအနားအဖွင့်မိန့်ခွန်းပြောကြားသည်။ ယင်းနောက် နှစ်နိုင်ငံ ခရိုင်အုပ်ချုပ်ရေးမှူးများက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်များထံမှ တရားတော်များ နာယူကြသည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မျိုးထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး နိုင်ကျရိန်လစ်စင္ဂမ်ဆတ်နှင့် တာဝန်ရှိသူများ၊ နှစ်နိုင်ငံဘာသာရေးအသင်းအဖွဲ့များ၊ နှစ်နိုင်ငံပြည်သူများက မြန်မာသံဃာ ၄၅ ပါး၊ ထိုင်းသံဃာ ၄၅ ပါး စုစုပေါင်း သံဃာအပါး ၉၀ တို့အား ဆွမ်းဆန်စိမ်းများ စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်နိုင်ငံချစ်ကြည်ရေး၊ ဘာသာရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကြောင့် နှစ်နိုင်ငံ ဘာသာရေးဆိုင်ရာဆောင်ရွက်မှုများ တိုးတက်လာပြီး နှစ်နိုင်ငံပြည်သူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# မျိုးဆက်ပွားကျန်းမာရေး စီမံချက် စတင်ဆောင်ရွက်

**ဝက်လက် မေ ၂၁**

ပြည်သူများ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာ ခံယူချက်နှင့် အလေ့အထများ တိုးတက်စေခြင်းဖြင့် လူမှုဘဝမြင့်မားလာစေရန်နှင့် မျိုးဆက်ပွားကျန်းမာရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့တွင် ပါဝင်အားဖြည့်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UN-FPA တို့ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေး စီမံချက်ကို ဝက်လက်မြို့နယ်၌ စတင်ဆောင်ရွက်ရန်အတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၇ ရက် နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံ အစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်က အမှာစကားပြောကြားပြီး မျိုးဆက်ပွားကျန်းမာရေးစီမံချက်အရာရှိ ဒေါက်တာဖုန်းမိုလှိုင်နှင့် ဒေါက်တာခင်သီတာတို့က စီမံချက်ဆိုင်ရာများနှင့် သင်တန်းများဖွင့်လှစ်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြသည်။

အဆိုပါစီမံချက်မှာ သားဆက်ခြားခြင်းကို အဓိကထားဆောင်ရွက်မည်ဖြစ်ပြီး လူထုအခြေပြု စေတနာ့ဝန်ထမ်းများအား မျိုးဆက်ပွားကျန်းမာရေးသင်တန်းများကိုလည်း ဝက်လက်မြို့နယ်အတွင်း ရွာသာကြီးကျေးရွာနှင့် မုဆိုးခြုံကျေးရွာတို့တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် သားဆက်ခြားခြင်းအသိပညာများ၊ ဗဟုသုတများရရှိအောင် သင်တန်းနည်းပြဆရာနှစ်ဦးက ဆွေးနွေးသွားမည်ဖြစ်ပြီး သင်တန်းသားများမှတစ်ဆင့် မိမိတို့ရပ်ရွာတွင် သားဆက်ခြားခြင်း အသိပညာများ တစ်ဆင့်မျှဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မဘိမ်း မေ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ တီဘီရောဂါကွင်းဆင်းရှာဖွေကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အခမဲ့ကွင်းဆင်းဆောင်ရွက်မှု ပြည်သူ့အကျိုးပြုလုပ်ငန်းကို မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကွန်းချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ငါးအိုးကျေးရွာ တိုက်နယ်ဆေးရုံ သံဃာဆောင်၌လည်းကောင်း ဆောင်ရွက်ခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေလင်း၊ သွားနှင့်ခံတွင်းဆရာဝန်ဒေါက်တာယဉ်မင်းပိုက်၊ ကျန်းမာရေးမှူးများနှင့် သူနာပြုဆရာမများသည် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် မဘိမ်းမြို့နယ် ကွန်းချောင်းကျေးရွာ၊ ငါးအိုးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူ သွားနှင့်ခံတွင်းရောဂါဝေဒနာရှင် ၁၉၃ ဦး၊ အထွေထွေရောဂါဝေဒနာရှင် ၃၃၃ ဦးအနက်မှ တီဘီသံသယလူနာ ၂၆၈ ဦးကို ဓာတ်မှန်ရိုက်စစ်ဆေးပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အရ ဒေသခံ ၅၂၆ ဦးကို အခမဲ့စမ်းသပ်ကုသပေးနိုင်ခဲ့သည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

# ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာနများဖွင့်လှစ်ထား

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center- MRC) များကို ဖွင့်လှစ်ရခြင်းမှာ ဒေသတွင်းအလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်း၊ လုပ်ငန်းစဉ်များနှင့် ရွှေ့ပြောင်းအလုပ်သမားများတရားဝင် ရွှေ့ပြောင်းသွားလာခြင်းအတွက် အဆင့်ဆင့်ဦးစားပေးဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများ၊ ဖြစ်နိုင်ချေရှိသော ရွှေ့ပြောင်းအလုပ်သမားများ သိသင့်သိထိုက်သော သတင်းအချက်အလက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ မှန်ကန်စွာရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများမှတစ်ဆင့် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရေး၊ ရွှေ့ပြောင်းသွားလာခြင်းဖြစ်စဉ်တွင် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးစသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center - MRC) ကို ရွှေ့ပြောင်းသွားလာမှုအများဆုံးနေရာဒေသများဖြစ်သည့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့နယ်တို့တွင် (International Labour Organization - ILO) နှင့် ပူးပေါင်း၍လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် မြဝတီမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့တွင် (International Organization for Migration- IOM) နှင့်ပူးပေါင်း၍လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင်လည်းကောင်း၊ ယင်းရုံးများနှင့် ပူးပေါင်း၍လည်းကောင်း ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

အဆိုပါ Center များတွင် ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသော အလုပ်သမားများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုများအား အသိပညာပေးခြင်းနှင့် အကြံပြုဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းစသည့် ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ရွှေ့ပြောင်းသွားလာ၍ အလုပ်လုပ်ကိုင်လိုသောမြန်မာအလုပ်သမားများအနေဖြင့် သွားရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများ၏ဆက်သွယ်ရန် လိပ်စာများ**

၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မရမ်းကုန်းမြို့နယ်
အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ အမှတ် ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၆၆၀၅၉၅၊

၂။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ်
(၃၅)လမ်း၊ ရန်ကြီးအောင်လမ်းနှင့် လမ်း(၉၀)ထောင့်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း ၀၂-၂၁၁၅၀၊ ၀၉-၉၇၇၂၂၀၈၅၂၊

၃။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)မကွေးမြို့
အကွက်(၁၂)၊ အမှတ်(၉) စီတာပတ်ကွင်းလမ်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး၊ ဖုန်း-၀၆၃-၂၁၀၁၉၊

၄။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)ဘားအံမြို့
အမှတ်(၃) ရပ်ကွက်၊ ဗိုလ်တဲကုန်း၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်၊ ဖုန်း ၀၅၈-၂၁၁၀၆၊

၅။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မော်လမြိုင်မြို့
အမှတ်(၁၇)၊ ကျိုက်သာလန်ဘုရားလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်၊ ဖုန်း ၀၅၇-၂၁၁၄၅၊

၆။ မော်ကွမ်းဒေသ ဒေသဖွံ့ဖြိုးရေးအဖွဲ့၊ ခတ္တာလမ်း၊ မြို့သစ်ရပ်၊ ရပ်ကွက် (၃)၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်း
ဖုန်း ၀၉-၄၉၀၃၃၄၂၃၊

၇။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မိတ္ထီလာမြို့
အောင်သုခလမ်း၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၆၄-၂၃၀၄၈၊ ၀၉-၉၇၇၂၂၀၈၅၃၊

၈။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြင်းခြံမြို့
အမှတ် (၁၉)၊ တိုးချဲ့ကွက်သစ်(ခ)၊ (၁၇၆/၁၇၇)၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း - ၀၆၆-၃၀၄၈၈၊ ၀၉-၉၇၇၂၂၀၈၅၄၊

၉။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ကျောက်ဆည်မြို့
အောက်ချိုင်းရပ်၊ ဆူးကုန်းအုပ်စု၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း- ၀၆၆-၅၀၃၄၀၊ ၀၉-၉၇၇၂၂၀၈၅၅၊

၁၀။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ထားဝယ်မြို့
ဆိပ်ကမ်းသာလမ်း၊ ဆန်ချီးမြို့သစ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၁၀၄၂၊ ၀၉-၉၇၇၂၂၀၈၅၁၊

၁၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြဝတီမြို့
အမှတ် (၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
ဖုန်း- ၀၅၉-၅၀၂၂၃၊

**Complaints Mechanism Center**

ပြည်တွင်း/ပြည်ပတွင် လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရန် Complaints Mechanism Center ကို ၂၇-၆-၂၀၁၃ ရက်နေ့တွင် နေပြည်တော်၌လည်းကောင်း၊ ၃-၇-၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌လည်းကောင်း ဖွင့်လှစ်ပေးပြီး တိုင်ကြားလာသော အလုပ်သမားရေးရာကိစ္စများကို ၂၄နာရီ လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကူအညီတောင်းခံတိုင်ကြားနိုင်ပါသည်-

**နေပြည်တော်၊ Complaints Mechanism Center**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)
ဖုန်း-၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄

**ရန်ကုန်၊ Complaints Mechanism Center**
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး)၊
ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၈/၁)၊
နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇

# ဆူးကြားမှ ဘူးခါး

ကိုရင်ဩ

အမေရိကန်ပြည်ထောင်စုအား ခေါင်းနားပန်းကြီးစေမည့် ဥပဒေကြမ်းတစ်ရပ်ကို အီရန်ပါလီမန်က မေ ၁၇ ရက်တွင် အတည်ပြုချမှတ်ခဲ့သည်။ ယင်းဥပဒေကြမ်းတွင် လွန်ခဲ့သည့် ၆၃ နှစ်တာ ကာလပတ်လုံး အမေရိကန်၏ ရန်လိုသော မူဝါဒများကြောင့် အီရန်နိုင်ငံခံစားခဲ့ရသော "ရုပ်နှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ရမှုများ" အတွက် အီရန်အစိုးရအဖွဲ့က အမေရိကန်ပြည်ထောင်စုထံမှ နစ်နာကြေးတောင်းခံရန် တာဝန်ယူရမည်ဟူ၍ အတိအလင်း ဖော်ပြထားလေရာ နိုင်ငံတကာ ဆက်ဆံရေးတွင် အတိတ်တစ္ဆေခြောက်တတ်ပုံကို ကျွန်ုပ်သင်ခန်းစာရမိလေ၏။

အမေရိကန်အစိုးရ အဆက်ဆက်၏ မူဝါဒများက အီရန်နိုင်ငံအပေါ် မလိုမုန်းထား ရှိပြီးလျှင် မိမိ၏နိုင်ငံအနေဖြင့် ရုပ်ဝတ္ထုပိုင်းအရသာမက စိတ်ဓာတ်ပိုင်းအရပါ အထုအထောင်းခံခဲ့ရသည်ဟု အီရန်ဥပဒေပြုအမတ်မင်းများက စိတ်မှတ်ကြီးကြီးဖြင့် စွဲချက်တင်လိုက်ခြင်းဖြစ်သည်ဟု ကျွန်ုပ်ရှုမြင်မိလေသည်။

ဤတွင်ရွေ့ကား 'ဥပဒေပြုခြင်း အနုပညာ' သည် နိုင်ငံတကာ ဆက်ဆံရေးကို အရှိန်တက်အောင် ကိုင်လှုပ်နိုင်စွမ်းရှိ၏ဟု ကျွန်ုပ်တွေးတောမိရင်း အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ အတိတ်ကာလ ပြုပ်ရှုပ်ရှုပ်ဆက်ဆံရေး ပုံရိပ်များကို မပီဝိုးတဝါး ပြန်လည်မြင်ယောင်မိလေသည်။

**နိုင်ငံတကာဆက်ဆံရေး ပုံစံသစ်ကို ထုဆစ်ခြင်း**

ကမ္ဘာကြီး ငြိမ်းချမ်းသာယာဝပြောကာ လုံခြုံမှုရှိစေဖို့ နိုင်ငံများ လက်တွဲညီညီ ရှေ့သို့ချီမည်ဟူသော အခြေခံမှုဖြင့် နိုင်ငံတကာဆက်ဆံရေး ပုံစံသစ်ကို ပါဝင်ထုဆစ်ပါမည်ဟု အီရန်က တရားဝင်ကြေညာထား၏။

'အီရန် တော်လှန်ရေး' ကာလမှစ၍ ယင်းနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးသည် အခြေခံမူနှစ်ရပ်အပေါ် ဝင်ရိုးပြုထားကြောင်း တွေ့မြင်ရသည်။ ဒေသတွင်း၌ ပြင်ပမှ ဩဇာတိက္ကမ ချဲ့ထွင်မှုကို လက်မခံ၊ ဖွံ့ဖြိုးဆဲနှင့် ဘက်မလိုက်နိုင်ငံများနှင့် သံတမန်ဆက်ဆံရေးတိုးမြှင့်မည်ဟူသော အခြေခံမူနှစ်ရပ်ကို အီရန်နိုင်ငံက စွဲကိုင်ထားသည်ဆို၏။

အီရန်နှင့် အမေရိကန်တို့၏ ဆက်ဆံရေးကို ကြည့်လျှင် နှစ်ဦးနှစ်ဝ သက်သောင့်သက်သာမရှိလှပုံက လယ်ပြင်မှာ ဆင်သွားသလို ထင်ရှား၏။ အစဉ်အဆက် ပြိုင်ဘက်ဖြစ်ကြပြီးလျှင် ဆက်ဆံရေးလမ်းခရီးတွင် ပွတ်တိုက်မှုကသာ များနေ၏။

အီရန်နိုင်ငံသည် နိုင်ငံတော်က ကမကထပြုသော အကြမ်းဖက်ဝါဒကို ကိုင်စွဲထားသည်ဟူ၍ပင် အမေရိကန်က ယိုးစွပ်ခဲ့ဖူးလေသည်။

၂၀၀၅ ခုနှစ်မှစ၍ အီရန်နိုင်ငံ၏ အဏုမြူအစီအစဉ်ကို အကြောင်းပြု၍ နိုင်ငံတကာ အသိုက်အဝန်းအတွင်း စောဒနာပြုကြ၊ အပြစ်တင်ဆိုကြ ဖြစ်ခဲ့ကြပြီးလျှင် အီရန်၏ ရန်သူများ(အထူးအားဖြင့် အစ္စရေးနိုင်ငံ) ကို အဏုမြူပုံးဖြင့် ပစ်ခွင်းမည်ဟူ၍ပင် အီရန်ခေါင်းဆောင်ပိုင်းက ရာဇမာန်ရှုရှုဖြင့် ဟန်ရေးတပြပြရှိခဲ့ဖူးလေသည်။

အီရန်အနေဖြင့် အရပ်ဘက်ဆိုင်ရာ နျူကလိယနည်းပညာကို စစ်ဘက်ဆိုင်ရာ နျူကလိယနည်းပညာအဖြစ်သို့ ပြောင်းလဲလိုက်မည်လောဟု ကမ္ဘာ့နိုင်ငံများက စိုးထိပ်ဗျာပါ ပွားခဲ့ကြလေရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မနေသာတော့ဘဲ ယင်းနိုင်ငံအပေါ် ပိတ်ဆို့မှုများ ပြုလုပ်ခဲ့လေသည်။

ဤသို့လျှင် အီရန်နိုင်ငံမှာ ကမ္ဘာ့အသိုက်အဝန်းအတွင်း နိုင်ငံရေးနှင့် စီးပွားရေးအရ ဖယ်ကြဉ်ခံရခြင်းနှင့် တွေ့ကြုံရတော့သည်။

အီရန်နိုင်ငံ အဏုမြူလက်နက် ပိုင်ဆိုင်နိုင်ခြင်းမရှိရလေအောင် အနောက်အုပ်စုနိုင်ငံများက မျောက်မီးခဲကိုင်မိဘိအလားဂနာမငြိမ်၊ လှုပ်လှုပ်ရှားရှား ဟန့်တားပိတ်ဆို့ ခဲ့ကြပုံမှာလည်း သတင်းစာမျက်နှာများပေါ်၌ ထင်ကျန်ရစ်လေသည်။

၂၀၀၉ ခုနှစ် အခြေပြစာရင်းအရ အီရန်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် ၉၉ နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားရှိသော်လည်း အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေးလမ်းကြောင်း ဖောက်လုပ်နိုင်ခဲ့ခြင်း မရှိခဲ့ပါချေ။

**ဆက်ဆံရေး အရွဲ့အစောင်းကို ပြန်လည်တည့်မတ်ခြင်း**

နိုင်ငံတကာ ဆက်ဆံရေးဟူသည် လှေနံဓားထစ်မမှတ်ယူအပ်။ ဒီကွေ့ ဒီတက်နှင့် လှော်၊ ဟိုကွေ့ ဟိုတက်နှင့်လှော်ကြရရိုး ထုံးစံရှိ၏။ ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေ ကျင့်အပ်၏။ ချစ်လျှင် အကျိုး၊ မြတ်နိုးလျှင် သဒ္ဓါဖြစ်အပ်ရာ၏။

အီရန်နိုင်ငံ၌ သဘောထား အလယ်အလတ်မဖျိမလမ်းစဉ် ကျင့်သုံးသူ သမ္မတ ဟာဆန်ရူဟာနီ၏ လက်ထက်တွင် အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနှင့် ဆက်ဆံရေးရွဲ့စောင်းနေခဲ့မှုကို ပြန်လည်တည့်မတ်လာအောင် လုပ်ဆောင်နိုင်ခဲ့ပုံမှာ ကမ္ဘာ့နိုင်ငံများ မယုံနိုင်ဖွယ်ပင် အံ့အားသင့်ကြရပြန်သည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် အီရန်နိုင်ငံနှင့် P5+1 အုပ်စုတို့ သမိုင်းဝင် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြသည်။ P5 ဟူသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံ (တရုတ်၊ ပြင်သစ်၊ ရုရှား၊ ယူကေနှင့် အမေရိကန်)ကို ရည်ညွှန်းပြီး +1 မှာ ဂျာမနီနိုင်ငံကို ရည်ညွှန်းပေသည်။

ထိုသဘောတူညီချက်သည် ကမ္ဘာကြီးအား နျူကလိယလက်နက် ဘေးဆိုးကြီးမှ ကြိုတင်တားဆီးကာကွယ်ရာ ရောက်သည်ဟု အကောင်းဘက်မှ တွေးဆစရာဖြစ်ရလေသည်။ အဏုမြူလက်နက်များ ပိုင်ဆိုင်မှုအပေါ် အကြောင်းပြု၍ ကမ္ဘာကြီး ကတိမ်းကပါးမဖြစ်စေဖို့ ဘေးဆီးရန်ကာ လုပ်ဆောင်ခြင်းသည် ဓမ္မနည်းဖြစ်ပေမည်။ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ၏ စံနှုန်းများနှင့်အညီ နျူကလိယ သုတေသနစီမံကိန်းကို အီရန်လုပ်ကိုင်လာစေရန် အီရန်နှင့် P5+1 နိုင်ငံများ အပေးအယူအလျှော့အတင်း ပြုလုပ်နိုင်ခြင်းသည် သံတမန်ရေးနည်းလမ်းအရ အောင်ပွဲအဖြစ် ကျွန်ုပ်ရှုမြင်မိ၏။

နျူကလိယနည်းပညာကို ငြိမ်းချမ်းသော ရည်မှန်းချက်အတွက် အသုံးချနိုင်ရန် ကြိုးပမ်းခြင်းသည် ကမ္ဘာ့နိုင်ငံအားလုံးအတွက် အခွင့်အရေးဖြစ်သော်လည်း စစ်ရေးရည်မှန်းချက်အတွက် ကမ္ဘာ့နိုင်ငံများကို နှပ်ချခြင်းမပြုလုပ်သင့်သည်သာတည်း။

**အီရန်ပါလီမန်အတွင်းမှ အမာလိုင်းသမားများ**

အီရန်နှင့် အနောက်အုပ်စုအကြား သမိုင်းဝင် သဘောတူညီချက်ရရှိလာသည်အထိ အပေါင်းလက္ခဏာဆောင်သော အပြောင်းအလဲကို တွေ့မြင်ခဲ့ကြရသော်လည်း အီရန်ပါလီမန်အတွင်း အမာလိုင်းသမားများက အမေရိကန်၏ ပြုမူဆက်ဆံပုံများကို အခါမလပ်စောင့်ကြည့်ကာ ကြက်ခေါင်းဆိတ်မခံ ပြန်လည်တုံ့ပြန်တတ်ကြလေသည်။

မေ ၁၇ ရက်က အမတ်နေရာ ၂၉၀ ရှိ ပါလီမန်က ထောက်ခံမဲ ၁၇၄ မဲဖြင့် အတည်ပြုလိုက်သော ဥပဒေအရ အီရန်နိုင်ငံ ခံစားခဲ့ရသော "ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ရမှုများ"အတွက် အီရန်အစိုးရက အမေရိကန်ထံမှ နစ်နာကြေးတောင်းခံရန် ဖော်ပြထားလေရာ 'ထွန်ပေါ် ကြွက်လျှောက် ကြောင်မျက်စိနောက်' စရာအဖြစ်မျိုးပါတကားဟု ကျွန်ုပ်တွေးတောမိလေသည်။

အီရန်နိုင်ငံ၌ ၁၉၅၃ ခုနှစ်က ဝန်ကြီးချုပ်မိုဟာမက်မိုဆာဒက်ကို ဖြုတ်ချကာ စစ်ဘက်မှ အာဏာသိမ်းနိုင်ရန် စီအိုင်အေလှုပ်ရှားခဲ့မှု ဖြစ်စဉ်၊ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း အီရန်-အီရတ် စစ်ပွဲဖြစ်စဉ်တို့အတွင်း အမေရိကန်က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ထောက်ခံအားပေးခဲ့ခြင်း၊ ပင်လယ်ကွေ့ရှိ ရေနံတူးစင်များ ဖျက်ဆီးခံခဲ့ရခြင်း၊ နိုင်ငံတကာ ပိတ်ဆို့မှုအစီအစဉ်အရ ပြည်ပနိုင်ငံများရှိ အီရန် ငွေကြေးများကို သိမ်းယူခဲ့ခြင်း၊ အမေရိကန်၏ အချစ်ဆုံးမဟာမိတ်နိုင်ငံများတွင် ပါဝင်သော အစ္စရေးနိုင်ငံ၏ ဇီယွန်ဝါဒ အစိုးရအဖွဲ့က အီရန်အပေါ် ရန်သတ္တရုပြုသော လှုပ်ရှားမှုများ ပြုလုပ်ခဲ့ခြင်း စသည့် ဖြစ်စဉ်များကြောင့် အီရန်နိုင်ငံမှာ ကိုယ်ရောစိတ်ပါ ဖွတ်ဖွတ်ညက်ညက်ကြေခဲ့ရသည်ဟု အမာလိုင်းအမတ်များက ယူဆကြလေသည်။

အမေရိကန်ထံမှ နစ်နာကြေး မည်၍မည်မျှ တောင်းခံရမည်ကို ဥပဒေတွင် အတိအကျ ဖော်ပြထားခြင်းမရှိလင့်ကစား အီရန်တရားရုံးများက ဆုံးဖြတ်ခဲ့ပြီးဖြစ်သော နစ်နာကြေးသတ်မှတ်ချက်အရ အမေရိကန်က ဒေါ်လာ ဘီလီယံ ၅၀ တောင်းဆိုပိုင်ခွင့်ရှိသည်ဟု အီရန်ဒုတိယသမ္မတ မာဂျစ်အန်ဆာရီက ပြောကြားလေသည်။

လက်ဘန္ဓန်နိုင်ငံ ဘေရွတ်မြို့၌ ၁၉၈၃ ခုနှစ်က ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်တွင် အီရန်နိုင်ငံပါဝင်ပတ်သက်မှုရှိသည်ဟုဆိုကာ ထိန်းချုပ်ခံထားရသော အီရန်ပိုင် ငွေကြေးကို အသုံးပြု၍ ယင်းဖြစ်စဉ်တွင် သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များကို နစ်နာကြေး ဒေါ်လာ ၂ ဘီလီယံ ပေးလျော်စေရန် အမေရိကန်တရားရုံးချုပ်က ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့အပြီး တစ်လပင် မရှိသေးချိန်တွင် အီရန်ပါလီမန်က အမေရိကန်ထံမှ နစ်နာကြေးတောင်းဆိုရန် ဥပဒေကို အတည်ပြုခဲ့ခြင်းဖြစ်ပေတော့သည်။

၁၉၈၃ ခုနှစ် ဘေရွတ်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိပါဟု အစဉ်တစိုက်ငြင်းဆိုလာခဲ့သော အီရန်ခေါင်းဆောင်များမှာ အမေရိကန်တရားရုံးချုပ်၏ ယင်းဆုံးဖြတ်ချက်ကြောင့် ရာဇိန္ဒြေပျက်ခဲ့ရလေသည်။

ဤတွင်ရွေ့ကား အမေရိကန်နှင့် သမိုင်းအစဉ်အဆက် အဖုအထစ်ဖြစ်ခဲ့ရသော ဆက်ဆံရေးကို ပြင်ဆင်ရန် ကြိုးပမ်းနေသူ အီရန်သမ္မတ ဟာဆန်ရူဟာနီကိုယ်တိုင် အမေရိကန်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ 'ပျိုးခင်းကောင်းလျက် မြှောင်တောင်ဖျက်' လေပြီတကားဟု အောချခဲ့လေသည်။

နိုင်ငံတကာ ပိတ်ဆို့အရေးယူမှု အစီအစဉ်အရ ထိန်းချုပ်ခံထားရသော အီရန်ပိုင် ဓနဥစ္စာများကို အသုံးပြု၍ နစ်နာကြေးပေးရန် စီစဉ်ခြင်းသည် မိမိတို့နိုင်ငံအပေါ် အမေရိကန်၏ ရန်လိုမုန်းထား စိတ်ဓာတ်မဖျောက်နိုင်သေးပုံကို ထင်ဟပ်နေကြောင်း၊ ယင်းသို့လုပ်ဆောင်ခြင်းသည် သူတစ်ပါးပိုင်ပစ္စည်းဥစ္စာကို ပြောင်ပြောင်တင်းတင်း ခိုးယူရာရောက်ကြောင်း၊ ဥပဒေ၏ အသရေကိုလည်း ညှိုးနွမ်းစေကြောင်း သမ္မတရူဟာနီက စိတ်ပျက်လက်ပျက် ပြောခဲ့သည်။

အီရန်နိုင်ငံသည် နိုင်ငံတကာ ပိတ်ဆို့မှုအစီအစဉ်နှင့် ပတ်သက်၍လည်း ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။ အီရန်၏ အဏုမြူအစီအစဉ်နှင့် ပတ်သက်၍ တုံ့ပြန်သည့် အနေဖြင့် အမေရိကန်၊ ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂတို့က ပူးပေါင်းချမှတ်ခဲ့သော ပိတ်ဆို့မှုများကြောင့် အီရန်နိုင်ငံ၏ စီးပွားရေး ထော့နင်းထော့နင်းဖြစ်ခဲ့ရသည်ဆို၏။

သမိုင်းဝင် သဘောတူညီချက်အရ အီရန်အပေါ် ပိတ်ဆို့ထားမှုများ ဖယ်ရှားပေးရမည်ဖြစ်သော်လည်း ထိရောက်စွာ လုပ်ဆောင်ပေးခဲ့ခြင်းမရှိဟု အီရန်က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

ပိတ်ဆို့မှုများကို တစ်ဆင့်စီ ရုပ်သိမ်းနေပြီဟု အမေရိကန်က ဆိုသော်လည်း အမေရိကန်ဘဏ်များအား အီရန်နှင့် စီးပွားရေးအဆက်အဆံ မပြုလုပ်ရန် တားဖြစ်ပိတ်ပင်ထားဆဲဖြစ်သည်ဟု အီရန်အစိုးရက ဆိုလေသည်။

**ဆူးကြားမှ ဘူးခါး**

အီရန်က ယင်း၏ နျူကလိယစီမံကိန်းကို ထိန်းချုပ်ကန့်သတ်ပေးခြင်းဖြင့် စီးပွားရေးပိတ်ဆို့ထားမှု အဆုံးသတ်ပေးခြင်းသည် နှစ်ဦးနှစ်ဘက် အပေးအယူ အလျှော့အတင်း ပြုလုပ်နိုင်ခြင်း၏ သမိုင်းဝင် ပြယုဂ်အဖြစ် ရှုမြင်ခဲ့ကြရ၏။

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၌ စီးပွားရေးတောင့်တင်းခိုင်မာသည့်နိုင်ငံအဖြစ် ကြီးပွားလာရန် တာစူနေသောနိုင်ငံဖြစ်ပြီး သမ္မတရူဟာနီအနေဖြင့် အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနှင့် ပြန်လည်သင့်မြတ်ရေး မူဝါဒကို ကိုင်စွဲလာမည်ဆိုပါက အနာဂတ်ကာလတွင် နိုင်ငံတကာ ကုန်သွယ်မှုလုပ်ငန်းများမှတစ်ဆင့် နိုင်ငံ့စီးပွားရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ပေမည်။

သို့ရာတွင် အမေရိကန်က အီရန်အပေါ် ထားရှိသည့် မူဝါဒရပ်တည်ချက်မှာ အတိတ်သမိုင်းကြောင်းဖြစ်စဉ်များ၏ ရိုက်ခတ်မှုများမှ လုံးဝကင်းလွတ်နိုင်ခြင်းရှိနိုင်မည်မဟုတ်ပေ။

ခါးသီးသော အတိတ်သမိုင်းကြောင်းဖြစ်ရပ်များသည် နိုင်ငံတကာ ဆက်ဆံရေးအပေါ် အကျိုးသက်ရောက်စမြဲဖြစ်ပေရာ နှစ်ဦးနှစ်ဘက်အနေဖြင့် ဖြစ်ပေါ်လာနိုင်အံ့သော ကောင်းကျိုးဆိုးပြစ်များအပေါ် ချိန်ဆ၍သာ နိုင်ငံခြားရေးမူဝါဒကို ဖြောင့်ဖြောင့်တန်းတန်း ကျင့်သုံးအပ်သည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

နိုင်ငံတကာဥပဒေအရ နိုင်ငံများအချင်းချင်း အတန်းအစားခွဲခြားဆက်ဆံခြင်း မပြုအပ်သော်လည်း လက်တွေ့တွင် ဆူးနှင့်တူသော ရန်လိုသည့် မူဝါဒများကို ကိုင်စွဲတတ်ကြလေသည်။

ကမ္ဘာ့နိုင်ငံတို့သည် အပြန်အလှန် ယုံကြည်မှု တည်ဆောက်နိုင်ခြင်းမရှိသရွေ့ ဆူးကြားထဲမှ ဘူးခါးပမာ မလုံခြုံသည့် အနေအထားတွင် ရပ်တည်နေရမည်ဟု ကျွန်ုပ်တွေးမိရင်း "ဆူးကြားမှ ဘူးခါး" ဟု ကျူးရင့်မိပါသတည်း။ ။



အီရန်နိုင်ငံ အလယ်ပိုင်း အာရက်မြို့ရှိ ရေလေးဓာတ်ပေါင်းဖိုစက်ရုံ။ ဓာတ်ပုံ- အေပီ

# အမျိုးသမီးရေးရာအဖွဲ့မှ ကျေးလက်နေအမျိုးသမီးငယ်လေးများ အသိပညာတိုးပွားရေး စုပေါင်းစာဖတ်ဝိုင်းများ ဆောင်ရွက်

**မိုးကုတ် မေ ၂၁**

မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကျေးလက်နေအမျိုးသမီးငယ်လေးများ စာပေလေ့လာဖတ်ရှုသည့် အလေ့အထကောင်းများရရှိလာပြီး ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အသိပညာဗဟုသုတများ ရရှိတိုးပွားလာစေရေးအတွက် ကျေးလက်စုပေါင်းစာဖတ်ဝိုင်းအား ကျောက်ဆင်ကျေးရွာသို့ သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်စုပေါင်းစာဖတ်ဝိုင်းအား ကျောက်ဆင်ကျေးရွာ ဒေါ်မော်မော်ထွေး၏ မိသားစုနေအိမ်ရှေ့ကွက်လပ်၌ ကျင်းပခဲ့ရာ မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြင့်က စာပေဖတ်ရှုခြင်းဆိုင်ရာ သိကောင်းစရာများအား အသိပညာပေးပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျေးရွာနေလီဆူတိုင်းရင်းသူလေးများက ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဆိုင်ရာစာပေများ စုပေါင်းဖတ်ရှုခဲ့ကြပြီး ကဏ္ဍအလိုက် ခေါင်းစဉ်များဖြင့် အသိပညာဖလှယ်ဆွေးနွေးခဲ့ကြသည်။

မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် မြို့နယ်အတွင်းရှိ အမျိုးသမီးများဘဝ တိုးတက်မြင့်မားလာပြီး တစ်ဦးချင်းဝင်ငွေရရှိရေးအတွက် အခြေခံစက်ချုပ်သင်တန်းများ၊ ခေတ်မီစက်ချုပ်သင်တန်းများ၊ ပန်းအလှဆင်သင်တန်းများ၊ မုန့်ဖုတ်သင်တန်းများ၊ သစ်သီးအလှဆင်သင်တန်းများ၊ အာဟာရဖြစ် ချက်ပြုတ်နည်းသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနေသည့်အပြင် အသိပညာထွန်းကားလာရေးအတွက် စုပေါင်းစာဖတ်ဆွေးနွေးဝိုင်းများကိုလည်း ကျေးလက်ဒေသများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**နေဝါ(မိုးကုတ်)**

## စတုတ္ထအကြိမ်အဖြစ် တိုးမြှင့်ချေးငွေများ လွှဲပြောင်းပေးအပ်

**မိုးကောင်း မေ ၂၁**

China Exim Bank မှ စတုတ္ထအကြိမ်အဖြစ် မိုးကောင်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများအတွက် စိုက်ပျိုး၊ မွေးမြူရေးစရိတ်တိုးမြှင့်ချေးငွေများ လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ် မိုးကောင်းမြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးခိုင်က ချေးငွေလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးစီးအရာရှိ ဦးမျိုးခိုင်က မြို့နယ်အတွင်းရှိ သမဝါယမအသင်းလီမိတက် ၂၉ သင်းမှ အသင်းသား ၁၉၄၅ ဦးတို့အတွက် ချေးငွေစုစုပေါင်းငွေကျပ် ၃၃၆၆ သိန်းကို မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးထွန်းအောင်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၉၉)**

## မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

**ကျောက်တံခါး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့တွင် မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ ဈေးဆိုင်များ သတ်မှတ်စည်းကမ်းနှင့်အညီ တည်ခင်းရောင်းချနိုင်ရေးအတွက် မေ ၂၀ ရက် နံနက် ၈ နာရီက ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲယာတစ်လျှောက် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့စုပေါင်းဆောင်ရွက်ရာ၌ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်မြေစာရင်းရုံးမှ ဝန်ထမ်းများ၊ မြို့မစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ် ၅ ရပ်ကွက်မှ မြို့မိမြို့ဖများက ပြည်သူများအား ဒုတိယအကြိမ် အသိပညာပေးစည်းရုံးကာ မြို့သန့်ရှင်းသာယာလှပရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**လွိုင်ကော် မေ ၂၁**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကယားပြည်နယ်ရုံး(လွိုင်ကော်)က ပြည်နယ်အတွင်းရှိ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ကျယ်ပြန့်စွာ သိရှိနားလည်နိုင်စေရန်ရည်ရွယ်ပြီး ရက် ၁၀၀ စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဒေါ်မျိုးမျိုးဟတ်(ဒုဦးစီးမှူး)၊ ဦးဇော်ကိုကိုဖေ (စစ်ဆေးရေးမှူး-၂)နှင့် အမှတ်(၂)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(ကယား) အမှတ်(၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းသွင်ဦးတို့သည် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ ရုံးလုပ်ငန်းဆိုင်ရာ သိကောင်းစရာများ၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေများ၊ ပြစ်မှု ပြစ်ဒဏ်များနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကိစ္စများကို အသိပညာပေးဟောပြော၍ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်းသိရသည်။

**လွိုင်ကော်ခရိုင်ပြန်/ဆက်**

## ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား လွိုင်ကော်တွင်ကျင်းပ

**လွိုင်ကော် မေ ၂၁**

ကယားပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၀ ရက် နံနက် ၉ နာရီက ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ငွေးက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်များက ၁၁-၁၀-၂၀၁၅ ရက်တွင် ဖြစ်ပွားခဲ့သည့် ဖားဆောင်းမြို့နယ် မော်ချီးဒေသ မြေပြိုမှုများတွင် ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ပေးမှုများကိုလည်းကောင်း၊ ၂၇-၄-၂၀၁၆ ရက်မှ ၂၆-၅-၂၀၁၆ ရက်အထိ ကယားပြည်နယ် ကြက်ခြေနီစေတနာလုပ်အားရှင် ၁၀ ဦးသည် ရခိုင်ပြည်နယ်တွင် ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်အတွက် သွားရောက်တာဝန်ထမ်းဆောင်နေမှုကိုလည်းကောင်း၊ ၎င်းအပြင် ၃၀-၄-၂၀၁၆ ရက်တွင် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်တို့တွင် ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုများတွင်လည်း ကူညီထောက်ပံ့မှုများကို ပြည်နယ်အစိုးရအဖွဲ့၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်ကို သိရှိရသည့်အတွက် ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား ကယားပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ရင်က မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေထံမှပေးပို့သော သဝဏ်လွှာအားဖတ်ကြား၍ ထူးချွန်ကြက်ခြေနီနှင့် ထူးချွန်ဆုရရှိသူများကို ပြည်နယ်ဝန်ကြီး ဒေါက်တာအောင်ကျော်ငွေးနှင့် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **လွိုင်ကော်ခရိုင်(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲမြို့နယ်တွင် မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**ဆင်ပေါင်ဝဲ မေ ၂၁**

ဆင်ပေါင်ဝဲမြို့နယ်အတွင်း မေ ၁၉ ရက် ညနေ ၅နာရီခွဲခန့်က မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် ဇီးဖြူကုန်းကျေးရွာတွင် လူနေအိမ်လေးလုံး အမိုးလန်မှုဖြစ်ပွားခဲ့သည်။

ဆင်ပေါင်ဝဲမြို့ အမှတ်(၁) ရပ်ကွက်တွင်လည်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကမ်းနားလမ်းရှိ ညောင်ပင်မှသစ်ကိုင်းသည် အနီးရှိ ဒေါ်လှသန်း၏ နေအိမ်ပေါ်သို့ ကျိုးကျခဲ့သည်။

မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ငါးလုံး ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **မျိုးမျိုး(ဆင်ပေါင်ဝဲ)**

## မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ဖြူ မေ ၂၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးကော်မတီက မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများသို့ ဆောင်ရွက်ပေးလျက်ရှိသည်။

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် ရွှန်နူမုန်တိုင်းသည် လိမ္မော်ရောင် အဆင့်ထိ ရောက်ရှိနေပြီး မြန်မာနိုင်ငံရှိ ရခိုင်ပြည်နယ်၊ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့သည် မုန်တိုင်းအဝန်းအဝိုင်းတွင်ရောက်ရှိနိုင်ပြီး အဆိုပါဒေသများတွင် နေရာကွက်ပြီးမိုးကြီးခြင်း ၊ မြစ်များ၊ ချောင်းများတွင်ရေကြီးခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ တစ်နာရီလျှင် လေတိုက်နှုန်း မိုင် ၆၀ မှ မိုင် ၈၀ အထိ တိုက်ခတ်နိုင်ကြောင်းသိရသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာချက်များနှင့်အညီ မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီက ရပ်ကွက်၊ ကျေးရွာများတွင် မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်၍ သတင်းဌာနများ၊ရေဒီယို FM များမှ ထုတ်လွှင့်ပေးနေသည့် မုန်တိုင်းအသိပေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်ညွှန်ကြားထားသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြို့နယ်လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကလည်း လေပြင်းများကျရောက်လာပါက ဖြစ်ပွားနိုင်သည့်လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပေးကြေညာခြင်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး နံရံကပ်ပိုစတာများဖြင့်ကြေညာထားသည်။ **စိုးလင်းနိုင် (ပြန်/ဆက်)**

## ၂၀၁၆ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ စတင်ထုတ်ချေး

**ရေနံချောင်း မေ ၂၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြို့နယ်ဘဏ်ခွဲ) မှ ၂၀၁၆ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကျပ်သိန်း ၉၀၀၀ ခန့်ကို ရေနံချောင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၅ အုပ်စုရှိ တောင်သူပေါင်း ၆၃၈၂ ဦးခန့်သို့ ထုတ်ချေးရန်လျာထားလျက်ရှိကြောင်းနှင့် မေ ၁၇ ရက်က ကျေးရွာအုပ်စု သုံးအုပ်စုရှိ တောင်သူပေါင်း ၄၃၉ ဦးထံသို့ သီးနှံအမျိုးအစားအလိုက် သတ်မှတ်ထားရှိသည့် ငွေချေးနှုန်းများအတိုင်း ချေးငွေကျပ် ၅၄၉ ဒသမ ၂၀ သိန်းအား စတင်ထုတ်ချေးပေးခဲ့သည်။

သတ်မှတ်ထားရှိသည့် ချေးငွေနှုန်းများမှာ စပါးတစ်ဧကလျှင် ၁၅၀၀၀၀ ကျပ်နှုန်း၊ အခြားသီးနှံများမှာ တစ်ဧကလျှင် ၂၀၀၀၀ ကျပ်နှုန်းဖြစ်၍ အတိုးနှုန်းအနေဖြင့် ငွေကျပ် ၁၀၀ လျှင် တစ်နှစ် ရှစ်ရာခိုင်နှုန်း (ငွေကျပ် ၁၀၀ လျှင် တစ်လ သုည ဒသမ ၆၇ ပြားနှုန်း) အတိုးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရေနံချောင်းမြို့နယ်ဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

## မုဒုံမြို့ အခွန်ကျေးရွာတွင် မြေသားရေကန်ပြုပြင်ရန် ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် မေ ၂၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်နှင့် မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင်နှင့် အဖွဲ့သည် မေ ၁၂ ရက်တွင် မုဒုံမြို့နယ် အခွန်ကျေးရွာ၏ သောက်သုံးရေသုံးစွဲနေမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ကြပြီး ကျေးရွာရှိ ပေ (၂၀၀×၆၀၀×၈) ရှိသော မြေသားရေကန်အား ပြုပြင်ရန်လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ မြေသားရေကန်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွဲဝေချထားငွေအရ ငွေကျပ် သိန်း ၁၂၀ အကုန်အကျခံကာ ဆောင်ရွက်သွားမည်ဖြစ်သည်။ **(ကြေးမုံ)**

Prestige Automobiles
bmwmyanmar.com

Sheer Driving Pleasure

# ကျေးဇူးတင်လွှာ

မေလ(၁၂)ရက်မှ (၁၅) ရက်နေ့အထိ Myanmar Event Park တွင် အောင်မြင်စွာ ကျင်းပခဲ့သည့် **The First-Ever BMW Expo 2016** သို့ တစ်ခဲနက် လာရောက် ကြည့်ရှု အားပေးခဲ့ကြသော မိတ်ဆွေများအားလုံးကို Prestige Automobiles မိသားစုမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။




THE NEXT 100 YEARS

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.

Join BMW Myanmar
www.facebook.com/BMWPAC

## သီတဂူဆရာတော်ကြီး၏ သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဇွန်လ၊ ၄၊၅ (၆၂)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇွန်လ (၄-၅)ရက်များတွင် ၆၂-ကြိမ်မြောက် ဦးရေ (၇၇၃၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကုန်။ (ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေး၊ သံလမ်းအနီး)ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေတိုက်ကမ္ဘောဇဘဏ် - အရှင်စေမာသိရိလက်ခံရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။




**အာရှနဂါး**
**Asia Dragon** ကျိုက်ထီးရိုး
Ph: 01 707062, 09 799100100
01 703790, 09 797100100

### အမည်ပြောင်း

ဦးလှမိုး-ဒေါ်စန်းစန်းဦးတို့၏ သမီး၊ ပြည်မြို့ အထက(၁)ပဉ္စမတန်း (G)အောင် မသိမ့်သိမ့်အောင်အား ယနေ့မှစ၍ "မဆုလှိုင်ထက်"ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုလှိုင်ထက်**

**ဗုဒ္ဓပိုင်ဘား** ထူးထူးခြားခြားဒါနခရီးစဉ်များ
... 35000 ...
... 15000 ...
Ph:09425334456,0949323965,0949578205




### ဈေးနှုန်းချိုသာစွာညှိနှိုင်းဈေးဖြင့်စက်မှုဇုန် မြေနှင့်တိုက် (ရေ၊ မီး)စုံ ဦးရာလှူ (အမြန်ရောင်းမည်)

တောင်ဒဂုံစက်မှုဇုန်(၂)၊ ၆၃ ရပ်ကွက်၊ လုပ်ငန်းမျိုးစုံလုပ်ကိုင်နိုင်သည်။ စက်မှုပတ်လမ်းမပေါ် မြေအကျယ် ပေ(၈၀×၇၀)၊ RC ပေ (၄၀×၆၀)၊ ၃ ထပ်၊ ရေမီးစုံ၊ ပါဝါမီတာ (၄၁×၂)လုံး၊ အိမ်မီတာ(၂)လုံး၊ လိုင်းဖုန်း ၃ လုံး၊ ယခင်သိန်းတစ်သောင်း၊ ယခုသိန်းခုနစ်ထောင် (၇၀၀၀)၊ ညှိနှိုင်းဈေးနှင့် အမြန်ရောင်းမည်။

**ဖုန်း-၀၉၇၈၅၅၀၃၅၉၈၊ ၀၉၅၅၀၃၅၉၈၊ ၀၉၅၁၃၃၁၁၉**

### ရောင်းမည်

စမ်းချောင်း၊ ရွှေလဝင်းလမ်း၊ 18½' x 50'၊ 2F၊ ညာဘက်ခြမ်း၊ Liftပါ၊ 1MBR, 1BR၊ တိုက်သစ်၊ ပါကေးခင်းပြီး၊ ပြင်ဆင်ပြီး၊ နေရာကောင်းသည်။

**သိန်း ၁၆၀၀**
**Ph:09-420222278**

## ပိုင်ရှင်ကိုယ်တိုင် လယ်မြေရောင်းမည်

- ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကုလားဝဲတံတား ၆လမ်းသွား လမ်းမကြီးမေးတင်၊ မိုင်တိုင်(၄)မိုင် (၆)ဖာလုံအနီး၊ စုစုပေါင်း လယ်မြေ (၄၇.၇၃)ဧက၊ မျက်နှာစာ ပေ(၆၀၀)ရှိအနက်ထဲမှ (၅)ဧက လန့်(၃၀)ရရှိပြီး (မျက်နှာပွင့်) ပေ (၃၆၀)နှင့် ကျန်လယ်မြေ (၄၂.၇၃)ဧက များကိုရောင်းမည်။
- ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ခရမ်းသုံးခွ၊ လမ်းမကြီးမေးတင်၊ သူဌေးကွင်း ကျေးရွာအနီး၊ လယ်မြေ(၁၃.၀၅)ဧက၊ (မျက်နှာပွင့်ပေ ၁၁၀၀) ရောင်းမည်။

**အသေးစိတ်သိရှိလိုပါက**

အမှန်တကယ်စိတ်ဝင်စားသူများနှင့် အဆက်အသွယ်ရှိသူများသာ စုံစမ်းမေးမြန်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပိုင်ရှင်ကိုယ်စား **Manager**ဦးကျော်ကျော်
**Ph: 09-963647799, 09-73040355**

### မြေကွက်ရောင်းမည်

ပုသိမ် - ချောင်းသာ ကားလမ်းမဘေးနှင့် ရွာအဝင်လမ်းမဘေး၊ ထောင့်ကွက်၊ မိုင်တိုင် ၆ မိုင်၊ ၅ ဖာလုံ၊ မြေဧက - ၁.၈၄ ဧက (အရှပ်အရှင်းကင်း) ၁ ဧက - ၁၇၅ သိန်း (ညှိနှိုင်း)

**Ph: 09-977621584, 09-263185211**

### ရိပ်သာလုပ်ရန်သင့်တော်သည့် မြေကွက်-ဈေးသက်သာသည့် နှုန်းဖြင့်ရောင်းမည်

တိတ်ဆိတ်အေးချမ်းသာယာပြီး ဘုရားကျောင်းကန်ကြား-ရိပ်သာလုပ်ရန် သင့်တော်သည့် မြေကွက်ရောင်းမည်။

**ရုံးချိန်အတွင်းဆက်သွယ်ရန်**
**ဖုန်း-၀၁-၅၃၅၃၈၆၊ ၀၉-၄၅၃၇၆၄၉၉၄**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုနန္ဒာလမ်းမ၊ မြေကွက်အမှတ်(၈၇)မြေပေါ်ရှိ ပေ(၃၈×၅၈) မြေကွက်အား ဦးကံညွန့်[၁၂/ဥကမ(နိုင်)၁၄၀၇၄၆]မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာလုံလောက်သော စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမောင်မောင်စိုး** | **ဦးမောင်မောင်စော** | **ဒေါ်ဝါဝါဝင်းသစ်** |
| **(စဉ်-၂၂၈၉)** | **(စဉ်-၇၀၇၂)** | **(စဉ်-၇၁၇၈)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၈၃/၁၀)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ပွဲးပွဲးနဂါးအိမ်ခြံမြေ

(1) အလုံအောင်ဧကရီအိမ်ရာတိုက်ခန်းအငှား 3-ထွာကုမ္ပဏီရုံးခန်း ဆိုင်းဘုတ်ကြီးကြီးတင်နိုင်သည် USD 700
(2) ဘုရင့်နောင်ရေဆေး နှင့် အဝိုကြိုင်းလမ်း ဒေါင့်ကွက် 35'×70' သိန်း-9500
(3) ဒဂုံဈေးအစေးမြောက်မြေကွက် 40'-60' သိန်း-3200
(4) နဝဒေး SHOP HOUSE နှစ်ထပ် 15'-70'တန် သိန်း- 2200
(5) ... သိန်း-1200
(6) မြဝတီ မြို့အဝင် ... SHOP HOUSE 15'-50' သိန်း-1600
(7) ရွှေပြည်သာတိုက်ခန်းမြေညီ 15'-50' သိန်း- 800
(8) ... 130000, ... 70000
(9) ... 11 - သိန်း
(10) ... 30'-80' ... သိန်း-60

09 262 648 583/SMS ... 09 790 900 248

### မြေညီထပ်ရောင်းမည်

အကျယ်အဝန်း(၁၅'×၅၀')၊ အမြင့်၁၄' ကြန် တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း- ၀၉ ၄၂၈၃၂၈၇၄၅
၀၉ ၂၅၀၄၂၈၃၆၇

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

# ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**ရန်ကုန် မေ ၂၁**

ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံ ကဆုန်လပြည့် (ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်သည်။ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဉပုသ်သီတင်းသီလ ဆောက်တည်ကြပြီး ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း တွေ့ရသည်။

ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း ဆိုသည်နှင့်အညီ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံသောနေ့ဟူသည့် ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံသောကြောင့် ဤနေ့ကို ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖြစ်သော နေ့ထူးနေ့မြတ်ကို အာရုံပြု၍ ကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ဗောဓိပင်သည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူရာ ဌာနဖြစ်ခြင်းကြောင့် ဖွားဖက်တော်ခုနစ်ပါးတွင် စာရင်းဝင်သည့် ထူးခြားသောသစ်ပင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်၌ ဘုရားဖူးလာသူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)




မေ ၂၁ ရက် ညပိုင်း ၉ နာရီခွဲအချိန် မိုးလေဝသဂြိုဟ်တုမှ ဖမ်းယူရရှိသော ဆိုင်ကလုန်းမုန်တိုင်း "ရွှန်နူ" ကို ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-မိုး/ဇလ)

# မြန်မာနိုင်ငံအတွင်းဝင်ရောက်လာသည့် ဆိုင်ကလုန်းမုန်တိုင်း "ရွှန်နူ" မေ ၂၁ ရက် ညပိုင်းတွင် အညိုရောင်အဆင့်သို့ရောက်ရှိ

**နေပြည်တော် မေ ၂၁**

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းမှတစ်ဆင့် မြန်မာနိုင်ငံ ချင်းပြည်နယ်အတွင်းသို့ ရွေ့လျားလာသည့် ဆိုင်ကလုန်းမုန်တိုင်း"ရွှန်နူ"သည် မေ ၂၁ ရက်ညပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စစ်တကောင်းမြို့အနီးမှ ဖြတ်ကာ မြန်မာနိုင်ငံအတွင်းသို့ မုန်တိုင်းငယ်တစ်ခုအဖြစ် ဝင်ရောက်လာခဲ့ပြီး အညိုရောင်အဆင့်သို့ ရောက်ရှိလာခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းအဝန်းအဝိုင်းသည် မြန်မာနိုင်ငံမြောက်ပိုင်းအား သက်ရောက်မှုရှိခဲ့သည့်အတွက် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့မှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အထိ ဆက်လက်ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားပြီး လက်ရှိတွင် မုန်တိုင်းကို အညိုရောင်အဆင့်ဟု သတ်မှတ်ကာ မုန်တိုင်းသတင်းများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်အမျှ ထုတ်ပြန်ပေးနေသည်။

"လက်ရှိအခြေအနေကိုတော့ မုန်တိုင်းကို အညိုရောင်အဆင့်ဆိုပြီး သတ်မှတ်ထားပါတယ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**




